
www.burmeseclassic.com




# မိုးစက်ဝိုင်

## သူ့နာမည် ကမ်းခြေမှာရေးထားတယ်

www.burmeseclassic.com

www.burmeseclassic.com

# မိုးစက်ပိုင်

# သူ့နာမည် ကမ်းခြေမှာရေးထားတယ်


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)
အမှတ်(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးနိုင်နိုင်အောင် (၀၀၃၂၄) (ရတနာဝင်းပုံနှိပ်တိုက်)
အမှတ် (၁၉)၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ကွန်ပျူတာစာစီ - ပြည့်ဖြိုး

အတွင်းဖလင် - ကိုကြီးပေါက် (၀၉-၄၂၀၂၄၃၃၂၇)

မျက်နှာဖုံးဒီဇိုင်း - ရဲလေး

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၆၊ ဖေဖော်ဝါရီလ။

အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၅၀၀ ကျပ်

ဖြန့်ချိရေး - ခုနစ်စဉ်ကြယ်စာပေ
အမှတ် ၁၈၂ (B)၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၃၅၈

၈၉၅ .၈၃
မိုးစက်ပိုင်
သူ့နာမည် ကမ်းခြေမှာ ရေးထားတယ်/မိုးစက်ပိုင်။ - ရန်ကုန်၊
ခုနစ်စဉ်ကြယ်စာပေ ၊ ၂၀၁၆။
၁၄၈ - စာ ၊ ၁၃ × ၂၀ စင်တီ။
(၁) သူ့နာမည် ကမ်းခြေမှာ ရေးထားတယ်


www.burmeseclassic.com

www.burmeseclassic.com

## အမှာစကား

ဒီဝတ္ထုဟာလည်း ကျွန်တော် တခြားကလောင်နာမည်နဲ့ ထုတ်ဝေဖူးခဲ့တဲ့ ဝတ္ထုတစ်ပုဒ်ပါ။ မဖတ်ရသေးတဲ့ ကျွန်တော့်ပရိသတ်တွေကို ဖတ်စေချင်တဲ့စိတ်နဲ့ ပြန်လည်ပြင်ဆင်မွမ်းမံပြီး၊ ပြန်ထုတ်ဝေလိုက်ပါတယ်။

ပရိသတ်ကို အစဉ်လေးစားလျက်
ကျွန်တော်
မိုးစက်ဝိုင်း

www.burmeseclassic.com

www.burmeseclassic.com

ဟိုး အဝေးက မြို့ငယ်ငယ်လေးသို့...

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

အဝါစင်စင် အလင်းတန်းများ ကောင်းကင်ဆီမှ သာသာဖြည်းဖြည်း စီးကျနေသည့် မနက်ခင်းလေးတစ်ခုမှာ ဖြစ်သည်။ နွေရာသီဖြစ်သော်လည်း အပူရှိန်က သိသိသာသာ မပြင်းသေး။ လမ်းဘေးဝဲယာတွင် နွေရာသီကို ဘာသာပြန်ထားသော ရွက်ကြွေခြောက်ကလေးများအား တစ်စုတစ်စ တွေ့နေရသေး၏။

ထိုသို့သော မနက်ခင်းမှာ ခင်မောင်ဇော်တစ်ယောက် ခုနစ်စဥ်ကြယ်စာပေသို့ လျှောက်လာခဲ့သည်။ ခုနစ်စဥ်ကြယ်စာပေဆို၍ စာအုပ်အငှားဆိုင်မဟုတ်ပါ။ စာအုပ်ထုတ်ဝေရေးလုပ်သည့်နေရာဖြစ်၏။ ထုတ်ဝေရေးဟုဆို၍ စာအုပ်တွေထုတ်ပြီး အလကားမတ်တင်း ဝေနေခြင်းတော့ မဟုတ်။ အမြတ်နှင့် ရောင်းစားကြပါသည်။ ထားပါတော့၊ ဒါက ကိုယ်နှင့်လည်း မဆိုင်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့လည်း ယတိပြတ်ပြော၍ မရသေး။ ခင်မောင်ဇော်က စားရေး ဆရာဆိုတော့ စာပေတိုက်နှင့်ပတ်သက်နေသေးသည်လေ။ ခုနစ်စဉ်ကြယ် စာပေနှင့်ခင်မောင်ဇော်က စာချုပ်ချုပ်ထား၏။ ခုလည်း ထုတ်ဝေသူ ဦးအောင် စိုးက သူ့အပ်ထားသည့် စာအုပ်သုံးအုပ်အတွက် စာမူခ သိန်းသုံးရာ လာယူပါ ဆို၍ ရောက်လာခြင်းမဟုတ်ချေ။ ထိုကဲ့သို့ဆိုလျှင်ကောင်းမည်ဟု ခင်မောင် ဇော် တစ်ဖက်သတ်တွေးမိခြင်း ဖြစ်၏။ ဦးအောင်စိုးသာ ထိုအတွေးကို သိ ပါက နှလုံးရပ်နေလောက်ပြီ။ (ရင်ဘတ်ထဲက နှလုံးအား ရည်ညွှန်းပါသည်)

ခုတော့ မရပ်သေးသောနှလုံးကြီးနှင့် ဦးအောင်စိုးက ရှိနေ၏။ အလုပ်မလုပ်ဘဲ စာအုပ်တိုက်ထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေပါ သည်။ ခင်မောင်ဇော် တက်လာတာကို မြင်တော့မှ ရပ်သွား၏။ မဟုတ်လျှင် ဘယ်အချိန်ထိ ဆက်လျှောက်နေဦးမည်မသိ။

ဦးအောင်စိုးက ထုတ်ဝေသူတစ်ယောက်၏အပြုံးဖြင့် သူ့လက်ထဲမှာ စာမူပါ,မပါကို မသိမသာ အကဲခတ်သေးသည်။ ပြီးမှ မပါလာကြောင်း သိ သာသွားမှ။

"လာကွာ ခင်မောင်ဇော် ... ငါလည်း တော်တော်စိတ်ညစ်နေ တယ်"

"ဗျာ ... ဘာဖြစ်လို့လဲဗျ။ ကျွန်တော့်စာမူ မပြီးသေးလို့လား။ ဦးဆီမှာ မထွက်ရသေးတာ နှစ်အုပ်တောင်ကျန်သေးတယ်လေဗျာ"

"ဟာ ... မဟုတ်ပါဘူး ခင်မောင်ဇော်ရာ။ ဟိုကောင် ကြည်မိုးမြင့် ... ဒီနေ့ စာအုပ်ဖြန့်ရမှာကို သိလျက်သားနဲ့ ခုထိ ရောက်မလာသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

ခုမှ ဦးအောင်စိုး ဖင်ကြားခဲ့သည်သလို ထိုင်မရ ထမရ ဖြစ်နေခြင်းအား သဘောပေါက်သွားပေါ့။ ဦးအောင်စိုးနှင့်ကိုကြင်စိန်က သူငယ်ချင်းတွေ။ ဒီခုနှစ်စဉ်ကြယ်စာပေက သူတို့နှစ်ယောက်ပိုင် ဖြစ်သည်။ ကိုကြင်စိန် (ကမန်းကတန်း) ကလည်း အလုပ်အများသား။ စာအုပ်လုပ်ငန်းအပြင် ရည်းစားရွေးမြူရေးလုပ်ငန်းက ရှိသေးသည်မို့ သူ့ရည်းစားများနှင့် အမြဲလုံးထွေးနေတတ်သည်။ ဦးအောင်စိုးလို ခပ်ရိုးရိုး ခပ်အေးအေးသမားကြီးနှင့် ဘယ်လိုသူငယ်ချင်းတွေဖြစ်ပြီး ခုလိုအကျိုးတူပူးပေါင်းဆောင်ရွက်နေကြသည်မသိ။ စာအုပ်တန်းမှာ ဦးအောင်စိုးကိုပဲ အမြဲတွေ့ရသည်။ ဘယ်ချိန်တွေ့တွေ့ ချွေးသံတလုံးလုံးနှင့်။

အရင်ကတော့ သူတို့စာအုပ်တိုက်မှာ တာတီးဆိုသည့် အလုပ်သမားလေးတစ်ယောက် ရှိသေးသည်။ တာတီးက မိန်းမရပြီး အလုပ်က ထွက်သွားပေါ့။ ခုတော့ တာတီးက ယောက္ခမဘက်က အမွေများရပြီး သူတို့ထက်ပင် ချမ်းသာသွားပြီ။ တစ်နေ့ကပင် စာအုပ်တိုက်ကို လင်ခရွဲဇာကားကြီးနှင့် ရောက်လာပြီး ငွေရေး ကြေးရေး လိုအပ်လျှင် ပြောပါဟု ခင်မောင်ဇော်ရှေ့မှာ ပြောသွားသေးပေါ့။

ထိုသို့ပြောရခြင်းမှာ သူတို့နှစ်ယောက်သည် ပိုင်ရှင်လည်းကိုယ် အလုပ်သမားလည်းကိုယ် ဖြစ်နေသောကြောင့်ပင်။ ငွေရေး ကြေးရေး ယုံကြည်ရမည့် အလုပ်သမားက ရှာမရသေး။ ဒီကြားထဲ ကိုကြင်စိန်က ဝီဝီကိစ္စတွေ များနေသည်မို့ ဦးအောင်စိုး စိတ်ညစ်နေခြင်းဖြစ်သည်။ ခုလည်း



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဇော်ကို ရှေ့မှာထားပြီး တဖျစ်တောက်တောက်နှင့် လာပွားနေ၏။

"မင်း စဉ်းစားကြည့်လေ . . . စာအုပ်ကလည်း ဒီနေ့ထွက်မယ်လို့ ကြော်ငြာထားတာ၊ မထွက်လို့မဖြစ်ဘူး။ မထွက်ဖြစ်ရင် စာရေးဆရာမက ဖါ့ကို လာညှောင့်ဦးမယ်။ ပြီးတော့ . . . ဒီနေ့ ပန်းချီဆရာဆီမှာ အဖုံးသွားယူရမယ်။ ညနေပိုက်ဆံလိုက်သိမ်းရမယ့်ကိစ္စတွေ၊ ဟူး . . . ငါ တစ်ယောက်တည်း သုံးကိုယ်လောက်ခွဲမှ ရတော့မယ်"

စီးပွားပျက်တော့မည့် ခိုတစ်ကောင်ကဲ့သို့ ဦးအောင်စိုးက စိတ်ပျက်လက်ပျက် ညည်းလေသည်။ ခင်မောင်ဇော် စဉ်းစားရတော့၏။ သူ့အတွက်တော့ မဟုတ်ချေ။ ကိုယ့်လာရင်းကိစ္စကို စဉ်းစားနေခြင်းဖြစ်သည်။ မပြောလို့မှ မဖြစ်သည်ပဲ။

"ဦး . . . ကျွန်တော် ဦးတို့နဲ့ ညှိစရာလေးရှိလို့ဗျ"

"ဟေ"

ဦးအောင်စိုး မျက်ခုံးနှစ်ဖက်လုံး မြင့်တက်သွား၏။ စာမူခ တိုးတောင်းတော့မည်ဟု ထင်သွားလားမသိချေ။ ပြူးကြောင်ကြောင်ကြည့်ပြီး–

"မင်းက ဘာတွေ ညှိချင်သေးလို့လဲ၊ စာအုပ်ကိစ္စလား"

"အဲဒီလိုပဲ ပြောရတော့မှာပဲဗျ"

"ဒါဆိုလည်း ခဏလေးကွာ"

ပြောရင်း ဖုန်းထုတ်ကာ ဆက်နေပြန်သည်။ ပြီး . . . ခေါင်းငြိမ့်၏။ လူကြီးမင်းနှင့် တိုးသွားသည့်ပုံစံ။ ခင်မောင်ဇော်လည်း စောင့်နေလိုက်ပါသည်။ ထုတ်ဝေသူကိုတော့ သည်းခံရပေမည်။ ငွေကိုး။



www.burmeseclassic.com

www.burmeseclassic.com



ခဏဟုဆိုခဲ့သည့်အတိုင်း ခဏကြာမှ –

"ခင်မောင်ဖော် ... စောင့်လက်စနဲ့ စောင့်ဦးကွာ။ ပြီးမှ အေးအေးဆေးဆေး စကားပြောကြမယ်။ ဒီစာအုပ်တွေ ဆိုင်လိုက်ပို့ဖို့ ဒီ အလုပ်သမား သွားခေါ်လိုက်ဦးမယ်။ ပလိ(စ်) ... ပလိ(စ်)"

ကျေးဇူးနှစ်ခါတင်ပြီး ပြာတာတာနှင့် ထွက်သွားပြန်၏။ ခင်မောင်ဖော် ကျန်ခဲ့ရပြန်သည်။ ကိစ္စမရှိပါ။ နီးရာစာအုပ်တစ်အုပ်ကိုဆွဲပြီး လှန်လှော ကြည့်နေလိုက်၏။ ဆရာလင်းညို့သွေး၏ထူးခြားဆန်းကြယ်ဝတ္ထုဟု ကြော်ငြာထားသော စာအုပ်ဖြစ်သည်။ ဖတ်ရင်း ပထမတစ်ခန်းမဆုံးမီမှာပင် ထူးခြားလာတော့သည်။

စာအုပ်နှင့်တော့ မဆိုင်။ မနေ့က ဖက်သားတုတ်ထိုးတွေ နင်းကန် စားခဲ့မိသည်။ တုတ်ထိုးက တန်ခိုးပြလေပြီ။ ဘယ်လိုမှ အောင့်အီးသည်းခံ၍ မရတော့။ အိမ်သာကိုမေးပြီး ဝက်သားတုတ်ထိုး၏နောက်ဘဝသစ်ကို ပြန်လည်မွေးဖွားပေးလိုက်ရတော့သည်။

ပေါ့ပေါ့ပါးပါး ပြန်ထွက်လာတော့ ဦးအောင်စိုးက ပြန်ရောက်နေပြီ။ သူခေါ်လာသော အလုပ်သမားလေး ညွန့်အောင်ကို ပေါက်ပေါက်တွေ ဖောက် နေ၏။ ထိုအလုပ်သမားလေး ညွန့်အောင်ခမျာမှာလည်း ခေါင်းအကြိမ် နှစ်ဆယ်လောက် ညိတ်ပြီးမှ စာအုပ်တွေသယ်ကာ သွားခွင့်ရရှာသည်။

သူ့ကိစ္စ ကိုယ့်ကိစ္စ အားလုံးပြီးစီးသွားတော့ –

"ကဲ ... ဆို ဆရာ"

ခင်မောင်ဖော်ကိစ္စကို ပြောခိုင်းခြင်းဖြစ်သည်။ မေးခိုက ရိုတိတိ



www.burmeseclassic.com

www.burmeseclassic.com



နှင့်။ ရပါသည်။ ထိထိမိမိ ပြောလိုက်တော့သည်။

"ကိစ္စကတော့ ကျွန်တော် နယ်ကို ခဏပြန်ချင်လို့ဗျ။ ကမ်းခြေ မရောက်တာလည်း ကြာပြီလေ။ အေးအေးလူလူ အပန်းဖြေရင်း ခရီးထွက်မလို့ လာပြောတာ"

"ခုနက မင်းပြောတော့ စာအုပ်ကိစ္စ ညှိမလို့ဆို"

"အင်း ... ကျွန်တော်က ဟိုမှာ စိတ်ပြေလက်ပျောက် ပျော်သလောက်နေမှာဆိုတော့ ကျွန်တော့်စာအုပ်တွေကို နည်းနည်း လ,ပိုခြားပြီး ထွက်ထားပေးဖို့ပါ"

"မင်းက ဘယ်လောက်တောင် ကြာမှာမို့လို့လဲ"

"စိတ်ပြေလက်ပျောက်ဆိုမှတော့ဗျာ၊ ဘယ်လောက်ကြာမယ် ဘယ်ပြောလို့ရမလဲ"

နဖူးကြောကြီးများ ထလာသည်အထိ ဦးအောင်စိုးက စဉ်းစားနေသည်။ ဘာတွေကြိုစည်နေသည်လဲ မပြောတတ်။

ခဏနေတော့မှ ခင်မောင်ဖော်ဘက်လှည့်ကာ –

"မသွားလို့တော့ မဖြစ်ဖူးပေါ့"

"အင်း ... မြို့ပြမှာနေရတာ ပါးစပ်ပျက်နေပြီဗျ။ ဟိုမှာ ဒေသစာလေး စားရင်း ပင်လယ်ကသိုဏ်းသွားရှုမယ်လေ"

"ဟုတ်ပါပြီ ဆရာရယ်။ သွားမယ်ဆိုလည်း သွားပေါ့။ အဲ နေဦးက..."

နေပါသည်။ ဦးအောင်စိုး သူ့အိတ်ကို စမ်းဖွင့်နေပြီး ပြန်သွားပြီး လက်ထဲငွေစက္ကူတစ်ထပ်ပါလာပြီး၊ လှမ်းပေးတော့မည်။ ပေးပြီး ယူလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထက်ဝယ်ပိုင်ပိုင်ရလိုက်ပြီ။ ဒီငွေမြင်လို့ ဒီအိတ်ကို လာဖွင့်ခြင်းဖြစ်သည်။

သို့သော် မပြီးသေးပါ။ ဦးအောင်စိုးက အံတွင်းခန်းထဲမှ တစ်ထပ်ကြီး ယူလာပြန်သည်။ ပိုက်ဆံတွေမဟုတ်။ (A4) စာရွက်အလွတ်တွေဖြစ်သည်။ သူ့ကိုလှမ်းပေးရင်း ...

"ဟဲ့ ဟဲ့ ... ဘာရယ်မဟုတ်ပါဘူးကွာ။ မင်းက ကမ်းခြေသွားမယ် ဆိုတော့ ကမ်းခြေနောက်ခံ ဝတ္ထုလေးတစ်ပုဒ်လောက် ရေးလာခဲ့ပေါ့။ ကမ်းခြေဆိုတော့ ဇာတ်လမ်းတွေ မင်းရမှာပါ"

ခင်မောင်ဇော် တော်တော်စိတ်လေသွား၏။ အပျော်ခရီးထွက်မည် ဆိုကာမှ စာအတင်းရေးခိုင်းနေသေးသည်။ ထုတ်ဝေသူတွေများ။

"မင်းအတွက် အလုပ်တစ်ခုလည်း ပြီးသွားတာပေါ့ ခင်မောင်ဇော်ရာ။ ကမ်းခြေက ဇာတ်လမ်းလေးတွေက လတ်ဆတ်မှာသေချာတယ်"

"ကျွန်တော်က မြို့ပေါ်မှာတည်းမှာဗျ။ ကမ်းခြေက ခဏတစ်ဖြုတ် ထွက်ရောက်မှာလေ"

"ဒါဆိုလည်း နယ်မြို့လေးနောက်ခံထားပြီး ရေးပေါ့ကွာ။ ဖြစ်ပါတယ်"

"ပြီးရောဗျာ၊ ဒါဆိုလည်း သွားတော့မယ်။ ခရီးက မနက်ဖြန် ထွက်မှာဗျ"

စာရွက်ထပ်ကြီးကိုယူကာ နှုတ်ဆက်ရင်း ထထွက်လိုက်၏။ တံခါးဝ ရောက်စဉ်မှာပဲ -

"ခင်မောင်ဇော် ... ငါ အဖုံးအပ်ထားလိုက်မယ်နော်။ ငွေငါးစဉ်က



www.burmeseclassic.com

www.burmeseclassic.com



ဘာပေးမှာလဲ"

ခက်ချေပြီး မရေးရသေးသည့်ဝတ္ထုကို ဘယ်လိုနာမည်ပေးရမလဲ။ ကျွန်တော်တို့မြို့က ပင်လယ်ကမ်းခြေနဲ့ နီးတယ်လေ။ ငယ်ငယ်က ကျောင်းသွားဖော် ဇာတ်လမ်းလိုလိုဟာတွေလည်း ရှိတယ်လေ။ ဒါတွေကို သူ မသိသေးပါဘူး။

"ဩော် ဦး ... ကျွန်တော်သွားမယ့်မြို့က ကျွန်တော် လူလားမြောက် ဓားပေါက်လေ့ကျင့်ခဲ့တဲ့ မြို့ဗျ"

"အေးလေ ... မင်းပြောဖူးတာပဲ"

"ကိုယ့်မြို့ကို နောက်ခံထားပြီး ဘာရေးရမယ်မှန်း မသိသေးပါဘူး ဗျာ။ အတွေးတွေ ငွေ့ရည်ဖွဲ့နေတုန်းပဲ"

"ဟာ ... ဟုတ်ပြီ၊ ငါသိပြီကွ။ ဒီလိုပေးလိုက်ပါလား"

"ပြောပါဦး"

"မြို့ကလည်း မင်းတို့မြို့ သဲသောင်ကမ်းခြေလည်းရှိ ငယ်ဘဝက ဖြတ်သန်းလာခဲ့တာလည်း ရှိတယ်ဆိုတော့ မင်းပြောတဲ့ စကားလေးလည်း ပါအောင်"

စကားကို ရပ်လိုက်သဖြင့် ခင်မောင်ဇော်က –

"ဆက်ပြောလေ ဦး ... ဘယ်လိုစဉ်းစားမိတာလဲ"

ဦးအောင်စိုး၏စကားက တစ်လုံးချင်း။

"သူ့နာမည် ကမ်းခြေမှာ ရေးထားတယ်"

■



www.burmeseclassic.com

www.burmeseclassic.com

ငါ့ကိုယ်ငါ
လက်ဆောင်အဖြစ်နဲ့
ဒီမြို့ကို ပြန်ခဲ့တယ်။
ကဗျာဆရာလှူငြိမ်းနိုင်၏ချည်တိုင်ကဗျာမှ•••

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မြို့ကလေးပေါ် ခြေချမိပြီ။

ပင်လယ်တစ်မျက်နှာ၊ တောင်တန်းတစ်မျက်နှာနှင့် မျက်နှာမများ တတ်သောမြို့ကလေးက ရင်ကိုဖွင့်ကာ ဆီးကြိုနေသည်။ ရှိုက်ရှူနေရသည့် လေက ပင်လယ်မှ ဆားငန်ရည်နံ့သင်းသည့်လေလား ဟိုးအဝေးတောင်မို့ တောင်တန်းများဆီမှာ ဆန့်ထုတ်လိုက်သည့် လေလား။ မခွဲတတ်ပါ။ ရင်ထဲမှာ အမောပြေ ဆွတ်စိမ့်သွားသည်ကိုတော့ ဝန်ခံလိုက်၏။

ဆယ်စုနှစ်တစ်ခုလောက် သူနှင့်ကင်းဝေးခဲ့သော မြို့ကလေးမှာ ဘာယဉ်ကျေးမှုတွေ အသစ်ထွန်းကားနေပြီလဲ။ ဘယ်လိုတရားတွေ စည်ပင်နေပြီလဲ။ ဘယ်လိုသဘာဝတွေကများ ဖျားနာစေခဲ့ပြီလဲ။ မြို့ကလေးဆီမှ မြေသံမကြားရ။ အမိုးချွန်ချွန် ဘုရားဝတ်ကျောင်းဆီမှ ခေါင်းလောင်းသံ[illegible] ကြားလိုက်ရသည်။

www.burmeseclassic.com



မြို့ကလေးရင်ဘတ်ပေး တစ်လှမ်းချင်း လျှောက်လာခဲ့သည်။ မြို့မဈေးနားရောက်စဉ်မှာပဲ . . .

"ဟင်"

အံ့ဩမှုတွေက ရင်ထဲကို အထွေးလိုက်ပြုတ်ကျလာသည်။ နန္ဒာငြိမ်းငြိမ်းမြတ်။ လွန်ခဲ့သည့်သုံးနှစ်ကျော် တက္ကသိုလ်မှာ နှုတ်မဆက်ခဲ့ရသည့်နန္ဒာငြိမ်းငြိမ်းမြတ်။ အိပ်မက်တွေကို တိုးလို့တန်းလန်း လက်စသတ်သွားသည့်မိနန္ဒာ။

ဟိုးအဝေးကြီးက ဒီမြို့လေးကို ဘယ်လိုရောက်နေခဲ့တာလဲ။

အဖော်နှစ်ယောက်နှင့် ဈေးဝယ်နေသည့်သူမက ခင်မောင်ဇော်ကိုမမြင်ပါ။ ခင်မောင်ဇော်စိတ်တွေ ထွေပြားနေမိသည်။ သေချာတာတစ်ခုကဒီမြို့ကို သူမ အပန်းဖြေဖို့ ရောက်လာတာပဲ ဖြစ်နိုင်သည်။ သွားနှုတ်ဆက်လိုက်လျှင် ကောင်းမလား။ ဝေခွဲမရ။

အတိတ်ကို ပြန်လည်နှိုက်ထုတ်ရန် သင့်မသင့် စဉ်းစားနေမိသည့်အချိန်တွင် သူမက ဆိုင်ရှေ့မှ ထွက်ခွာသွားပြီ။ ခင်မောင်ဇော် ရပ်ငေးနေမိ၏။ ပြီး ဆန့်ကျင်ဘက်လမ်းအတိုင်း သူ လှည့်ထွက်လိုက်မိသည်။

အချိန်ကာလဆိုသည်မှာ ခံစားချက်တချို့ကို ပြန်လည်ကုစားယူလိုက်သော မိတ္တူစက်တစ်လုံးမဟုတ်မှန်း သူ နားလည်လိုက်၏။

တိတ်ဆိတ်နေသည့် ခြံဝန်းလေးထဲ ခင်မောင်ဇော် ဝင်လာခဲ့သည်။ ငယ်စဉ်က သူတို့ညီအစ်ကိုတွေ ဆော့ကစားခဲ့ဖူးသည့်နေရာကလေး။ ခြံပတ်ပတ်လည်မှာ ကွမ်းသီးပင်များက မတ်မတ်စီတန်းလျက်။ ခြံက ဗိဇဝါရဲ့



www.burmeseclassic.com

www.burmeseclassic.com



မှာပင် ပန်းဖြူဖြူလေးတွေ ယိမ်းဆူနေကြပြီ။

ပျဉ်ထောင်အိမ်ကလေးပေါ် အသံမပေးဘဲ တက်လိုက်၏။ အဝမှ လှမ်းကြည့်လိုက်တော့ ဦးလေးဦးအောင်သိန်းကို ကုံးကွကွကြီး တွေ့လိုက်ရသည်။ အန်တီထားကိုတော့ အသံမကြားရ။ ဈေးသွားပြီ ထင်သည်။

ခင်မောင်ဇော်က အသံပြဲကြီးနှင့် –

"ဟေ့လူကြီး"

ဦးလေး ဆတ်ခနဲတွန့်ခါသွား၏။ ကမန်းကတန်း လှည့်ကြည့်ပြီး–

"ဟာ ဟေ့ကောင်ကြီး ... လန့်သွားတာပဲကွာ။ မင်း ဖုန်းဆက် ကတည်းက ငါမျှော်နေတာကွ"

"ဘာလဲ ... ကျွန်တော့်ကို ဇန်းပြပြီး ဦးလေးပွဲတော်တည်မလို့ မဟုတ်လား"

"ဟား ဟား ဟား ... ဝါ့ကောင်ကတော့ကွာ"

"မဟုတ်ဘူးလား"

"ဟုတ်ပါတယ် စာရေးဆရာရယ်။ ဒါပေမဲ့ ... မင်းလာမှ ငါ သောက်ရရင် အရက်ပြတ်နေတာ ဆယ်နှစ်လောက်ရှိသွားမယ်"

"ဒါဆို ... ဦးလေးက သောက်သေးတယ်ပေါ့"

"အေး ... သေးတော့မသောက်ဘူး"

တူဝရီးနှစ်ယောက် တခွီးခွီးရယ်ဖြစ်ကြသည်။ ဦးလေးဦးအောင် သိန်းက မေမေ့မောင်အရင်း။ မေမေက ရန်ကုန်မှာလာနေဖို့ ခေါ်သည်ကိုပင် သူမိန်းမကို ချစ်၍မလာပါ။ အန်တီထားက မြို့ချစ်စိတ်အပြည့်ရှိသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမြို့မှာပဲ ခေါင်းချမည့်ဟု ဟိုတုန်းကတည်းက အမြဲပြော၏။ ပြောသည့်အတိုင်းပဲ ဦးလေးမှာ မဟုတ်တာလုပ်တိုင်း (အန်တီထားကြည့်မရတိုင်း) ခေါင်းချခံရပါသည်။ ဦးလေးကလည်း ဦးလေး။ အရက်ကို ငယ်ချစ်ဦးလို ခုထိ တရှိုက်မက်မက်သောက်ဆဲ။

"ဒါနဲ့ အန်တီထားကော်ဗျ"

"ဒီချိန် ဈေးသွားတာပေါ့ကွ။ သူပြန်လာမှ ငါ ချက်ပြုတ်ရမှာ"

ဦးလေးတို့လင်မယားမှာ သားသမီးမရှိကြ။ အန်တီထားနှင့် ရကတည်းက ဦးလေးချက်ပြုတ်ကျွေးသည်။ ဟိုးတုန်းကတော့ သူ့အသည်းလေး ပင်ပန်းမယ် ဘာညာဆိုပြီး အလိုလိုက်ခြင်းပင်။ သို့သော်လည်း အန်တီထားက ခုထိကို မချက်ပြုတ်တော့ချေ။ ထိုသို့ဖြင့် ဦးလေးမှာ လျှော်ဖွပ်၊ ချက်ပြုတ် သေတပန် သက်တဆုံး လုပ်ရမည့်သဘောမှာရှိသည်။

ခင်မောင်ဇော်က တွေးရင်းပြုံးစိစိနှင့် မေးလိုက်၏။

"ခုနက ကုန်းကွကွကြီးနဲ့ ဘာလုပ်နေတာလဲ"

"အဟီး . . . မင်းလာမယ်ဆိုလို့လေ။ ပုလင်းဖွက်နေတာကွ။ မင်း အန်တီထားမလာခင် လုပ်ထားရတာ"

"ဦးလေးကလည်းဗျာ"

"ဟော့ကောင် . . . မင်းက မသောက်တော့ဘူးလား"

"ဟင့်အင်း . . . ထမင်းနဲ့လူးစားတယ်"

"ဟား ဟား . . . ကျလည်းကျတဲ့ကောင်ပဲကွာ။ အေးကွ . . . ထမင်းနဲ့လူးစားရင် တစ်ခါတည်းပြီးရောနော်"



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဇော် နောက်ပြီးပြောလိုက်ခြင်းကို ဦးလေးက စမ်းသပ်ချင် ဟန် ရှိသည်။ ပြီးမှ ...

"မင်း စာအုပ်တွေတော့ ဖတ်ရပါတယ်ကွာ"

"ဟုတ်ကဲ့"

"ကောင်းလည်း မကောင်းဘူး၊ ပေါတောတောနဲ့"

"ဗျာ"

ဦးလေးက သူ့ပုံစံအတိုင်း တဟားဟားရယ်ပြန်၏။ ဒီတူနှင့် ဒီဦးလေးက အရင်တုန်းကပဲ ထိုသို့ပင်။ ဦးလေးက သူတို့ညီအစ်ကိုတွေ ထဲမှာ လျှာစကား၊ အာစကားရှိသည့် ခင်မောင်ဇော်ကို ပိုချစ်သည်။ လျှာစကား၊ အာစကားဆို၍ ပြောတိုင်းဖြစ်နေတာမျိုးမဟုတ်ပါ။ ငယ်ငယ်တည်းက ခနဲ့ရည် နှီးတိုက်လျှင် မငြင်းတတ်သောကြောင့် ဖြစ်သည်။ ခင်မောင်ဇော်ကလည်း ဦးလေး, အဒေါ်တွေထဲမှာ ဦးလေးဦးအောင်သိန်းကို အတွယ်တာဆုံး။ ဒီနှစ် ယောက် ပြန်ဆုံလျှင် အန်တီထား စိတ်ညစ်ရတော့မည်။

ခင်မောင်ဇော်က အိတ်ထဲမှပစ္စည်းတွေကိုထုတ်ရင်း ...

"ဒါက အန်တီထားအတွက် မေမေထည့်ပေးလိုက်တာ။ ဘူးပါတိတ် တွေ။ ဒီအင်္ကျီနဲ့ပုဆိုးတွေက သူ့မောင်တော်ဦးလေးအတွက်တဲ့"

"ဟာကွာ ... ဒါတွေ ဘာလုပ်ရမှာလဲ"

ဦးလေးမျက်နှာကြီးက ရှုံ့မဲ့သွား၏။ သူမျှော်လင့်နေသည့်အရာကို ထုတ်ပြလိုက်မှ –

"အဲဒါ ... အဲဒါကိုပြောတာ၊ ငါပြောတာ အဲဒါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ကျွန်တော်ဝယ်လာတာဗျ။ ဦးလေးနဲ့သောက်မလို့"

"ထင်သားပဲ။ ငါ့တူ ဒီလောက်တော့ သိမှာပါလို့ . . . ဒါကြောင့် မင်း စာရေးဆရာဖြစ်နေတာ"

ဘာမှလည်းမဆိုင်ပါ။ သို့သော်လည်း ဘလက်လေဘယ် (black label) ပုလင်းကြီးကိုတော့ ကိုင်သွားပြီး လုံခြုံစိတ်ချရသည့်နေရာမှာ ထားလိုက်ပြီးမှ –

"မင်း အလည်သက်သက်ပဲလားကွ။ ဒါမှမဟုတ် ဒီမှာ စာလာရေးတာလား"

"နှစ်ခုစလုံးပဲဆိုပါတော့ ဦးလေးရာ"

ထိုသို့ပြောလိုက်ရသော်လည်း ဘာတွေရေးရမှန်းမသိသေးပါ။ အထုပ်အပိုးတွေ နေရာချနေစဉ်မှာပဲ အန်တီထားး၏အသံကို ကြားလိုက်ရ၏။

"ကိုအောင်သိန်း . . . ဒီမှာလာယူဦးလေ ဈေးခြင်းတောင်းကို။ အမယ်လေး မောလိုက်တာ။ အဲဒီမှာ ကြက်သားပါတယ်။ အချိုပဲ ချက်လိုက်။ ခရမ်းချဉ်သီးနဲ့ကြက်ဥက ရောကြော်မှာ။ အရေသောက်ကလေးတစ်ခုပါ ချက်လိုက်နော်။ ဒါနဲ့ သားရောက်ပြီလား"

"အေး . . . ရောက်နေပြီ"

အန်တီထားက ခင်မောင်ဇော်ကို သားဟုခေါ်သည်။ ခင်မောင်ဇော်က အခန်း အပြင်ထွက်ပြီး နှုတ်ဆက်လိုက်၏။

"အန်တီထား နေကောင်းတယ်နော်"

"ကောင်းပါတယ် သားရယ်။ သားဦးလေးပဲ အရင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ဟော့ . . . ငါ့အကြောင်းမပါနဲ့လေကွာ"

"မပါလို့ရမလား။ ရှင် တစ်ရက်တစ်ရက် သောက်နေတာကို ကြည့်ဦးလေ။ ရှင်ပဲ အရင်ကြွမှာ"

ခင်မောင်ဇော် ပြုံးနေလိုက်၏။ မပြုံးနိုင်သည့် ဦးလေးက –

"ငါ့ဘဝမှာ ဒါလေးပဲ လုပ်တာပါကွာ . . . မင်းကလည်း"

"အဲဒီ ဒါလေးကပဲ ရွှေရတုဖြစ်နေပြီလေ။ သောက် . . . သောက် ရင်းအသက် စိန်ရတုထိရောက်အောင်သာသောက်"

အန့်တီထားစကားကို ခင်မောင်ဇော် သဘောကျသွား၏။ အင်းလေ . . . ဦးလေးက အသက်ငါးဆယ်ကျော်ပြီဆိုတော့ ရွှေရတုဖြစ်နေပြီပေါ့။ ဦးလေးကလည်း စိန်ရတုထိ သောက်မည့်သဘောမှာရှိသည်။ ပြီးမှ . . .

"အေး . . . သောက်မယ်၊ သောက်မယ်။ ငါ ယောက်ျားကွ၊ မင်း ပြီးတာတွေ အကုန်လုပ်ပြီးရင် သောက်ပြမယ်"

ဟု ဒေါ်ကြီးမောကြီးနှင့်ပြောကာ အိမ်နောက်ဖေးဝင်ပြီး ချက်ပြုတ်ကြော်လှော်တော့သည်။ ပြီးလျှင် လှော်ဖွပ်ရဦးမည်။ ထိုအချိန်တွင် အန့်တီထားက ကိုရီးယားဇာတ်လမ်းတွဲ ဒီဗီဒီတစ်ခွေဖြင့် ဦးလေးကို မေ့နေလောက်ပြီ။ နောက်ဖေးမှာ မီးခိုးတလုံးလုံးနှင့် ဦးလေး မျက်ရည်တောက်တောက်ကျနေချိန် အိမ်ရှေ့က တီဗီရှေ့မှာလည်း ဒေါ်လေးက မျက်ရည်ဝဲလို့။ တရားသူရာပင် ကောင်းလှသေးသည်။

တစ်ညလုံး ကားစီးထားရသဖြင့် ခင်မောင်ဇော်လည်း ခရီးပန်းပြေသွားအောင် ရေမိုးချိုးပြီး အိပ်ရာထဲ ခဏလှဲလိုက်၏။ ဘယ်လိုအိပ်ပျော်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်မသိ။ ပြန်နိုးလာတော့ အချိန်က မွန်းတိမ်းနေပြီ။

ရေတစ်ခွက်နှစ်ခွက်လောင်းပြီး အင်္ကျီလဲနေစဉ် –

"မင်းက အပြင်ထွက်ဦးမလို့လားကွ"

ဦးလေးက တိုးတိုးလာကပ်မေး၏။ သူ့ကို အပြင်သွားစေချင်ပုံ မပေါ်။ ဒီမြို့မှာ ကားတွေ၊ ဆိုင်ကယ်တွေ ရှုပ်လွန်း၍ အန္တရာယ်ဖြစ်မှာစိုးလို့ မဟုတ်ချေ။ အပြင်ထွက်လျှင် ခင်မောင်ဇော်သူငယ်ချင်းတွေနှင့် တွေ့ပြီး အိမ်ပြန်နောက်ကျမည်။ ထိုသို့ဆိုလျှင် သူ့အစီအစဉ်ပျက်မှာ စိုးရိမ်နေခြင်း ဖြစ်သည်။

သဘောပေါက်သော ခင်မောင်ဇော်က ...

"မြို့ထဲအထိ မထွက်ပါဘူးဗျာ။ ရပ်ကွက်ထဲ ခဏလျှောက်ကြည့်ရုံပါ"

"အေး အေး ... မကြာစေနဲ့။ ငါ အဆင်သင့်လုပ်ထားမယ် ကြားလား"

"ဟုတ်"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ရပ်ကွက်ထဲ ဟိုဟိုဒီဒီလျှောက်ကြည့်ပြီး နေအတော်စောင်းမှ အိမ်ပြန်ခဲ့သည်။ လမ်းမှာ အသိအကျွမ်းတွေနှင့် တွေ့လျှင်လည်း နှုတ်ဆက်ရသည်ပေါ့။ ဒီမြို့နှင့် ဆယ်နှစ်လောက်ကင်းကွာသွား၍ ခု နောက်ပေါက်ကောင်လေးတွေကိုတော့ မသိနိုင်တော့။ သူတို့ကလည်း ကိုယ့်ကို သိမည်မဟုတ်။ ကိုယ့်မြို့ပြန်လာပြီး ဧည့်သည်လို ခံစားနေရသည်။

အိမ်ပြန်ရောက်တော့ ဦးလေးက အဆင်သင့်ဖြစ်နေ၏။ အန့်တီထားရှိနေ၍ ပုလင်းကိုတော့ မထုတ်သေး။ အမြည်းတွေကတော့ စားပွဲပေါ်ရောက်နေပြီ။ အန့်တီထားက ဦးလေးကို မျက်စောင်းထိုးရင်း –

"ကဲ ... သောက်ရင်လည်း မြန်မြန်သောက်ကြ။ ကိုအောင်သိန်းရှင် ကလေးကို သိပ်မတိုက်နဲ့နော်"

"အောင်မာ ... နင့်တူက ကြွက်တွင်းကွ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ငယ်ငယ်က ဖျက်ဆီးခဲ့တာနေမှာပေါ့"

"ဟား ဟား ... တော်ပါတော့ မိန်းမရာ။ ခင်မောင်ဇော်ရေ ... လာပေ့ ဆော်လိုက်ရအောင်"

ခုံမှာဝင်ထိုင်ပြီး ဦးလေးထည့်ပေးသောခွက်ကို ကြည့်လိုက်သည်။ ဝီစကီလည်းမဟုတ်။

"ဦးလေး ဒါ အရက်ဖြူတွေလား"

"အေး ... ဘီအီးလေ၊ ဘာဖြစ်လို့လဲ"

"ဟာဗျာ ... ကျွန်တော်ယူလာတဲ့ပုလင်း ထုတ်လေဗျာ။ အနီပဲ တစ်ရအောင်"

"ဟေ့ကောင် ... အရက်ကို အသားအရောင် လာခွဲမနေနဲ့။ ငါက နေ့တိုင်း ဒါပဲဆော်တာ။ သစ္စာဖောက်လို့မဖြစ်ဘူး။ အဲဒါကုန်မှ မင်းပုလင်းကို ဖွင့်မယ်လေကွာ"

"သဘောဗျာ ... သဘော သဘော"

ခင်မောင်ဇော်က ရံဖန်ရံခါမှ အရက်သောက်လေ့ရှိသော်လည်း အရက်မရွေးတတ်ပါ။ ထုတ်ဝေသူက ဘီယာပဲ တိုက်လျှင်လည်း သောက်လိုက်တာပဲ။ ဆိုလိုချင်တာက အရှိန်းမဟုတ်။ သူ့အသိ လေးစားရသော ဆရာညွှန့်လှိုင်ကတော့ ဘီယာတစ်ခွက်လောက်သောက်ပြီး ဓေါင်းချာစိုင်း နေတတ်သည်။ မူးမူးနှင့် အမြည်းတွေ နင်းကန်စားသည့်နေရာမှာတော့ လေးစား၍မရချေ။ မူးချင်ယောင်ဆောင်ပြီး ဒါမျိုးနှင့် လုပ်စားနေတာ ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခွက်၊ နှစ်ခွက်သောက်ပြီး အရှိန်ကလေးရလာတော့ ဦးလေးက စကားကောင်းလာပြီ။ အမြည်းတစ်ဖတ်ကောက်ဝါးပြီး နှုတ်ခမ်းပါးနားသပ်ရင်းက ...

"လုပ်စမ်းပါဦးကွ ... မင်းတို့စာပေလောက အကြောင်းလေး၊ ဘာလေး"

ဦးလေးက စာဖတ်ဝါသနာပါသူဖြစ်သည်။ ခင်မောင်ဇော်က သက်ပြင်းချပြီး (ခွက်ကိုတော့ ကိုင်ထား၏)။

"ဒီလိုပဲ ဖုတ်လိုက်၊ ဖုတ်လိုက် ချီတက်နေရတာပေါ့ ဦးလေးရေ။ လူဦးရေသန်းခြောက်ဆယ်နီးပါးရှိတဲ့နိုင်ငံမှာ စာအုပ်ရေတစ်ထောင်လောက် ရောင်းရဖို့က မနည်းကြိုးစားနေရတယ်။ ဒါ ပေါက်တယ်လို့ ပြောလို့ရတဲ့ စာအုပ်နော်"

"အင်း ... ခုခေတ်လူငယ်တွေက စာသိပ်မဖတ်ကြတော့ဘူး ထင်တယ်"

"အဲလိုချည်းလည်း မဟုတ်သေးဘူးဗျ။ ကျွန်တော်တို့ပတ်ဝန်းကျင်မှာလည်း စာဖတ်တဲ့လူငယ်တွေ ရှိပါတယ်။ ဒါပေမဲ့ ... နည်းပညာခေတ်ဆိုတဲ့အတိုင်း ဖျော်ဖြေရေးတွေက အရမ်းများတယ်လေ။ နောက်ဆုံး ဖုန်းလို့တွေ့မဖတ်ဘဲ ဒီဗီဒီကြည့်မလား။ ဂိမ်းသွားဆော့မလား။ နောက်ဆုံး အင်တာနက်မှာ ချက်တင် (chatting) သွားထိုင်တာကအစ ဖက်ရှင်ဖြစ်နေကြပြီ"

ပြောရင်း ခင်မောင်ဇော် သက်ပြင်းမွှမွှချမိ၏။ ဒီမှာလည်း ချက်တင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရင်း ချစ်သူဖြစ်ကြတဲ့လူတွေ အများကြီးပါပဲ။ အပြင်မှာမတွေ့ရဲကြ၍ မြူမှုန်မည်းမှုန်းပင် သိကြမည်မဟုတ်။ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲကလို တိုက်ဆိုင်ဖို့ အတော်ခက်မည်။

"အဲဒါတွေထားလိုက်ပါတော့ ဦးလေးရာ၊ ခေါင်းစဉ်ပြောင်းရအောင်"

"မင်း ငယ်ငယ်ကကြိုက်ခဲ့တဲ့ ကောင်မလေးအကြောင်း ပြောမလား။ ဟိုမြို့သစ်ထဲက လင်းလင်းဆိုတဲ့ ကောင်မလေးလေ။ ခု ကလေး နှစ်ယောက်နဲ့ကွ"

"ဟာဗျာ ... ဦးလေးကလည်း ကျွန်တော် မကြိုက်ပါဘူး။ အဲဒီ ကောင်မလေးက ကြိုက်တာပါ ... ဟဲ ဟဲ"

"ငါ့လိုပေါ့ ... ဟား ဟား ဟား"

"ကိုအောင်သိန်း"

တီဗီရှေ့က အန်တီထားက လှမ်းအော်သည်။ ဦးလေးက မူးစပ် စပ်ဖြင့် –

"ထားလိုက်ပါ ခင်မောင်ဇော်ရာ၊ သူ ဘယ်လောက်ပြောပြော ဆယ်နာရီထိုးရင် မီးဘယ်လောက်သေတယ်ဆိုတာ ငါပြမယ်"

"ဟာ ... ဦးလေး ပွဲမကြမ်းနဲ့နော်"

စိတ်ထဲက လန့်ဖျပ်ပြီး တားရသေးသည်။ ဦးလေး အရင်ကလို မိန်းမ မကြောက်တော့ဘူးလား။ ပြောလို့ရသည်မဟုတ်။ မူးပြီး ဒိုက်နက် နေလျှင် ခက်မည်။ ပွဲကို ခပ်မြန်မြန်ဖြတ်ရန် ခင်မောင်ဇော် ဗျွးမိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ကိုးနာရီခွဲကျော်သည်အထိ ဦးလေးက စကား မပြတ်သေးချေ။ တောပြောတောင်ပြောတွေပြောရင်း အနီးပုလင်းပင် တစ်ဝက် ကျိုးနေပြီ။

ခဏနေတော့ ဦးလေးက အသံမာမာနှင့် ...

"ဟဲ့ မထား ... ဆယ်နာရီထိုးတော့မယ် ဘာလုပ်နေတာလဲ"

အန်တီထားကို အိပ်ယာဝင်နိုင်းပြီ ထင်သည်။ မယုံကြည်နိုင်စရာ ပင်။ အန်တီထားက တိဗိပိတ်ပြီး ထိုင်ရမှထကာ အိပ်ခန်းထဲ ဝင်သွားင်။ ခင်မောင်ဇော် အမူးပါပြေချင်သွားသည်။ မျက်လုံးကို ပွတ်လိုက်တော့ ဦးလေးက–

"ဟဲ ဟဲ ခင်မောင်ဇော် ... မင်းတွေ့တယ်နော်"

"ယုံတောင်မယုံချင်ဘူး၊ တကယ်ပဲ"

ထိုအချိန်မှာပဲ ...

"ဟင်"

လျှပ်စစ်မီးပြတ်တောက်သွားခြင်းဖြစ်၏။ အန်တီထားက ဖယောင်း တိုင်ထွန်းပြီး အိပ်ခန်းထဲမှ ပြန်ထွက်လာသည်။ ဦးလေး တဟားဟား ထရယ်တော့မှ သဘောပေါက်သွား၏။ ဆယ်နာရီထိုးလျှင် အန်တီထားကို မီးသေခြင်းမဟုတ်၊ လျှပ်စစ်မီးပြတ်မှာ ကြိုသိ၍ အန်တီထားက ထသွားခြင်း ဖြစ်သည်။ ဒီမြို့မှာ အချိန်ပိုင်းနှင့် မီးပေးကြောင်း သူမှမသိသည်ကို။ ဦးလေး က နောက်ပြီပေါ့။

"ကဲ ကဲ ... တော်ကြတော့၊ ရှင်လည်း မူးနေပြီ။ ဟော ... ဒါတွေ



www.burmeseclassic.com

www.burmeseclassic.com



အန်တီ သိမ်းပေးမယ်"

"တော့ . . . မထား"

"ဘာလဲ . . . ဘာလဲ"

အန်တီထားက မာဆတ်ဆတ်ပြန်ထူးသည်။ ဦးလေးကလည်း လျှာလေးလေးကြီးနှင့် –

"ဘာလဲလုပ်မနေနဲ့၊ အဲဒါတွေ နောက်ဖေးမှာထားလိုက်၊ မနက် ငါ ဆေးမယ် ဒါပဲ"

ဦးလေး၏ပါဝါက အံ့မခန်း။ ခင်မောင်ဇော်လည်း အန်တီထားကို ကူသိမ်းပေးပြီး အိပ်ရာဝင်လိုက်သည်။

ချက်ချင်း အိပ်မပျော်သေး။ စာရေးရမည့်အကြောင်းကို တွေးရင်း အတွေးတွေ ဝေနေမိသည်။ ဝတ္ထုအဖွင့်ကို ဘယ်လိုရေးရမှာလဲ။ စဉ်းစားလို့ မရသေးချေ။ နောက်နေ့မှ ကမ်းခြေသွားပြီး ပင်လယ်ကြီး ကြည့်၊ စဉ်းစား တာပေါ့ဟု တွေးနေမစဉ် . . .

"ကိုအောင်သိန်း . . . ကိုအောင်သိန်း"

အခန်းချင်းက ကပ်နေ၍ အန်တီထား၏အသံက ခပ်အုပ်အုပ် ထွက်လာသည်။ ဦးလေးကို ခေါ်နေခြင်းဖြစ်သည်။ သူ့ယောကျ်ားကဖြင့် မျက်လုံးပင် ဖွင့်နိုင်သေးလားမသိ။

"ကိုအောင်သိန်း . . . ရှင် အိပ်တော့မှာလား"

"မထားရာ . . . အိပ်တော့မယ်ဟ။ ငါ ဒီနေ့လေးတော့ နားပါရစေ ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓေါ။ ခင်မောင်ဇော် နားနှစ်ဖက်ကို ပိတ်မိသည်။ ဘာမှ မဖြစ်ကြပါစေနဲ့။ ဘာမှထပ်မကြားရပါစေနဲ့။ သို့သော်လည်း ဆုတောင်း မပြည့်ပါ။

"မရဘူး ... မရဘူး။ ခုထ၊ ရှင့်ကို ဘယ်လောက်မူးမူး မအိပ်ခင် ဘာလုပ်ရမယ်လို့ ပြောထားလဲ။ ခုထလေ"

"ဟာကွာ ... မူးနေပါတယ်ဆို"

"အို ... မူးမူး။ ရှင်ပဲ တစ်ရက်မှ မပျက်စေရဘူးလို့ အာမခံထား တာလေ။ မထရင် ကျုပ် ရေနဲ့ပက်မှာနော်"

"အေးပါကွာ ... ထပြီ ထပြီ ... ဟင်း"

မြတ်စွာဘုရား။ ဦးလေး တကယ်ထလာပြီလားမသိ။ ဒုက္ခတော့ များလေပြီ။ ခေါင်းအုံးနှင့် နားနှစ်ဖက်ကိုပိတ်ရင်း ဒီအတိုင်းဆိုလျှင် မနက်ဖြန် အိမ်ရှေ့ခန်းမှာပဲ အိပ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ဒီညတော့ ကိုယ်ကို ကျုံ့ပြီး ငြိမ်ငြိမ်ကလေး နားပိတ်ထားရုံကလွဲပြီး ဘာတတ်နိုင်ဦးမည်နည်း။

ထိုစဉ် ဦးလေးတို့ခုတင်မှ ဂျွတ်ခနဲမြည်သံနှင့်အတူ ခင်မောင်ဇော် မျက်လုံး ကိုမှိတ်ပြီး အံကိုပါ ကြိတ်ထားလိုက်တော့သည်။

"ဩကာသ ဩကာသ ဩကာသ၊ ကာယကံ ဝစီကံ မနောကံ"

အမယ်လေးဟဲ့ ငါ့ဦးလေးရယ်။ ခင်မောင်ဇော်တစ်ကိုယ်လုံး ချွေး တွေ သီးပြီး ငိုချင်စိတ်ပါ ပေါက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

နောက်နေ့ အိပ်ရာကနိုးလာတော့ နေအတော်မြင့်နေပြီ၊ အိပ်ရာခေါင်းရင်း ပြတင်းပေါက်မှ ထိုးကျနေသည့် အလင်းစက်များဖြင့် အခန်းလေးထဲမှာ ဖွေးလင်းနေ၏။

ညက အရက်ကို အသားအရောင်မခွဲတဲ သောက်လိုက်သည့် တန်ခိုးက ပြုပြီလားမသိ။ ခေါင်းအနည်းငယ် အုံခဲနေသည်ကို ခံစားလိုက်ရသည်။ အသင့်ဆောင်ထားသော ရေတစ်ဘူးကို တစ်ဝက်ကျော်ကျော် တစ်ခါတည်း မော့ချလိုက်မှ နေသာထိုင်သာ ရှိသွား၏။

မျက်နှာသစ်ပြီး အိမ်ရှေ့ထွက်လာတော့ ဦးလေးကို သတင်းစာဖတ်ရင်း တွေ့လိုက်ရ၏။

"နိုးပြီလားကွ . . . ညက နှစ်ပင်လိမ်သွားလို့လား မသိဘူး။ ကော်ဖီကြမ်းသောက်နေရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီခွက်ကို မေးငေါ့ပြရင်း ဦးလေးက နှုတ်ဆက်သည်။ ခင်မောင်ဖော်လည်း ထိုနည်းလည်းကောင်းမို့ –

“ဦးလေးတင် မဟုတ်ဘူး။ ကျွန်တော်လည်း ကိုကိုခဲနေတာပဲ”

“ဟော့ကောင်း ခင်မောင်ဖော် ... မင်း အနိတိဘာမရှိတုန်း နည်းနည်းဖြေကြမလား”

စောစောစီးစီး ဒင်းက ညမှလက်ကျန်ကို မျက်စောင်းထိုးနေသေးသည်။ မဖြေချင်ပါ။ အရက်စာမေးပွဲလည်း မအောင်ချင်ပါ။

“တော်ပါပြီ ဦးလေးရာ ... တော်ကြာ ကျွန်တော့်အသိ ကဗျာဆရာ တိုးနှောင်မိုးလို ဖြစ်နေဦးမယ်”

“ဟေ ... သူက ဒီလိုက်မနက်ပိုင်း သောက်တတ်လို့လား”

“အင်း ... သောက်တတ်လားဆိုတော့ ရှစ်နာရီကျော်ရင် သောက်တာပဲလို့ အမြဲပြောတယ်ဗျ”

“ညရှစ်နာရီဖြစ်မှာပါကွ ... မင်းကလည်း”

“မဟုတ်ဘူးဗျ။ သူ့ရှစ်နာရီက မနက်ညပေါင်းထားတာ”

“ဟာ ... ဘယ်လိုကြီးလဲကွ”

ဦးလေး မျက်စိလည်သွား၏။ ကျန်တာတွေ မလည်ခင်မှာပဲ ...

“ဘယ်လိုလဲဆိုတော့ ညရှစ်နာရီကျော်ရင် စသောက်ပြီဗျ။ တစ်ညလုံးသောက်၊ အိပ်ရာကထပြီး မနက်ရှစ်နာရီကျော်ရင် ပြန်သောက်တာပဲ။ ဒါပေမဲ့ သူ့ကိုမေးရင်တော့ ရှစ်နာရီကျော်မှ စသောက်တယ်ပြောတာ”

“ဟား ဟား ဟား ... သဘောပေါက်ပြီ ငါလည်း အရူးများတွေ



www.burmeseclassic.com

www.burmeseclassic.com



မေးရင် အဲဒီလိုပဲ ဖြေတော့မယ်"

"ဩော် ... ဦးလေး၊ ကျွန်တော် ဒီနေ့ ဦးလေးဆိုင်ကယ် ခဏ ယူသွားမယ်"

"ယူသွား ... ယူသွား၊ ဒီနေ့ မင်းသူငယ်ချင်းတွေနဲ့ ချိန်းထား လို့လား"

"မချိန်းရသေးဘူး၊ အိမ်ကထွက်မှ ဒီကောင်တွေဆီ ဖုန်းဆက် ချိန်းရမှာ၊ တွေ့တာတော့ ညနေမှပဲ တွေ့တော့မယ်၊ ခု ကမ်းခြေဘက်ကို သွားမလို့လေ၊ ပင်လယ်မတွေ့ရတာ ဘယ်လောက်ကြာပြီလဲ"

"အေး အေး ... နွေဦးဆိုတော့ ကမ်းခြေမှာ ဧည့်သည်တွေ ရှိမှာပေါ့၊ မင်းလည်း ကောင်မလေးတွေ ငေးလို့ရတာပေါ့ကွာ"

"နေပါဗျာ ... ကျွန်တော်က စာရေးဖို့အတွက် အာရုံတွေ လတ် ဆတ်ချင်တာတစ်ခုပဲရှိတယ်"

ဦးလေးစကားကို ချေပပြီး ဆိုင်ကယ်နှင့် ထွက်လာခဲ့၏။ မြို့အထွက် ဆေးရုံနားရောက်တော့ သူငယ်ချင်းတွေကို ဖုန်းဆက်ချိန်းရင်း ငယ်ငယ်က ကျောင်းပြေးပြီး ကမ်းခြေကို စက်ဘီးနှင့်သွားကြတာ သတိရမိသေးသည်။ မြို့ခံဒီကောင်တွေကတော့ ခုချိန်မှာ ကမ်းခြေကို အထူးအဆန်းလုပ်ပြီး လိုက်ချင်မည်မဟုတ်၊ ထို့ကြောင့် အေးအေးလူလူ တစ်ယောက်တည်း ထွက် လာခဲ့ခြင်းဖြစ်သည်။

လမ်းတစ်လျှောက်ဝဲယာမှ ရှုခင်းတွေကိုကြည့်ရင်း စိတ်တွေ စိမ်းစိုလာသည်။ တောင်ကုန်းလေးများပေါ်တွင် လျှောကားသစ်စိုက်ဖျိုး



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ရွှေဖြူပင်ရှည်မျောမျောများ။ သက်တမ်းရင့် သစ်ပင်ကြီးများက လည်း ဟိုဟိုသည်သည်မှာ ပေါက်ရောက်နေကြသည်။ သဘာဝ၏ပန်းချီ ကားကို တစ်ကိုယ်ရည်ခံစားရင်း ကမ်းခြေသို့ ရောက်လာခဲ့၏။

"အား"

ခင်မောင်ဇော်ကို နောက်မှ တစ်ယောက်ယောက်က ဖြတ်ရိုက် ချလိုက်ခြင်း မဟုတ်ပါ။ ပင်လယ်ပြင်ကြီးကို မျက်နှာမူပြီး လက်နှစ်ဖက် ဆန့်ကားလျက် နူတ်ဆက်လိုက်ခြင်း ဖြစ်သည်။ ဆားငန်ငွေ့ရောစွပ်နေသော လေစီးကို တစ်ဝကြီး ရှူသွင်းကာ လန်းဆန်းပစ်လိုက်၏။ ရင်ထဲက မွန်း ကျပ်မှုများက ပွတ်တိုက်သွားသော လေနှင့်အတူ ပါသွားသလို ခံစား လိုက်ရသည်။

နေ့ရောင်ခြည် တစ်စွန်းတစ်ကွက် စီးဖောက်နေသည့် ကဗွီးပင် အရိပ်ကျဲကျဲအောက်က သဲမြေဖြူလွလွပေါ်ထိုင်ရင်း ကြည့်ငေးနေမိသည်။ ကမ်းခြေတစ်လျှောက် ခရုကောက်ဆော့ကစားနေကြသည့် ငည့်သည် ကလေးငယ်များ။ ကြည်နူးပျော်ရွှင်နေသော ချစ်သူစုံတွဲများကိုလည်း တွေ့ နေရ၏။

စိတ်ထဲက ပေါ့ပါးလတ်ဆတ်မှုတွေနှင့် ဝတ္ထုရေးရန် အာရုံကို စည်း နှောင်လိုက်၏။ ဘယ်ကစရေးရမှာလဲ။ အမှန်တော့ ရှင်းရှင်းလေး။ အခန်း တစ်က စရေးရမည်။ မင်းသားနှင့်မင်းသမီးက ကမ်းခြေကို အလည်လာရင်း တွေ့၊ ပြီး ... ဘုဘောက်ကျ။ ကောင်မလေးက ရေနစ်ပြီးသေ။ အဲ့မဖြစ် သေးပါ။ မင်းသားကကယ်ရမည်။ ဒါမှ မင်းသမီးမသေမှာ။ ဒီပေမဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



မင်းသားက မင်းသမီးကိုကယ်ပြီးမှ ရေထဲမှာ ကြွက်တက်ပြီ သေသွားရင် ကော။ မထူးပါဘူး၊ နှစ်ယောက်စလုံး ရေနစ်ပြီး အသေဆိုးနဲ့သေ။ နောက် ဘဝကျမှပေါင်းကြ ... ပြတ်ရော။

မကောင်းပါ၊ ဘယ်လိုမှမကောင်းပါ။ စိတ်ကူးနှင့်ရေးပြီး စိတ်ကူး ထဲမှာပင် ဆုတ်ဖြဲပစ်လိုက်ရသည်။ ခဏလေးငြိမ်ငြိမ်နေလိုက်လျှင် ကောင်း မည်။ ဒီလို တလွဲတွေ ရေးလျှင်တော့ ဆဲခံရလိမ့်မည်။ ကိုယ်က ပရိသတ်ဆီ မှ ထမင်းတောင်းစားနေရသည်ကို။ ဒါမှမဟုတ် ...

ကြမ်းရှုန်းညံ့စွာ အဝေးကခတ်တိုက်လာသည့် ပင်လယ်လေကို ရှူရင်း ကျွန်တော့်ရင်ထဲတွင် အစိမ်းရောင်ဖြင့် ချုပ်လုပ်ထားသောရယ်သံ တစ်ခုကို ပြန်ကြားလိုက်မိသည်။ ပြီးခဲ့သော ဆယ်စုနှစ်တစ်ခုက ပြတ်ရွေ့ နှင်းများကဲ့သို့ ဝဲပျံ့ရောက်ရှိလာသည့်အခါ ကျွန်တော် ဘာမှမတတ်နိုင်တော့ ပါ။ အချစ်ဆိုတာ တိုက်ဆိုင်မှုတစ်ခုတည်းနှင့် မလုံလောက်ကြောင်း ကျွန် တော် သိနှင့်ပြီးခဲ့ပြီ။

ထိုသို့သော စကားပြေမျိုးနှင့် စ,ရင်ကော ကောင်းမလား။ ဒီလို စကားပြေမျိုးနှင့် အချစ်ဝတ္ထုများက ဆရာညွန့်လှိုင်တို့ ရေးလေ့ရှိသည်။ ဒီလိုအဖွဲ့အနွဲ့များနှင့်လည်း ကိုယ်က လုပ်မစားတတ်။ ညွန့်လှိုင်မှာက ရည်း စားတွေ ထည်လဲတွဲပြီး ကုန်ကြမ်းပေး ကုန်ချောယူသည့် ဇာတ်လမ်းတွေ ရှိသည်။ ကိုယ့်မှာတော့ မူးလျှင် ရှူရမည့် သနပ်ခါးပင်မရှိ။ လတ်တလော အောင်လို ရေးရအောင်လည်း ပေါ်တောတောနှင့်။ သူ့ဝတ္ထုတွေက ရယ်လည်း မရယ်ရချေ။ တော်ပြီ ... ဝတ္ထုအကြောင်းကို နောက်နေ့မှ စဉ်းစားမည်ဟု



www.burmeseclassic.com

www.burmeseclassic.com



တိုယ့်သဘောနှင့်ကိုယ် ရွှေ့လိုက်၏။

ကမ်းခြေမှာ နှစ်နာရီလောက်ထိုင်ပြီးမှ ပြန်လာခဲ့သည်။ ဇာတ်လမ်းလည်း မရဘူးဟု စဉ်းစားရင်း ဆိုင်ကယ်ကို ဖြည်းဖြည်းမှန်မှန် စီးလာစဉ် ...

"ဒီမှာ ... ဒီမှာ ခဏရပ်ပါဦး"

ဆိုင်ကယ်ကို ရှေ့ကပိတ်ပြီး အတင်းလှမ်းတားနေသည်။ မော်တော်ဆိုင်ကယ်တော့ မဖြစ်နိုင်ပါ။ တီရှပ်အနီရဲရဲလေးကို သရီးကွာတား ဂျင်းဘောင်းဘီနှင့် တွဲသုံးထားသည့် လှတပတ ကောင်မလေးတစ်ယောက်ဖြစ်သည်။ ခေါင်းမှာလည်း သံပရာခွံဦးထုပ်ဖျော့ကြီး ဆောင်းမထား။ ဒါဆို သေချာသွားပြီ။ ဆိုင်ကယ်ကို ရပ်ပေးလိုက်စဉ်မှာပဲ ကောင်မလေးက သူ့နောက်မှာ ခွခနဲ ခုန်တက်လိုက်ပြီး ...

"မြန်မြန်မောင်းပါရှင်၊ ကျေးဇူးပြုပြီး မောင်းပါတော့"

"ရော် ... ဘယ်ကိုမောင်းရမှာလဲ"

ခင်မောင်ဇော် နဝေတိမ်တောင်ဖြစ်သွား၏။ ကောင်မလေးက အိတ်ထိတ်ပျာပျာအသံဖြင့် သူ့ပခုံးကိုကိုင်လှုပ်ကာ –

"ရှိကြီးခိုးပါရဲ့၊ ဒီနေရာက မြန်မြန်မောင်းပါရှင်၊ ကျွန်မ တောင်းပန်ပါတယ်"

"နေပါဦး ... နေပါဦး။ ခင်ဗျားက ဘာဖြစ်လာတာလဲ၊ ကျွန်တော်က ဘယ်ကိုမောင်းရမှာလဲ"

"အို ... မောင်းချင်တဲ့နေရာသာ မောင်းတော့။ ကျွန်မ်နောက်ကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာကြတော့မယ်"

"လူဆိုးတွေလား"

ပြောင်ချော်ချော်ပြောလိုက်၍ ကောင်မလေးက ဆိုင်ကယ်ပေါ်မှ ခုန်ဆင်းလိုက်ပြီး –

"ရှင်က ကျွန်မကို မေးခွန်းတွေ မေးမှာလား။ ကူညီမှာလား"

"ခင်ဗျားက ဘာမှန်းမှမသိဘဲ။ တော်ကြာ ... ရာဇဝတ်သားဆိုရင် အမှုက ပတ်ဦးမယ်"

ကောင်မလေး တော်တော်စိတ်ပျက်အားလျော့သွားပုံရသည်။ မျက်နှာလှလှလေး ညှိုးသွားပြီးမှ သက်ပြင်းကိုမှုတ်ထုတ်ရင်း ...

"ကျွန်မက လူကောင်းပါရှင်၊ ရှင့်ကို ဘာအမှုမှမပတ်စေရဘူး။ ကျေးဇူးလည်း မမေ့ပါဘူး။ ကူညီပါနော်"

ခင်မောင်ဇော်လည်း မနေသာတော့ဘဲ –

"ကျွန်တော်က မြို့ပေါ်ကိုပြန်မှာ။ လိုက်ချင်တယ်ဆိုလည်း တက်တော့"

"ကျေး ... ကျေးဇူးပါပဲ"

ဝမ်းသာဟန်နှင့် ဆိုင်ကယ်ပေါ် ပြန်တက်ဟန်ပြုသည်။ ခင်မောင်ဇော်က ...

"နေဦး ... နေဦး"

"ဟင် ... ဘာဖြစ်လို့လဲ"

"ဦးထုပ်ဆောင်းဦးလေ ... တော်ကြာ အဖမ်းခံရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် ဘယ်ကမှန်း ဘာမှန်းမသိသော ကောင်မလေးတစ်ယောက်ကို ဆိုင်ကယ်ပေါ် ဘုမသိ ဘမသိတင်ပြီး ပြန်လာခဲ့ရသည်။ ဒီကောင်မလေးပုံစံကြည့်ရတာတော့ မဟုတ်တမ်းတရားလေး မဖြစ်နိုင်။ ဒီရုပ် ဒီရေလေးနှင့် ဘာတွေဖြစ်လာသနည်းဟု စဉ်းစားမိသည်။ တစ်ချက်တစ်ချက် ရှုသော ရေမွှေးနံ့သဲ့သဲ့ကလည်း တော်ရုံ လူမသုံးနိုင်သည့် ရေမွှေးမှန်း သူ ခွဲခြားပြီးသိ၏။

လမ်းတစ်လျှောက်မှာလည်း ဘာအနှောင့်အယှက်မှ ထပ်မတွေ့ပါ။ မြို့ဝင်ဝကျော်ကျော်လေးရောက်တော့ ဆိုင်ကယ်ကို လမ်း ဘေးချရပ်လိုက်ရင်း –

"ကဲ မချော . . . မြို့ပေါ်ကိုရောက်ပြီ"

"ဟင်"

"ခင်ဗျားက ဘယ်အထိသွားချင်လို့လဲ"

"ရန်ကုန်အထိ"

စိတ်မှမှန်သေးရဲ့လားဆိုသည့်အတွေးနှင့် ခင်မောင်ဇော်က မျှော်မှန်းပြီး ကြည့်လိုက်၏။ ကောင်မလေးက ပျာပျာသလဲဟန်ဖြင့် –

"ဒီလိုပါ ကျွန်မ ရန်ကုန်အထိ တကယ်ပြန်ချင်တာပါ။ အဲဒါ ကား ဂိတ်ကို လိုက်ပို့ပေးပါလား"

"ဟာ . . . ဒီအချိန် ရန်ကုန်ကားက ဘယ်ရှိမှာလဲ။ မနက်စောစောမှရှိတာ"

"ဒုက္ခပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပိုမဲ့မဲ့ဖြစ်သွားသည့် ကောင်မလေးကိုကြည့်ကာ ခင်မောင်ဇော် ဘာမှ နားမလည်တော့။ ခုနကလည်း ဆိုင်ကယ်ပေါ် အတင်းတက်လာ၍ မြို့ပေါ် အထိ ခေါ်လာပေးခဲ့ပြီ။ ခုထပ်ပြီး ရန်ကုန်သွားချင်ပြန်ပြီတဲ့။

ကောင်မလေး၏မျက်ဝန်းတွေက တကယ်ရိုးရိုးသားသား အခက် အခဲရှိနေပုံရသည်။ ခင်မောင်ဇော့်အပြောကြောင့် စိတ်ပျက်လက်ပျက်နှင့် လမ်းမပေါ် ဆောင့်ကြောင့်ကလေး ထိုင်ချလိုက်၏။ ခင်မောင်ဇော်က ကြည့် ပြီး ...

"ခင်ဗျားပုံစံကြည့်ရတာ ကျွန်တော်ပါ စိတ်ညစ်လာပြီ"

"ဆောရီး ... ဆောရီး၊ ရှင်သွားချင်လည်း သွားတော့လေ။ ဒီအထိ ခေါ်လာတာ ကျေးဇူးပါပဲ"

မျက်လုံးကလေးလှန်ပြီး ပြောနေသည့် ကောင်မလေးကိုကြည့်ကာ ခင်မောင်ဇော် သနားသွားပြန်၏။ တတ်နိုင်သလောက် ကူညီချင်စိတ်လေး လည်း ပေါက်သွားသည်။

"သွားလို့မရသေးဘူးဗျ"

"ရှင်"

"ဦးထုပ်က ခင်ဗျားဆီမှာလေ"

"သြော် ... အင်း အင်း ရော့ ရှင့်ဦးထုပ်"

ခင်မောင်ဇော်က ဦးထုပ်ကို လှမ်းမယူသေးဘဲ -

"ဒီလိုလုပ်ပါလား၊ ခင်ဗျား တကယ်ရိုးရိုးသားသား အခက်အခဲ ရှိနေရင် ကျွန်တော်ကူညီနိုင်သလောက် ကူညီပါ့မယ်။ အဲ ... ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ယုံရင်ပေါ့"

ကောင်မလေးက တွေတွေငေးငေးလေးကြည့်သည်။ ခင်မောင်ဇော်က ပြုံးပြုံးရင်း ...

"ကဲ ... လာပါဗျာ၊ ဒီမှာ မတ်တတ်ကြီး။ ရှေ့က လက်ဖက်ရည်ဆိုင်လေးကို သွားရအောင်။ ခင်ဗျား ပြောချင်လည်းပြော၊ မပြောချင်လည်းနေသဘောပဲ။ ကျွန်တော် ဗိုက်ဆာလာလို့"

ပြောရင်း ဆိုင်ကယ်သော့ကိုပိတ်ကာ လှည့်ထွက်လိုက်တော့ ...

"နေဦးလေ ... ကျွန်မလည်း လိုက်မယ်"

နှစ်ယောက်သား လက်ဖက်ရည်ဆိုင်အိုအိုလေးမှာ ထိုင်လိုက်ကြသည်။ ကော်ဖီတစ်ယောက်တစ်ခွက် အသီးသီးမှာပြီးမှ ...

"ကျွန်တော့်နာမည်က ခင်မောင်ဇော်။ ကျွန်တော်လည်း ဒီကိုအလည်လာတာပဲ"

"ဒါဆို ... ရှင်က ရန်ကုန်ကပဲပေါ့"

"ဘယ်လိုပြောရမလဲ။ ကျွန်တော်က ဒီမြို့သားဗျ။ ရန်ကုန်မှာနေတာတော့ကြာပြီ။ မရောက်တာကြာလို့ ခဏအလည်ပြန်လာတာလေ"

ကောင်မလေးက ဘေးဝဲယာကိုလှမ်းအကဲခတ်ပြီးမှ သက်ပြင်းခွေ့ခွေ့ချကာ –

"ကျွန်မလည်း ရန်ကုန်ကပါပဲ။ ကျွန်မကတော့ ရှင့်လို အလည်လာတာမဟုတ်ဘူး။ မလိုက်ချင်ဘဲနဲ့ကို လိုက်လာရတာ"

"ဘာလဲ ... ခင်ဗျားက ကမ်းခြေကိုလာရတာ မပျော်ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို ညင်ညင်သာသာလေး ခါယမ်းပြီးမှ ကောင်မလေးက–

"ကမ်းခြေမှ မဟုတ်ပါဘူး။ ဒီအချိန် ဘယ်နေရာကိုပဲ သွား သွား ကျွန်မ စိတ်ညစ်ရမှာပဲ။ ဒါနဲ့ ကျွန်မ ရန်ကုန်ပြန်ဖို့ကိစ္စကို ရှင် မကူညီနိုင်တော့ဘူးလား"

"အဲဒါက အပန်းမကြီးပါဘူး။ ဒါပေမဲ့ ... ခင်ဗျားကို ပြောပြီးပြီလေ။ တကယ်လို့သွားချင်ရင်တောင် မနက်ဖြန်မနက်မှပဲ သွားလို့ အဆင်ပြေမှာ"

"ဟင်း ... ဘယ်လိုလုပ်ရမှန်းကိုမသိတော့ဘူး"

"ဒီလိုလုပ်လေ ... ဒီည တည်းခိုခန်းတစ်ခုမှာ အိပ်လိုက်ပေါ့။ မနက်ကျမှ"

စကားပင် မဆုံးလိုက်။ ကောင်မလေးက ချက်ချင်းပဲ ...

"ဟင် ... မဖြစ်ဘူး မဖြစ်ဘူး၊ ကျွန်မ ကြောက်တယ်"

"ရော် ... ဒီမြို့မှာ မိန်းကလေးတစ်ယောက်ထဲ တည်းပေမယ့် ဘယ်သူမှ ဘာမှမလုပ်ပါဘူးဗျာ။ ခင်ဗျားကလည်း အသည်းပါးလိုက်တာ"

"အာ ... တစ်ယောက်တည်းက တည်းရဲတယ်။ ကျွန်မ ကြောက်တာက ခုလို ကျွန်မထွက်လာမှန်းသိရင် သူတို့လိုက်ရှာကြတော့မှာ၊ ရှင်က ဘာသိလို့လဲ"

"ဘယ်က သူတို့လဲ"

"မေမေတို့ပေါ့"

"ဟာဗျာ ... ကိုယ့်အမေလာရှာတာပဲ ပြန်လိုက်သွားလိုက်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မိဘအရိပ်ဆိုတာ"

"အမယ်လေး တော်ပါရှင်၊ အဲဒါတွေ ကျွန်မ သိတယ်။ ခုဟာက အဲဒီလိုလုပ်လို့ကို မဖြစ်လို့ပါ"

"ရှုပ်နေတာပဲဗျာ။ ကျွန်တော် နားလည်အောင် ပြောပြဦး"

"ဒါဆို ... ရှင်က ကူညီမှာလား"

"လာပြန်ပြီ၊ ဘာကိုကူညီရဦးမှာလဲဗျာ"

"ကျွန်မကို ဒီည စိတ်ချလုံခြုံရတဲ့နေရာကို ပို့ပေးရုံလေးပါ။ မနက် ကျရင် ကျွန်မ ရန်ကုန်ပြန်မယ်"

ပြောရင်း ကောင်မလေးက အားကိုးတကြီးကြည့်လာသည်။ ခင် မောင်ဇော်လည်း ခဏစဉ်းစားလိုက်ပြီး ...

"ဒါဆိုလည်း ပြီးရောဗျာ။ ခင်ဗျားကို ကျွန်တော့်ရဲ့မိန်းကလေး သူငယ်ချင်းအိမ်မှာ တစ်ညတည်းဖို့ လိုက်ပြောပေးမယ် ဟုတ်ပြီလား"

မျက်ဝန်းလေးများ တလက်လက်တောက်သွားသည့် ကောင်မ လေးကိုကြည့်ကာ ခင်မောင်ဇော်ရင်ထဲ ကြည်နူးသွားမိသည်။

ကောင်မလေးက ဆိုင်အပြင်ဘက်လမ်းမပေါ်မှ လှိုင်းထနေသော ထီးလျှပ်တွေကိုငေးရင်း ...

"ကျွန်မ အဖြစ်အပျက်ကတော့"

စကားအဆုံးမှာ ဘာကြောင့်မှန်းမသိ ခင်မောင်ဇော်ရင်ထဲ ဆောသွားသည်။ ရင်ထဲမှာလည်း ...

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

သူငယ်ချင်းဖြစ်သူ ချိုချိုမာတို့အိမ်ရှေ့ရောက်တော့ အမှောင်ရိပ်က စွန်းပေနေပြီ။ ဖြတ်ခနဲ ခုန်ဆင်းသွားသော ဆည်းဆာအောက်မှာ အမှောင်က ခပ်ဖွဖွလင်းနေသေး၏။

"ချိုချိုမာ ချိုချိုမာ"

ခေါ်ရသည်မှာလည်း မကောင်းချေ။ သို့သော်လည်း ချိုချိုမာဟု ခေါ်မှရတော့မည်။ အိမ်ရှေ့က အော်ခေါ်နေသံကြောင့် ချိုချိုမာ ပြေးထွက်လာပြီး –

"ခင်မောင်ဇော် မသာကောင်၊ နင် ချိန်းတုန်းကချိန်းပြီး ဘယ်သွားနေတာလဲ။ ဟင် ... သူက"

ခင်မောင်ဇော်ဘေးမှာ ရှိုးရှိုးလေးရပ်နေသည့် ကောင်လေးကို မြင်ပြီး ချိုချိုမာ အမ်းသွားခြင်းဖြစ်သည်။ "အမ်း" မြို့သို့သွားခြင်း မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



စကားမဆက်နိုင်ဘဲ ပြူးကြောင်ကြောင်ဖြစ်သွားခြင်းသာ ဖြစ်သည်။

အခြေအနေအရ ခင်မောင်ဇော်ကလည်း ဆက်အမေးမခံဘဲ ...

"ချိုချိုမာ ... လာဦး။ ငါ နင့်ကိုပြောစရာရှိလို့"

ခပ်လှမ်းလှမ်းကိုရောက်မှ ချိုချိုမာက မအောင့်အီးနိုင်တော့ဘဲ ဗျာပျာသလဲနှင့် ...

"ဟဲ့ ... နင် မိန်းမခိုးလာတာလား"

"အာ ... ဘယ်ကဟုတ်ရမှာလဲ။ နင့်အကူအညီလိုလို့ လာတာ တာ"

"ဟုတ်မှလည်းလုပ်ပါ ခင်မောင်ဇော်ရယ်။ ငါ့ကို လာဖြီးမနေနဲ့။ အဲဒီတစ်ယောက်က ဒီကမဟုတ်တာ သေချာတယ်"

အရေးထဲ ချိုချိုမာက မယုံသင်္ကာဖြစ်နေသေးသည်။ ဒီမြို့လေးက ကျဉ်းတော့လည်း လူစိမ်းဆိုလျှင် မြင်တာနှင့် သိနိုင်သည်ပဲလေ။ ကောင်မလေးကတော့ ဆိုင်ကယ်ဘေးနားမှာရပ်ကာ သူတို့ကို အကဲခတ်နေ၏။

ခင်မောင်ဇော်က ...

"ဒီလိုဟာ ... ငါ နင်တို့နဲ့ညနေမှတွေ့မယ်ဆိုပြီး မနက်က ကမ်းခြေကို ရောက်သွားတယ်။ အဲ ... အပြန်မှာ"

ထိုသို့အစချီပြီး အဖြစ်အပျက်ကို ရှင်းပြပြန်သည်။ ချိုချိုမာက အံ့တသြ နားထောင်ပြီးမှ –

"ဒါဆို သူက သူ့အမေပေးစားချင်တဲ့လူကို မယူချင်လို့ ပြေးလာ သာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... သူကတော့ အဲလိုပဲပြောတာပဲ။ သူတို့မိသားစုနှစ်စု စလုံး ကမ်းခြေကို လာလည်ကြတာဟ။ ဒီကပြန်ရင် ရန်ကုန်မှာ ပေးစားတော့ မယ်လို့ပြောတယ်။ အဲဒါနဲ့ မပြန်ခင်မှာ ထွက်ပြေးလာတာတဲ့"

"ဟဲ့ ... သူက မနက်ဖြန် ရန်ကုန်ပြန်မှာဆို"

"အေးလေ"

"ဟိုရောက်ရင်ကော သူ့ကို မတွေ့တော့ဘူးလားဟယ်"

"ဟာ ... ဒါက သူ့ကိစ္စပါ။ သူ့သူငယ်ချင်းတွေဆီမှာ ရှောင်နေ မယ် ပြောတာပဲ"

ချိုချိုမာက ခေါင်းတညိတ်ညိတ်လုပ်ရင်း ...

"အင်း ... သဘောပေါက်ပြီ။ ခု ငါက ဘာလုပ်ပေးရမှာလဲ"

"ဒီတစ်ညကို နင့်အိမ်မှာ ခေါ်သိပ်ထားလိုက်ဟာ။ မနက်ကျရင် သူပြန်မှာပဲ"

"အဲဒါက ရပါတယ်၊ ငါ့အိမ်မှာလည်း အဒေါ်နဲ့ငါနဲ့ပဲ ရှိတာ။ ဒါများ ဟယ် ညနေကတည်းက ချိန်းထားတဲ့နေရာကို ခေါ်လာခဲ့ရင် ပြီးရော။ ဟိုကောင်တွေက နင်နဲ့တွေ့ချင်လို့ စောင့်နေတာ။ ခုတောင် နင့်အိမ်လိုက် သွားကြပြီ"

အောင်သန့်ဦးနှင့် ကျော်စိုးတို့ကို ရည်ညွှန်းခြင်းဖြစ်သည်။ နီလာ နိုင်ကတော့ မိန်းကလေးမို့ လိုက်သွားမည်မဟုတ်။ မည်သို့ပင်ဖြစ်စေ ဒီကိစ္စက အရေးကြီးနေသည်မို့ ...

"ငါလည်း အစက လာခဲ့မလို့ပဲ။ သူက နေ့ခင်းကက် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရှာကြရင် တွေ့သွားမှာစိုးလို့ နေမှောင်မှလာခဲ့တာဟ"

"ဟယ် ... ဒါဆို နင်နဲ့တစ်ရက်လုံးပေါ့။ ဘယ်မှာပုန်းနေတာလဲ"

"အရေးထဲမှာ နင်ကလည်းတစ်မျိုး။ ဘယ်မှာမှ မပုန်းဘူး။ ဆေးရုံနားက လက်ဖက်ရည်ဆိုင်ထဲမှာ ထိုင်နေကြတာ"

"ပြီးရော ... ဒါဆိုလည်း ခေါ်လိုက်လေ။ ဟိုမှာ တစ်ယောက်တည်းဖြစ်နေပြီ"

"အေး ... အေး"

လှမ်းခေါ်မည်ပြုပြီးမှ သတိရသွား၍ –

"ဟဲ့ ချိုချိုမာ ... တစ်ခါတည်း မှာထားရဦးမယ်။ ငါ့ကို စာရေးဆရာဆိုပြီး ဘာညာနဲ့ပွားမနေနဲ့နော်။ ငါလည်း အလည်ပြန်လာတာပဲပြောထားတာ"

"ဘာဖြစ်လို့လဲ ... ဟိုက နင့်စာဖတ်ပရိသတ်ဆိုရင် ပိုပြီး"

"တော်ပါဟာ ... တော်ကြာ ဇာတ်လမ်းရှာတယ် ထင်နေဦးမယ်။ ပြီးတော့ သူက မနက်ဖြန်ပြန်မှာပဲဟာကို လျှောက်ပြောမနေနဲ့တော့ ကြားသား"

"သဘောပဲ ... ဒါနဲ့သူ့နာမည်က"

"နှင်းဝါလို့ ပြောတာပဲ။ လာ ... သွားမယ်"

အနားရောက်တော့ နှင်းဝါက အဆင်ပြေပါ့မလားဟု စိုးရိမ်နေပုံရသည်။ ခင်မောင်ဇော်က ချိုချိုမာကို ...

"ဟဲ့ ချိုချိုမာ ... သူက မနှင်းဝါတဲ့။ မနှင်းဝါ ... ဒါက ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ချီချီမာပဲ”

“ဟိုလေ . . . ကျွန်မပြောတာ အဆင်ပြေ”

မျက်လုံးလေး ကလယ်ကလယ်ဖြစ်နေသည့် နှင်းဝါကို ချီချီမာက ပြုံးပြရင်း . . .

“ပြေပါတယ် မနှင်းဝါရဲ့၊ ဘာမှစိတ်မပူနဲ့တော့ ကျွန်မတို့မြို့က လူတွေက ကူညီတတ်ပါတယ်။ ခုပဲ ခင်မောင်ဇော်ကိုကြည့်ပါလား”

“ကျေးဇူးပါပဲရှင်၊ ရှင်တို့ကို တကယ်ကျေးဇူးတင်ပါတယ်၊ နောက်မှ”

“ကဲ ကဲ . . . နောက်တွေ ရှေ့တွေပြောမနေနဲ့တော့၊ ချီချီမာ ငါ စိတ်ချမယ်နော်”

ခင်မောင်ဇော်ပြောကြောင့် ချီချီမာ မျက်စောင်းထိုးကာ . . .

“အမယ်လေးဟဲ့ . . . နင့်နှင်းဝါကို ငါက ကိုက်စားမှာ ကျနေတာပဲ”

ချီချီမာက နောက်သလိုပြောလိုက်သော်လည်း ခင်မောင်ဇော့် မျက်နှာ ထူအမ်းသွားသည်။ သူလိုပင် အနေခက်သွားသည့် နှင်းဝါကိုကြည့်ပြီး ခင်မောင်ဇော်က –

“ချီချီမာ . . . နင်လျှောက်နောက်မနေနဲ့။ သူများဒုက္ခရောက်နေတဲ့အချိန်မှာ။ မနှင်းဝါ တစ်မျိုးမထင်နဲ့နော်၊ ချီချီမာက ဒီလိုပဲ။ သူ့နာမည်ကြီးကိုကြည့်ပါလား။ သရိုးသရီနဲ့ အဟီး”

“ဟဲ့ ခင်မောင်ဇော် . . . မသာကောင် ကောင်စုတ်။ နင် စထားဦး



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ရတယ်နော် ... ဟင်း ဟင်း"

နည်းမျိုးစုံကျိန်ဆဲရင်း ချိုချိုမာက ကျိန်းတော့သည်။ ခင်မောင်ဇော်က တဟားဟားရယ်နေသဖြင့် နှင်းဝါမှာလည်း လိုက်ရယ်နေမိ၏။ သူတို့နှစ်ယောက်၏ ပေါ့ပါးနေသောပုံစံတွေကိုကြည့်ပြီး ကိုယ့်အဖြစ်ကိုယ် နှင်းဝါ ပင့်သက်ရှိုက်မိတော့သည်။

ချိုချိုမာက နှင်းဝါကိုကြည့်ပြီး –

"တွေ့လား မနှင်းဝါ၊ ဒီကောင်က ငယ်ငယ်ကတည်းက သူများတိုင်း လိုက်ပြီး ရုပ်တုနေတာ၊ ဒါကြောင့်လည်း"

"ဟဲ့ ချိုချိုမာ ... ငါပြောစရာရှိသေးတယ်"

စကားမဆုံးခင် လိုက်ပိတ်လိုက်ရသည်။ ဒီဟာမပါးစပ်က ပြောလို့ ရသည်မဟုတ်။ ချိုချိုမာလည်း သူ့စကားလွန်သွားမလိုဖြစ်သွားခြင်းကို သဘောပေါက်စွာ ...

"အေး ... ခင်မောင်ဇော် ပြောလေ"

"ဩော် ... ကားက မနက်စောစောထွက်မှာဆိုတော့ ငါ မနက် ခုပဲ မနှင်းဝါကိုလာခေါ်ပြီး လိုက်ပို့ပေးလိုက်မယ်"

"ရပါတယ်ဟာ၊ ငါ့အိမ်နဲ့ ကားဂိတ်က သိပ်မှမဝေးတာ။ ငါ ဆိုင်ကယ်နဲ့ပဲ လိုက်ပို့လိုက်ပါ့မယ်၊ ကိစ္စမရှိဘူး"

ခင်မောင်ဇော့်ရင်ထဲ နှမြောသလိုဖြစ်သွား၏။ အတင်းကြီးလိုက် ပို့ပါမည်ဟု ထပ်ပြောရအောင်လည်း မကောင်းချေ။ ရင်ထဲကဖြစ်သွားသည့် စိတ်ကို နားမလည်နိုင်သော်လည်း ချိုးနှိမ်လိုက်ရင်း –



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဒါဆိုလည်း ပြီးရော၊ မနှင်းဝါ ကျွန်တော်ပြန်ပြီ။ ဒီည စိတ်ချလက်ချသာ အနားယူလိုက်တော့"

"ဟုတ်ကဲ့ ... ခုလို ကျွန်မကို ကူညီခဲ့တာ တကယ်မမေ့ပါဘူး"

"ရပါတယ် မနှင်းဝါရယ်။ လူသားတွေပဲ လိုအပ်လို့ကူညီခွင့်ရတာ ကျေးဇူးတင်စရာမလိုပါဘူး"

စူးစမ်းခြင်းများမပါဘဲ တစ်ယောက်နှင့်တစ်ယောက် ကြည့်မိကြသည်။ ခင်မောင်ဇော်က အရင်မျက်စိလွှဲလိုက်ပြီး ...

"ကဲ ချိုချိုမာ ... ငါသွားပြီနော်။ နင့်အဒေါ်က အဆင်ပြေပါတယ်နော်"

"ငါ့အဒေါ်က အေးဆေးပါ။ မီးသေပါတယ်ဟ"

"ဘာလဲ ဆယ်နာရီထိုးရင်လား"

နှစ်ယောက်သား ရယ်မိကြသည်။ နောက်ဖြစ်သွားသော်လည်း ခင်မောင်ဇော့်ရင်ထဲမှာ ပေ့ါပါးမသွားပါ။ အိမ်အပြန်လမ်းတစ်လျှောက် နှင်းဝါနှင့် ဆုံခဲ့ရသည့်အဖြစ်ကိုပဲ တွေးနေမိ၏။

အိမ်ပြန်ရောက်ရောက်ချင်း ဆူညံနေသော အသံဗလံများကြောင့် သဘောပေါက်လိုက်၏။ ထင်သည့်အတိုင်းပင် အောင်သန်းဦးနှင့်ကျော်စိုး တို့က ဦးလေးနှင့် ဖွဲ့စည်းနေကြပြီ။ ဦးလေးက လူတစ်မျိုးဖြစ်သည်။ အရက်နှင့်ပတ်သက်လျှင် အသားအရောင် မခွဲခြားသလို သောက်မည့်အဖော်များကို လည်း အယုတ်၊ အလတ်၊ အမြတ်ရွေးသူမဟုတ်ပါ။ ခုလည်း ဟိုနှစ်ကောင်နှင့် မနေ့က လက်ကျန် အနီပုလင်းကို ရှပ်ရှပ်ချွဲချွဲ ပြီးနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဇော် အပေါ်တက်သွားတော့ ဦးလေးက အသံပြဲကြီးနှင့်–

"ဟိုမှာ လာပါပြီဗျာ၊ မင်းတို့သူငယ်ချင်း နိုင်ငံကျော်စာရေးဆရာကြီး"

"ဟော့ကောင် . . . မင်းက တစ်နေ့လုံး ဘယ်ရောက်နေတာလဲ။ ညနေကလည်း ချိန်ထားပြီး မလာဘူး"

"အေးလေ . . . ငါတို့ ထူးကဲမှာ အကြာကြီးပဲ မင်းကိုစောင့်နေတာ"

နှစ်ကောင်သား ဝိုင်းပြီးအပြစ်တင်ကြတော့သည်။ ခင်မောင်ဇော်လည်း နှင်းဝါနှင့်ဆုံနေသည့်အကြောင်းကို ပြောပြမည်ကြံပြီးမှ ဘာမှမထူးပါဘူးလေဟု စိတ်ပြောင်းသွားပြီး မပြောဖြစ်တော့ –

"ဟဲ ဟဲ . . . ကမ်းခြေမရောက်တာကြာတာနဲ့ ညနေပိုင်း နေဝင်ချိန် (sunset) ကိုပါ ထိုင်ကြည့်ရင်း နောက်ကျသွားတာ"

ပြီးစလွယ်ဖြေလိုက်သဖြင့် နှစ်ကောင်စလုံး၏မျက်နှာတွေ အီးမှန်သွားကြသည်။ ကျော်စိုးက အရက်လက်ကျန်ကိုမော့ရင်း –

"နေဝင်တာများကွာ အထူးအဆန်းလုပ်ပြီး ထိုင်ကြည့်နေရတယ်လို့။ မင်းတို့စာရေးဆရာတွေများ အကုန်လိုက်ခံစားနေတော့တာပဲ"

"ဟော့ကောင် စာရေးဆရာမှ မဟုတ်ဘူး . . . တစ်ကမ္ဘာလုံး နေဝင်တာကို ခံစားတဲ့လူတွေ တစ်ပုံကြီး"

"ခံစားပါကွာ . . . ခံစားပါ။ ငါတို့ကလည်း မင်းမရှိလို့ မင်းသယ်လာတဲ့ပုလင်းကို ဦးလေးနဲ့ခံစားနေကြတာ"



www.burmeseclassic.com

www.burmeseclassic.com



အောင်သန်းဦးက ခပ်ငေါ့ငေါ့ပြောရင်း သူ့ခွက်ထဲ အရက်ထပ်ထည့်လိုက်သေးသည်။

ဦးလေးက တဟားဟားရယ်ကာ . . .

"မင်းတို့ကလည်း ပြောလည်း ပြော၊ တိုက်လည်း တိုက်လေကွာ။ ငါ့တူလေးကို ထည့်ပေးလိုက်ကြပါဦး"

"ဟာ . . . ကျွန်တော် ဒီနေ့မသောက်တော့ဘူး ဦးလေး။ ကျော်စိုး နေ နေ မထည့်နဲ့တော့"

ထည့်ပေးမလိုလုပ်ပြီးမှ ကျော်စိုး လက်တွန့်သွားသည်။ အချိန်အခါစောင့်နေပုံရသော အန်တီထားက –

"ကဲ ကိုအောင်သိန်း . . . သားနဲ့သောက်မယ်ဆိုလို့ ကြည့်နေတာနော်။ တော်လိုက်ရင် ကောင်းမယ်။ တကယ်တည်း တွေ့ကရာလူနဲ့ သောက်တော့တာပဲ"

"ဟာဗျာ . . . အန်တီထားကလည်း"

ကျော်စိုးက မဲ့ရွဲ့ရွဲ့နှင့် ညည်း၏။ အန်တီထားက ထိုနှစ်ကောင်နှင့် လင်တော်မောင်ကို သိမ်းကြုံးကြည့်ပြီး –

"အန်တီထားကလည်း မလည်းနဲ့၊ ညနက်ပြီ မင်းတို့လည်း ပြန်တော့။ ဟိုတစ်ယောက်လည်း သဘောပေါက်တယ်နော်"

အန်တီထားကိုတော့ နှစ်ကောင်စလုံး ရှိန်ကြသည်။ ဦးလေးဆို ပြောစရာကိုမလိုတော့။ နောက်ဆုံးတစ်ခွက်ကို ကပ်သပ်သောက်ပြီး ယောက်ျားမာနဖြင့် ထသွားလေသည်။ ပုံစံကြည့်ခြင်းအားဖြင့် မောင်ဖော်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သောက်မည်ဆို၍ အန်တီထားက လွှတ်ပေးထားခြင်းဖြစ်မည်။

ဦးလေးထသွား၍ အခွင့်အရေးသမားနှစ်ကောင်လည်း ဝိုင်းသိမ်းလိုက်ရ၏။

ပြန်ခါနီး အောင်သန်းဦးက ခပ်ထွေထွေနှင့် –

"ဟေ့ကောင် ... မင်း ဒီနေ့ပျက်ကွက်တာကို ကျေနပ်တာမဟုတ်ဘူးနော်၊ မနက်ဖြန်မှ မင်းနဲ့တွေ့မယ်"

"တွေ့မယ်လေ ... ဘယ်ကိုလာခဲ့ရမလဲ"

"ဟာ ... ဒီကောင်ကွာ။ မင်းကို ညှဉ်းမလို့ပြောတာကွ။ နားလည်လား"

ကျော်စိုးကလည်း ခင်မောင်ဇော်ကို ကြည်လင်ပုံမရ။ ဆက်စကားပြောနေလျှင် ပိုရစ်လာမည့်သဘောတွေရှိနေသည်။

ထို့ကြောင့် နှစ်ကောင်စလုံး၏ပခုံးကို သိုင်းဖက်ကာ ခြံဝ လိုက်ပို့ပေးပြီး –

"ကောင်းကောင်းပြန်ကြကွာ။ မင်းတို့လည်း မူးနေပြီ။ မနက်မှထူးကဲမှာတွေ့မယ် ဟုတ်ပြီလား"

"အိုကေ ... အိုကေ၊ ဘိုင့်ဘိုင်နော်။ ဟေ့ကောင် စာရေးဆရာမင်းမိန်းမလေး,ဘာလေး မယူသေးဘူးလား"

"မယူသေးပါဘူး သူငယ်ချင်းရာ၊ ရည်းစားမှမရှိသေးတာ"

"ဟား ဟား ... စာရေးဆရာတဲ့ကွာ။ ဟေ့ကောင် ... မင်းအချစ်ဝတ္ထုတွေမရေးနဲ့ ပေါက်သွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြောင်အော်ဟစ်ပြီး ဆိုင်ကယ်နှင့်ထွက်သွားကြတော့သည်။ ရည်းစားထားတာနှင့် အချစ်ဝတ္ထုရေးတာက ဆိုင်လားမဆိုင်လား သူလည်း မသိချေ။ ထိုသို့ ရည်းစားရှိမှ ရေးရမည်ဆိုပါက ခင်မောင်ဇော် စာရေးဆရာပင် ဖြစ်လာမည်မဟုတ်။ ခုလည်း ရည်းစားမရှိပေမယ့် ခါတိုင်းလို ခင်မောင်ဇော် စာမရေးဖြစ်ပါ။

အိပ်စက်ခြင်းကို နိုးယူတတ်သော နတ်သမီးရှိပါက သူ့အကြောင်း ကဗျာတစ်ပုဒ်လောက် ရေးဖြစ်ချင်ပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

မနက်ပိုင်း လက်ဖက်ရည်ဆိုင်မှာ ဆုံဖြစ်ကြသည်။ မြို့ကလေး၏ ညည်းသိပ်လေများကို ရှူရင်း ငယ်သူငယ်ချင်းများနှင့် စကားပြောရသည်မှာ နွေးနွေးကြည်ကြည် ရှိလှသည်။ ဆိုင်ကလေးမျက်နှာစာသို့ပင် နေခြည် ဖျော့ဖျော့ မသန်းသေး။ နံနက်ခင်းက ခပ်ပြေပြေလှနေ၏။

ငြိမ်နေသည့် ခင်မောင်ဇော်ကိုကြည့်ပြီး ကျော်စိုးက –

"လမ်းမကိုငေးပြီး ဘာတွေများ စဉ်းစားနေတာလဲကွ"

"ဒီလိုပါပဲ ... ဘာရယ်မဟုတ်ပါဘူး။ ဒါနဲ့ နီလာကော မလာသေးဘူးလား"

ကျော်စိုးက အောင်သန်းဦးကို မေးငေါ့ပြ၏။ အောင်သန်းဦး၏ နီလာနိုင်က သူငယ်ချင်းအဆင့်တွေကျော်ကာ ရည်းစားတွေ ဖြစ်နေကြပြီး အောင်သန်းဦးကပဲ ...



www.burmeseclassic.com

www.burmeseclassic.com



"နီလာက ဈေးကအပြန် ဝင်လာခဲ့မယ်လို့ ပြောတယ်။ ကျော်စိုး ... ချိုချိုမာကော ဘာပြောသွားသေးလဲ"

"ဟာ ... ဘယ်သိမှာလဲ။ မင်းတို့လို တွဲဘောတွေမှ မဟုတ်တာ။ ဘိလိယက်စကားနဲ့ ပြောရရင် ငါက စတိုက်ကာကွ။ ဘယ်လိုချိန်ချိန် ရသေးတယ် ... ဟဲ ဟဲ"

ချိုချိုမာနာမည်ပါလာတော့မှ ခင်မောင်ဇော်လည်း နှင်းဝါဟု စိတ်ထဲက ရေရွတ်မိသည်။ ဒီအချိန်ဆို ရန်ကုန်ပြန်လောက်ပြီပေါ့။ ခင်မောင်ဇော့်ရင်ထဲ နွေးပြုံ ဖြစ်သွား၏။ သတိရမိသည်လား မပြောတတ်။

အောင်သန်းဦးက -

"မင်းမသိလည်း ချိုချိုမာ လာမယ်ထင်တာပဲ။ ဟော့ကောင် ခင်မောင်ဇော် ... မင်းမရှိလည်း ငါတို့သူငယ်ချင်းလေးယောက်က မနက်တိုင်း လိုလို ဒီမှာပဲ ထိုင်ဖြစ်ကြတာကွ"

မြို့ကလေးမှာ ရှိကျန်နေကြသည့် သူငယ်ချင်းတွေကတော့ ဒီလိုပဲ စုစုစည်းစည်း ရှိတတ်သည်။ ရန်ကုန်မှာဆိုလျှင်တော့ ကိုယ့်အလုပ်နှင့်ကိုယ်မို့ ငယ်သူငယ်ချင်းတွေရှိပေမယ့် သိပ်မတွေ့ဖြစ်ကြ။

ခင်မောင်ဇော်စဉ်းစားနေစဉ်မှာပဲ နီလာနိုင်က ဈေးခြင်းတောင်းကြီး ဆွဲကာ ရောက်လာပြီး -

"ဟယ် ခင်မောင်ဇော်ရယ် ... အသားတွေဖြူပြီး နင်ဝလာတယ်နဲ့ သိလား"

"သိသားပဲ၊ နင့်အောင်သန်းဦးရှေ့မှာကြောင့် အရင်ထက် ပိုချော

www.burmeseclassic.com

www.burmeseclassic.com



လာတယ်လို့ မပြောခဲ့တာ မဟုတ်လား"

"မသာကောင်၊ အကျင့်က မပျောက်သေးဘူး။ အဲ ... ကိုဦးလို့ ပြောမှပဲ သတိရတော့တယ်"

"ဘာလဲဟ နှင့်ဟာက"

ကျော်စိုးက ဝင်မေးပြန်သည်။ နီလာနိုင်က ...

"ငှက်ပျောသီးဝယ်မလို့ဟာလေ၊ ကိုဦးကိုမြင်တော့မှ သတိရတယ်လို့ပြောတာ"

"ဟော ... နှင့်ဘဲကိုမြင်မှ ငှက်ပျောသီးကိုသတိရတယ် ဟုတ်လား။ နီလာရယ် နှိုင်းစရာရှားလို့ဟာ"

ရယ်ကျဲကျဲနှင့် ကျော်စိုးက ထပ်စနေ၏။ နီလာနိုင်က နဝေတိမ်တောင်ဖြစ်နေသော်လည်း သူ့ဘဲအောင်သန်းဦးရှိက ငှက်ပျောသီး ခြောက်ထက်ပင် ရှုံ့တွနေပြီ။

ခင်မောင်ဇော်လည်း မသိကျိုးကျွံပြုကာ ရယ်ဟဟလုပ်ရင်း –

"ကဲ ... ပြောပါဦး။ နှင့်ဘဲနဲ့ငှက်ပျောသီးက ဘယ်လိုပတ်သက်နေလို့လဲ"

နီလာနိုင်က ရှက်ကိုးရှက်ကန်းဖြစ်သွားသော်လည်း အရှက်မရှိစွာ–

"ကိုဦးက ငါနဲ့ကြိုက်စကဟာ ငါ့ကိုပိုးပန်းလို့တဲ့။ ငါ့ဆီလာရင် ငှက်ပျောသီးပါ ပါလာတယ်ဟ။ ငါလည်း မနက်ဆို ငှက်ပျောသီးစားတဲ့ အကျင့်ပါနေပြီလေ။ ခုကျတော့ ငါ့ကို ဂရုမစိုက်တော့ဘူး။ နှင့်သူငယ်ချင်းက"

www.burmeseclassic.com

"ဟော ... ဘာဖြစ်ပြန်ရတာလဲ"

www.burmeseclassic.com



စကားထောက်ပေးလိုက်၍ နီလာနိုင်က သူ့ဘဲ အောင်သန်းဦး ကို မျက်စောင်းထိုးပြီး –

"ဘာဖြစ်ရမှာလဲ၊ ငါနဲ့ကြိုက်တာလည်းကြာရော မကျွေးတော့ဘူး လေ၊ ငါ့မှာ ဝယ်ဝယ်စားနေရတယ်"

ခင်မောင်ဇော်နှင့်ကျော်စိုးတို့လည်း မအောင့်နိုင်တော့ဘဲ ဝါးလုံးကွဲ ရယ်ကြတော့သည်။ နီလာနိုင်က အူတီးအူကြောင်ဖြစ်နေသလောက် အောင် သန်းဦးက အခံရခက်ဟန်ဖြင့် –

"နီလာရယ် … ဒီကောင်တွေရှေ့မှာမှ သွားပြောနေသေးတယ်"

"အာ … ကိုဦးကလည်း အမှန်အတိုင်းပြောတာကို၊ နေစမ်းပါ ဦး နင်တို့က ဘာကိုရယ်နေကြတာလဲ"

နီလာနိုင်က အတီးအတနှင့် ထပ်မေးနေသေး၏။ အောင်သန်းဦး မှာဖြင့် ငှက်ပျောသီးတစ်လုံးနှင့် ကိုယ်ကျိုးနည်းနေပြီ။

ခင်မောင်ဇော်က မျက်နှာပိုးသတ်ကာ …

"ကဲ အောင်သန်းဦးရေ … နီလာကို ငှက်ပျောသီးပြန်ကျွေး လိုက်ပါကွာ။ တော်ကြာ … နီလာ ဝယ်စားနေရဦးမယ်"

"အေပေး"

အောင်သန်းဦးက ထဆဲတော့၏။ ထဆဲသည်ဟုဆိုသော်လည်း မတ်တတ်ရပ်ပြီး ကျကျနနဆဲခြင်းမဟုတ်ပါ။ ရုတ်တရက် ဆဲဆိုဖြစ်သွား ခြင်းကို ဆိုလိုပါသည်။

မှာဖူစားသောက်ကြပြီး လေးယောက်သား ဇေဝပန်းနေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခုချိန်ထိ ချိုချိုမာ မပေါ်လာသေး၍ ခင်မောင်ဇော်က ထိုင်ရာမှ ပြီး –

“ခဏလေးကွာ ... ငါ ချိုချိုမာ့ကို လှမ်းခေါ်လိုက်ဦးမယ်”

ဆိုင်ထဲမှဖုန်းဖြင့် ချိုချိုမာအိမ်ကို လှမ်းဆက်ခြင်းဖြစ်သည်။ ဖုန်းက န်းဝင်သွား၏။

ချိုချိုမာက လာကိုင်ပြီး (ဖုန်းကိုဖြစ်သည်)။

“ဟဲ့ ခင်မောင်ဇော် ... ဟိုကောင်တွေရှိလား”

“အကုန်ရှိတယ်၊ နင်မလာသေးလို့ စောင့်နေကြတာ။ ဘာ လုပ်နေတာလဲဟ၊ ဟဲ့ ... ဟိုတစ်ယောက်ကော သွားပြီလား”

သတိတရနှင့် နှင်းဝါကို မေးလိုက်သည်။ ချိုချိုမာက ချက်ချင်းပဲ

“ဒါလည်း နင်ဆက်မလာလို့ စောင့်နေတာဟဲ့။ နင့်မှာ ဆိုင် ကယ်ပါလား”

“အေး ... ပါတယ်”

“ဒါဆိုလည်း ငါ့အိမ်ကို အမြန်လာခဲ့ပေတော့”

“ဟာ ... ဘာဖြစ်လို့လဲ။ နင့်ကိုလာခေါ်ရမှာလား။ နင့်ဆိုင်ကယ် နဲ့ပဲ လာခဲ့လေ”

“ခင်မောင်ဇော် ...နင် လာမှာသာ လာခဲ့ဟာ”

“ရော် ... ဘာဖြစ်နေတာလဲ ချိုချိုမာရယ်”

“ဘာဖြစ်နေတာလဲ ဟုတ်လား။ ဒီမှာ ... ခုထိ နှင်းဝါ မပြန်ရ သေးဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဟေ"

ခင်မောင်ဇော်စိတ်တွေ အုံ့အုံ့ပျာပျာ ဖြစ်သွားသည်။ စိုးရိမ်သွားခြင်း မျိုးလည်း မဟုတ်ပါ။ အကျိုးအကြောင်းမေးရန် ကြိုလိုက်သော်လည်း ချိချိမာက ဖုန်းချသွား၏။ ဘယ်လိုတွေဖြစ်ကုန်ပြီ မသိချေ။

ဒီဘက်ကအုပ်စုကို လှည့်ပတ်ပြောပြီး ချိချိမာအိမ်သို့ အမြန်ထွက် လာခဲ့သည်။

အိမ်အဝမှာ ထွက်စောင့်နေပုံရသော ချိချိမာက ခင်မောင်ဇော်ကို

•••

"ဘယ်လိုမှအဆင်မပြေဘူး ခင်မောင်ဇော်ရေ ကားဂိတ်ရောက် တော့မှ နှင်းဝါမှာ မှတ်ပုံတင်မပါလာမှန်းသိရတာ။ ဒီကားတွေကလည်း ရိုးမတောင်ပေါ်လမ်းက သွားတာဆိုတော့ စစ်ဆေးရေးရှိတယ်လေ။ ငါလည်း ပြောကြည့်သေးတာပဲ။ မှတ်ပုံတင်မပါလို့ ဘယ်ကားမှ မတင်ရဲကြဘူး"

ချိချိမာက ခြေခြေမြစ်မြစ် ရှင်းပြရှာသည်။ အိမ်ပေါ်တက်လိုက် တော့ နှင်းဝါကို မျက်နှာမသာမယာနှင့် ငုတ်တုတ်ကလေး တွေ့လိုက်ရ၏။ ဒီလောက် စိတ်ညစ်နေတာတောင် တော်တော်လှကြောင်း ခင်မောင်ဇော် အသိအမှတ်ပြုလိုက်သည်။ ခုလို မပြုံးဖြစ်သေးတာကိုပဲ ပျော်သလိုလိုဖြစ် မိတာ အားနာဖို့ပင် ကောင်းလှသည်။ အဟီး။

မျက်နှာကို အတတ်နိုင်ဆုံး တည်လိုက်ပြီး –

"ဘယ်လိုဖြစ်ရတာလဲ မနှင်းဝါရယ်။ မှတ်ပုံတင်မပါတာကို မသိ ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"သိတော့ သိပါတယ်၊ ဟိုလေ သွားလို့ရမယ်ထင်လို့"

ခုလိုကျတော့လည်း ခင်းကလေးက သနားစရာ။

"ဒီဘက်က တခြားနေရာတွေနဲ့ မစပ်ဘူးလေ။ ဒါနဲ့ မနှင်းဝါ အလာတုန်းက မှတ်ပုံတင်မပါလာဘူးလား"

"ပါလာပါတယ်၊ လာတုန်းက လေယာဉ်နဲ့လာတာဆိုတော့ ခုလို ဖြစ်မယ်မှန်းလည်း မထင်ဘူးလေ။ စိတ်ညစ်လိုက်တာ တကယ်ပဲ"

နှင်းဝါပုံစံကိုကြည့်ပြီး ခင်မောင်ဇော်က တွေးမိသွား၏။ တွေးတွေး ဆဆပင် ပြောလိုက်သည်။

"အဲဒါက အကြောင်းမဟုတ်ဘူး။ ဒီလိုသွားလို့မရမှန်းသာသိရင် မနှင်းဝါတို့အိမ်က ဒီမြို့မှာပဲ ရှိဦးမှာကို သေချာပေါက်သိနေမှာပဲ"

"ဘယ် ... ဘယ်လိုလုပ်ရမလဲဟင်"

ထိတ်ထိတ်ပျာပျာဖြစ်လာသောကြောင့် ခင်မောင်ဇော်က လေသံကို ငြိမ်အောင်ကြိုးစားလိုက်ရင်း –

"သူတို့သိချင်မှလည်း သိမှာပါ။ ဒါပေမဲ့ မှတ်ပုံတင်မရှိလို့ကတော့ မလွယ်ဘူးဗျ"

နှင်းဝါက သူ့ကိုကြည့်ကာ တစ်စုံတစ်ခုကို သတိရဟန်ဖြင့်–

"ဟို ... ကျွန်မ မှတ်ပုံတင်က မေမေ့ဆီမှာတော့ မဟုတ်ဘူး။ ဟိုတယ်မှာ အပ်ထားတာ။ အင်း ... သွားယူရင်တော့ ရမလားမသိဘူး"

"ဟာ ... မနှင်းဝါ သွားယူရင် သူတို့ မနှင်းဝါကို တွေ့သွားမပေါ့"

ဒီတစ်ခါ လန့်သွားသူက ခင်မောင်ဇော်ဖြစ်သည်။ နှင်းဝါကတော့



www.burmeseclassic.com

www.burmeseclassic.com



အပြုံးယဲ့ယဲ့လေးနှင့် ခေါင်းလေးအသာယမ်းပြီး ...

"ကျွန်မလည်း သွားမယူခဲ့ပါဘူး။ ကိုခင်မောင်ဇော်ပဲ ကူညီလက်စနဲ့ ကူညီပါလားဟင်။ ကျွန်မ ဟိုတယ်နေရာနဲ့အခန်းကို ပြောလိုက်မယ်။ အဲဒီမှာ အန်တီလေးကိုပြောပြီး ယူခိုင်းရင်ရမှာပဲ။ အန်တီလေးက ကျွန်မလူပါ"

"ကျွန်တော်မှ မနှင်းဝါအန်တီလေးကို မမြင်ဖူးတာ။ ပြီးတော့ ကျွန်တော့်ကို ယုံဦးမှပဲ"

"ဒါတွေ ကျွန်မ တာဝန်ထားပါ။ အန်တီလေးဆီကို စာရေးပေးလိုက်မယ်လေ။ အန်တီလေးက ကျွန်မလူပါ။ ဘာမှရှော့ခ်မရှိဘူး။ သွားပေးပါနော် ကိုခင်မောင်ဇော်"

အားကိုးတကြီးကြည့်နေသည့် မျက်ဝန်းလေးကို ခင်မောင်ဇော် တိမ်းမှူးမှင်တက်နေမိသည်။ သက်ပြင်းဖွဖွချပြီး ချိုချိုမာကို လှမ်းကြည့်လိုက်၏။ ချိုချိုမာက ဘယ်လိုလဲဟူသောအကြည့်ဖြင့် ပြုံးစစ လုပ်နေသည်။ သူ့ကို လှောင်နေသည်ပေါ့။ ရပါသည်။ ကိုယ်ကလည်း လိုအပ်လျှင် သုံးရန် သိမ်းဆည်းထားသည့် ယောက်ျားမာနကို ထုတ်ပြရပေလိမ့်မည်။

ချိုချိုမာကို မထီတရီလေး ကြည့်ပေးလိုက်ပြီးမှ နှင်းဝါဘက် လှည့်ကာ တစ်ဖြောင့်တည်း ပြောချလိုက်၏။

"စိတ်ချ မနှင်းဝါ ... ကျွန်တော် ကူညီပါ့မယ်"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

အရပ်ကူပါ လူဝိုင်းပါဆိုသလို အောင်သန်းဦးနှင့်ကျော်စိုးတို့အား ခင်မောင်ဇော် တိုင်ပင်ရတော့သည်။ ကိစ္စပေါ်မှလာပြောသည်ကို ဒင်းတို့က သိပ်ကျေနပ်ကြသည်တော့မဟုတ်။ ဘာရယ်မဟုတ်ပေမယ့် ကိုယ်ကလည်း ဖုံးကွယ်ထားမိသည်ကိုး။

ပထမတော့ နှစ်ကောင်စလုံးက အင်တင်တင်။ နောက်မှ အားတက်သရောဖြစ်နေသည့် ခင်မောင်ဇော်ကြောင့် –

"မင်းကိစ္စဆိုတော့ ငါတို့ကလည်း ကူညီရမှာပေါ့ကွာ"

"ငါ့ကိစ္စလို့ မပြောပါနဲ့ ကျော်စိုးရာ။ ငါလည်း ကူညီတာသက်သက်ပါ"

အောင်သန်းဦးက ပြိတ်တီနှင့်ကြည့်ပြီး ကျော်စိုးဘက်လှည့်ကာ–

"ဒီကောင်က စာရေးဆရာဆိုတော့ ဇာတ်လမ်းရှာတာနေမှာပေါ့ကွား



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်က မင်းသားလုပ်မယ်ဆိုတော့ ငါတို့ကို ဖတ်ပို့နေရာ အတွက် အကူအညီတောင်းတာနေမှာပေါ့"

"ဟာ ... အဲဒီလိုတော့ မပြောကြနဲ့ကွာ။ ငါ စာရေးတယ်ဆိုတာ တောင် နှင်းဝါကို လုံးဝမပြောဘူး။ တော်ကြာ မင်းတို့ထင်သလို သူ ထင် သွားမှာစိုးလို့"

ခင်မောင်ဇော် ကပျာကယာ ဖြေရှင်းလိုက်တော့ နှစ်ကောင်စလုံးက ပြုံးကြသည်။

ကျော်စိုးက –

"နေစမ်းပါဦး ... သူ့ကို ဘာဖြစ်လို့ မသိစေချင်ရတာလဲ"

"မပြောတတ်ဘူးကွာ၊ နှင်းဝါ အထင်လွဲမှာစိုးလို့ ထင်တာပဲ"

"ဘာဖြစ်လို့ အထင်လွဲမှာကို စိုးရိမ်ရတာလဲ"

"မသိဘူးကွာ၊ ငါက သန့်သန့်လေး ကူညီချင်လို့ပါ"

မဖြေချင်ပေမယ့် ဖြေနေရပြန်သည်။ ဒါသည်ကိုပင် ဒင်းတို့က မကျေနပ်ချင်သေး။ တစ်ကောင်နှင့်တစ်ကောင် မျက်စမျက်နများနှင့် ဆက် သွယ်ပြီးမှ –

"ကဲ ... နောက်ဆုံးမေးမယ်ကွာ။ သန့်သန့်လေး ကူညီချင်တာက ဘာသဘောလဲ"

"ဟာ ... ငါ့ကို တစ်မျိုးထင်မှာကို မလိုလားလို့ပေါ့ကွာ"

"ဟော့ကောင် ... အဲဒီစကားကိုက မဟုတ်ဘူး။ မင်း ရိုးသားရင် အဲဒါတွေကို တွေးပူနေစရာတောင် မလိုဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ခင်မောင်ဇော် ... ဝန်ခံလိုက်စမ်းပါ။ မင်း နှင်းဝါကို စိတ်ဝင်စားနေတယ်လို့"

"ငါက ဟုတ်လား"

"အေး"

နှစ်ကောင်စလုံးက ခင်မောင်ဇော်၏မျက်နှာရိပ် မျက်နှာကဲကို မျှော်တမ်း ဖတ်နေကြသည်။ ခင်မောင်ဇော်လည်း ရုတ်တရက် စွပ်စွဲခံလိုက်၍ ဘာပြန်ဖြေရမှန်း မသိတော့ပေ။

ငါ့ပုံစံကပဲ အဲလိုဖြစ်နေပြီလား။ ဒါမှမဟုတ် ဒီကောင်တွေ ကျပ်နေကြသည်လား။ တွေးရင်းနှင့် သကောင့်သားနှစ်ကောင်ကို ပြန်ပြီး အကဲခတ်လိုက်၏။

"ပြောလေ ခင်မောင်ဇော် ... ငါတို့က ကူညီရတော့မယ်ဆိုတော့ သိထားသင့်တာပေါ့ကွာ။ ဒါမှ ဇာတ်ကို ဘယ်လောက်အထိ ပို့ရမှာလဲဆိုတာ ကြိုဆင်ထားရမှာပေါ့"

အောင်သန်းဦး စကားအဆုံးမှာ ကျော်စိုးကလည်း -

"ဟဲ ဟဲ ဒီကောင် ...ငါတို့ကို ဘယ်လိုဇာတ်လမ်းဆင်ပြီး ညာရမလဲလို့ စဉ်းစားနေတာ ထင်တယ်ကွ"

"မဟုတ်ပါဘူးကွာ ... ငါ စဉ်းစားနေတာက တစ်ခုပါ"

"ပြောပါဦး။ မင်းက ဘာကိုစဉ်းစားနေတာလဲ"

ခင်မောင်ဇော်က စပ်ဖြဲဖြဲနှင့် ရယ်ပြလိုက်ပြီး -

"အဟီး ... မင်းတို့ လှုကဲခတ်တာ တော်လှချည်လားလို့ အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



နေတာကွ”

“ခွေးကောင် … ဝါးနက ဝါးရင့်ကို လာပတ်ချင်သေးတယ်”

ရည်းစားရှိသော အောင်သန်းဦးက ဆောင့်ကြွားကြွား ပြောသည်။ ဘေးက ကျော်စိုးကလည်း ပမာမခန့်ကြည့်နေသေး၏။ ဒီတစ်ခါတော့ ခင်မောင်ဇော် မရှုက်နိုင်တော့ချေ။

“ဟီး ဟီး … ငါလည်း ဘယ်လိုဖြစ်သွားလည်းမသိတော့ဘူးကွ”

“ရူးသွားတာပေါ့ ရူးသွားတာ”

“မဟုတ်ဘူး … မဟုတ်ဘူး။ ပြုစားခံလိုက်ရတာ ဖြစ်မယ်”

မည်သို့ပင် စွပ်စွဲစေကာမူ ခင်မောင်ဇော် စိတ်မဆိုးနိုင်တော့ပါ။ လောလောဆယ် နှင်းဝါ စိတ်ချမ်းသာဖို့အတွက်ပဲ ခေါင်းထဲမှာရှိတော့၏။ ‘ဒါ အချစ်လားကွယ်’ ဟု မမေးကြပါနှင့်။ “သူနဲ့ကျမှ တိုက်တိုက်ဆိုင်ဆိုင်” ဟု ဖြေပါမည်။

နေ့လယ်ပိုင်းမှာ စနည်းနာရန်ဟူသောအတွေးနှင့် သုံးယောက်သား ဆိုင်ကယ်ကိုယ်စီဖြင့် ထွက်လာခဲ့ကြသည်။ ကမ်းခြေရောက်တော့ မွန်းလွဲနေပြီ။

ပင်လယ်ပေါ် ဖြန့်ခင်းထားသည့် အလင်းလွင်ပြင်ပေါ်တွင် လှိုင်း ခေါင်းဖြူများက ဆော့ကစားနေကြ၏။

ရေစပ်မှရပ်ငေးရင်း နှင်းဝါပြောလိုက်သည့် နာမည်များကို ပြန် တွေးနေမိသည်။

နှင်းဝါတို့ဘန်ဂလိုမှာ နှင်းဝါမေမေ ဒေါ်ဝါဝါမြင့်၊ နှင်းဝါ၏အန်တီ



www.burmeseclassic.com

www.burmeseclassic.com



လေး ဒေါ်သန္တာမြင့်၊ နှင်းဝါ၏အစ်ကို လှမျိုးမြင့်(ခ)တောကျိုးကန်း။ အန့်တီလေးကတော့ နှင်းဝါလူမှုကိစ္စမရှိ။ သတိထားရမှာက နှင်းဝါအမေဖြစ်သည်။ သူ့အစ်ကိုဆိုသည့် လှမျိုးမြင့်(ခ)တောကျိုးကန်းကလည်း ခပ်ချာချာဟု ဆိုသည်။ မည်သို့ပင်ဆိုစေ စောင့်ကြည့်ထဲမှာ သူ့ကိုပါ ထည့်ထားရမည်။

ကပ်လျက် ဘန်ဂလိုကတော့ နှင်းဝါ လုံးဝမချစ်မနှစ်သက် လက်မထပ်နိုင်သည့် ထိပ်တင်ဝင်းတို့ ဘန်ဂလိုပေတည်း။ အနီးဘန်ဂလိုတွင် ထိပ်တင်ဝင်း၏ခမည်းတော် ဦးရာဇာဝင်းနှင့် မယ်မယ် ဒေါ်ကျက်သရေသီရိတို့ စံမြန်းနေကြသည်ဟု ဆိုချေသည်။ ဒင်းတို့က မင်းမျိုးမင်းနွယ်အဆက်တွေဟု နှင်းဝါက မှာလိုက်သေး၏။ ထိပ်တင်ဝင်းကလည်း လူပုစိတ်တိုတဲ့။ မလွယ်ပါကလား။

အဘယ်သို့ပင်ဆိုဆို ယခု အရေးတော်ပုံ အောင်မြင်ရမည်ဟု ခင်မောင်ဇော်က ကျူးရင့်လိုက်ပါသည်။ ကိုယ့်မှာလည်း အားကိုးရသည့် ငယ်ကျွန်ကြီးတွေက ရှိနေပြီကိုး။

ထိုသို့သော အတွေးများနှင့် သကောင့်သားနှစ်ကောင်ကိုခေါ်ကာ ဘန်ဂလိုအနီးသို့ ချဉ်းကပ်လိုက်သည်။ ဖြစ်ချင်တော့ ဘန်ဂလိုနှစ်ခုလုံး တံခါးတွေက ပိတ်လျက်သား။ ဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ်မှာပဲ ...

"ဒီကအစ်ကိုတွေက ဘာကိစ္စများရှိလဲ မသိဘူး"

ကြည့်လိုက်တော့ လူငယ်လေးတစ်ယောက် ဖြစ်နေသည်။ ဟိုတယ်ယူနီဖောင်း ဝတ်ထားသည်မို့ ခင်မောင်ဇော်က ခပ်တည်တည်နှင့်။

"ဩော် ... ဒီဘန်ဂလိုက ဧည့်သည်တွေနဲ့ တွေ့ချင်လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်က ကိုယ့်အသိတွေလေ၊ လာနှုတ်ဆက်တာ"

ဟိုတယ်ဝန်ထမ်းလေးက ခင်မောင်ဖော်ကို အကဲခတ်လိုက်သေး၏။ ခင်မောင်ဖော်က ဟန်တစ်မျိုးနှင့် ချောမောခန့်ညားနေ၍သာ တော်သေး၏။ ဟိုနှစ်ကောင်ပုံစံနှင့်ဆိုလျှင် ယုံချင်စရာ တစ်စက်မှရှိမည် မဟုတ်ချေ။ ခုတော့ ခင်မောင်ဖော်၏ဥပဓိကြောင့် ...

"မရှိကြဘူးဗျ။ မှာစရာရှိရင် ကျွန်တော့်ကို မှာထားခဲ့လေ"

"ရပါတယ်၊ ကိုယ်တို့ စောင့်လိုက်ပါ့မယ်"

ကောင်လေးက ခေါင်းခါရင်း -

"စောင့်မနေနဲ့တော့၊ သူတို့က ကမ်းခြေဘက်ကိုသွားတာ မဟုတ်ဘူး။ မြို့ပေါ်ကိုတက်သွားကြတာ။ သူတို့မှာလည်း ကိစ္စတွေ ရှုပ်နေတာပဲဗျ"

"ဟော ... ဘာဖြစ်လို့တုံး"

မသိချင်ယောင်ဆောင်ပြီး ခင်မောင်ဖော်က စပ်စုလိုက်၏။ ကောင်လေးက ...

"ဒီဘန်ဂလိုက အစ်မလေးတစ်ယောက် ပျောက်သွားလို့လေ။ ပထမတော့ ရေနစ်တယ်လို့ထင်ပြီး ငိုကြ၊ရယ်ကြနဲ့။ ပြီးမှ မဖြစ်နိုင်ပါဘူးဆိုပြီး လိုက်ရှာနေကြတာ"

ခင်မောင်ဖော်က မျက်ခုံနှစ်ဖက်ကိုပင့်လိုက်ပြီး အံ့သြဟန်ဖြင့် -

"ဟုတ်လား၊ ဒါနဲ့ ရဲစခန်းကို လူပျောက်မတိုင်ကြဘူးလား"

"အဲဒါတော့ ဘာသံမှမကြားဘူးဗျ။ သူတို့ဟာသူတို့တော့ ကြိတ်ရှာနေကြတာပဲ။ ဒီနေ့လည်း မြို့ပေါ်တက်သွားလို့ အစ်ကိုတို့ကို စောင့်မနေနဲ့လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ''

"ဟုတ်တယ် ခင်မောင်ဇော် . . . မင်းစောင့်နေလည်း ဒီနေ့တော့ အခြေအနေက ထူးမှာမဟုတ်ဘူး။ နေရာသိပြီပဲကွာ။ နောက်နေ့ ထပ်လာကြည့်တာပေါ့"

ခင်မောင်ဇော်က ခေါင်းညိတ်ပြလိုက်၏။ ဝန်ထမ်းကောင်လေး ကလည်း ကျေကျေနပ်နပ်စကားကို –

"ဒီအစ်ကိုပြောတာ ဟုတ်သားပဲ။ ဒါမှမဟုတ် အရမ်းအရေးကြီးရင် ကျွန်တော့်ကို မှာခဲ့လေ။ ကျွန်တော် ပြောထားပေးမယ်"

"ရပါတယ်ကွာ၊ မပြောပါနဲ့တော့။ နောက်နေ့ ကိုယ်တို့လာမှာပဲ"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

ဝန်ထမ်းကောင်လေး ပြန်ထွက်သွားတော့မှ သက်ပြင်းကို အထွေး လိုက်ချရသည်။ ဒီနေ့အတွက်ကတော့ ဇာတ်လမ်းက ပြတ်နေပြီ။ စိတ် မောလူမောနှင့် ကမ်းခြေနားက အုန်းစိမ်းရည်ရောင်းသည့် နေရာလေးမှာ သုံးယောက်သား ထိုင်လိုက်ကြ၏။

အုန်းစိမ်းရည် တစ်ယောက်တစ်လုံးသောက်ပြီး ပင်လယ်ဘက်သို့ မျက်နှာမူနေကြသည်။ ဘယ်သူမှ စကားမဆိုမိကြ။ ငေးအူတိုက်ခတ်နေသည့် ပင်လယ်လေစီးထဲ အတွေးတွေက နစ်မြုပ်လုခင်မှာပဲ။

"ခင်မောင်ဇော်"

ရင်းရင်းနှီးနှီး စိမ်းနေသည့်ခေါ်သံ။ ခင်မောင်ဇော် ဖျတ်ခနဲလှည့် ကြည့်လိုက်၏။ နန္ဒာငြိမ်းငြိမ်းမြတ်ဟု ပါးစပ်မှ တိုးတိုးလေးအသံထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ မအံ့ဩသော်လည်း ရုတ်တရက်မို့ မှင်တက်နေမိ၏။ လှိုင်းခတ်သံတို့နားထဲမှာ ကြားနေရပြန်သည်။

"ငါ အဝေးကြီးကတည်းက လှမ်းကြည့်နေတာ။ နင်နဲ့ ဒီမှာ ပြန်ဆုံရမယ်လို့ လုံးဝထင်မထားဘူး ခင်မောင်ဇော်ရယ်"

"ငါ ဒီမြို့သားလို့ နင့်ကို ပြောဖူးတယ်လေ"

ခင်မောင်ဇော့်စကားကို နန္ဒာငြိမ်းငြိမ်းမြတ်က ပြုံးသည်။ တစ်ဆက်တည်း–

"နင် ငါ့ကို တစ်ခုခုနဲ့ ညှော်မခံတော့ဘူးလား ခင်မောင်ဇော်ရဲ့"

"ဟာ . . . ဆောရီး၊ ထိုင်လေ နန္ဒာ။ ဒီမှာတော့ အုန်းစိမ်းရေပဲ ရှိတယ်"

"ငါလည်း နင့်လို အုန်းစိမ်းရည်ကြိုက်ပါတယ်ဟ"

ပြောရင်း နန္ဒာငြိမ်းငြိမ်းမြတ်က သဲမြေမွမွမှာ ဝင်ထိုင်၏။ အောင်သန်းဦးနှင့်ကျော်စိုးတို့ကတော့ သူတို့နှစ်ယောက်ကို အကဲခတ်နေဟန် ရှိသည်။ ခင်မောင်ဇော်က အုန်းစိမ်းရည်တစ်လုံး မှာပေးလိုက်ပြီး . . .

"အလည်လာတာပဲလား နန္ဒာ"

"ဟင့်အင်း . . . ငါ အပြီးပြန်လာတာဟ"

ရုတ်တရက် ခင်မောင်ဇော် ကြောင်သွားသည်။ ပြီးမှ စဉ်းစားမိ၍ သဘောပေါက်သွား၏။

"ငါလည်း တစ်ခါတလေ ဟိုစုန်းကအကြောင်းလေးတွေ သတိရပါတယ်ဟာ။ နင်လည်း အောင်မြင်နေပြီဆိုတာ ငါ ကြားတယ်။ ဒါနဲ့ နင်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ကျပြီလား"

"ဟင့်အင်း ... အရင်လိုပါပဲ"

ပြီးစလွယ် ဖြေလိုက်သည်။ သူမက ထိုစကားကို ဘယ်လို သဘောပေါက်မိသည်မသိ။ ပြုံးတုံ့တုံ့လုပ်ရင်း –

"ငါလည်း အရင်လိုပါပဲဟာ"

လေသံချပ်တိုးတိုးဖြင့်ပြောရင်း သူမက ပင်လယ်ပြင်ဘက် ငေး ကြည့်နေပြန်သည်။ ခင်မောင်ဇော်ခေါင်းထဲမှာ သူမနှင့်ပတ်သက်ပြီး ပြောစရာ စကားက ရှာမရ။ အင်း ... ကြာခဲ့ပြီပဲလေ။

လေတိုးသံမှလွဲ၍ ငြိမ်ဆိတ်နေသည့်ဝန်းကျင်ကို နန္ဒာငြိမ်း ငြိမ်းမြွတ်က အသက်သွင်းလိုက်၏။

"ဒါနဲ့ ... နင်မပြန်သေးဘူး မဟုတ်လား။ ပြီးတော့ ဘယ်မှာ တည်းတာလဲ"

ခင်မောင်ဇော်က မပြန်သေးကြောင်းနှင့် ဦးလေးအိမ်လိပ်စာကိုပါ ပြော ပြလိုက်သည်။ ခဏနေတော့ နန္ဒာငြိမ်းငြိမ်းမြွတ်က သက်ပြင်းချကာ

"အင်း ... ဒါဆိုလည်း ငါတို့ အေးအေးဆေးဆေး တွေ့ကြဦး မယ်လေ။ ဟိုမှာမြင်ရတဲ့ ဘန်ဂလိုအပြာရောင်လေးတွေ့လား။ အဲဒီမှာ ငါ တည်းတာ။ နင် လာလည်လေ၊ ငါနဲ့ သူငယ်ချင်းနှစ်ယောက်ပဲ ရှိတယ်"

လှမ်းကြည့်လိုက်တော့ နှင်းဝါတို့ ဘန်ဂလိုနှင့် သိပ်မဝေးကြောင်း သိလိုက်ရ၏။

www.burmeseclassic.com



ခင်မောင်ဇော်ကလည်း ကိုယ့်အတွေးနှင့်ကိုယ် စဉ်းစားမိပြီး –

"အေး အေး ... ငါလည်း ဒီဘက်ကို ရောက်ဦးမှာပါ"

"ဝင်ခဲ့လေ ခင်မောင်ဇော်။ ငါ သွားပြီနော်၊ မရှင်းခဲ့တော့ဘူး"

ရွရွလှလှလေး ထသွားသည့် နန္ဒာငြိမ်းငြိမ်းမြတ်ကိုကြည့်ကာ ကျော်စိုးက –

"လန်းလှချည်လားကွ၊ ရန်ကုန်ကပဲလား"

ခေါင်းကို အသာညိတ်ပြလိုက်သည်။ အောင်သန်းဦးက စပ်စုပြန်၏။

"မင်းကိုဆက်ဆံတာ တစ်မျိုးပဲနော်။ ကြည့်ရတာ မင်းကို ကြွေနေပုံရတယ်"

"ခုတော့လည်း မပြောတတ်တော့ပါဘူးကွာ"

ခင်မောင်ဇော် ညည်းငြူလိုက်ခြင်းကို နှစ်ယောက်စလုံးက နားမလည်ဖြစ်သွားပုံရ၏။ ကျော်စိုးက ချက်ချင်းပဲ –

"လုပ်စမ်းပါဦးကွ၊ ဇာတ်လမ်းက ဘယ်လိုလဲဆိုတာ"

"ကြာခဲ့ပါပြီကွာ၊ ကျောင်းတုန်းကပါ"

"ဘာလဲ ... လူငယ်တွေသဘာဝ ရှုးရှူးမိုက်မိုက်နဲ့ မှားမိကြတာမျိုးလား"

"ဟာ ... ဒီကောင်"

သုံးယောက်သား ရယ်ဖြစ်ကြ၏။ ပြီးမှ ခင်မောင်ဇော်က –

"နန္ဒာက ချမ်းသာတယ်ကွ။ ငါနဲ့စသိတော့ ငါလည်း ငွေလေး ဘာလေး ရှေးနေပြီပေါ့ကွာ။ သူလည်း ငါ့ကို သိပ်အထင်ကြီးတာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ မရှိပါဘူး။ အထင်သေးနေတာမျိုးလည်း မဟုတ်ဘူးကွ။ ငါလည်း သူငယ်ချင်းတွေလိုနေရင်းနဲ့ ရင်ခုန်သလိုလိုတွေဖြစ်ပြီ ပရိုပို့စ် လုပ်မိတယ်။ အဲ . . . နောက်ဆုံးနှစ်မှာပေါ့။ အဲဒီတုန်းက သူက ရယ်ကျဲကျဲနဲ့ ငါ့ကို ကျောင်းပြီးရင် ဘာလုပ်မှာလဲပေါ့ကွာ"

"မင်းက ဘာပြောလိုက်လဲ"

"ဘာပြောရမှာလဲကွ၊ ငါလည်း အနုပညာပဲလုပ်မယ်၊ ဘာညာ ပေါ့ကွာ"

"အဲဒါနဲ့"

"အင်း . . . အဲဒါနဲ့ကွာ မပြောမဆိုနဲ့ ဖင်လန်သွားပါလေရော"

"ဟော . . . မင်းနဲ့စကားပြောနေရင်း ဖင်လန်သွားတာလား"

နှစ်ကောင်သား မျက်လုံးပြူးနေရင်း ကျော်စိုးက ဝင်မေးခြင်း ဖြစ်သည်။ ခင်မောင်ဇော်က ကပျာကယာ လက်ကာပြပြီး –

"ဟာ . . . မဟုတ်ဘူး, မဟုတ်ဘူး၊ မပြောမဆိုနဲ့ ဖင်လန်သွားတယ်ဆိုတာ ငါ့ကို အသိမပေးဘဲနဲ့ ဖင်လန်နိုင်ငံကို ထွက်သွားတာ ပြောတာကွ။ ငါ့ကိုလည်း ဘာမှအဖြေပေးမသွားတာကို ပြောတာ၊ ဒါလေးတောင် မသိဘူး။ စကားပြောနေရင်း ဖင်က လန်ရမှာလား . . . ခွေးတဲ့မှပဲ"

"ဟီးဟီး . . . မသိဘူးလေ၊ မင်းက ရုတ်တရက် ပြောချလိုက်တာကိုး၊ ထားပါတော့ အဲဒါနဲ့"

"ခု . . . ဒီမှာ ပြန်တွေ့တယ်လေ၊ ဒါပဲ"

ခင်မောင်ဇော်ကိုကြည့်ကာ အောင်သန်းဦးက ခေါင်းညိတ်ညိတ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေသည်။ ပြီးမှ –

"ဒါဆို ... မင်းက ဘာဆက်လုပ်မှာလဲ"

ခင်မောင်ဇော်က မအူမလည်ပြန်ကြည့်ရင်းက –

"ဟာ ... ငါက ဘာကိုဆက်လုပ်ရမှာလဲ။ သူငယ်ချင်းပဲ ပြန်တွေ့တယ်ပေါ့"

"ဟို မင်းပရိုပိုစ်လုပ်ထားတာကရော"

"သူလည်း မေ့လောက်ပါပြီကွာ၊ ကြာပြီပဲ"

"ကြာပြီလုပ်မနေနဲ့ ခင်မောင်ဇော်။ ဟိုက မေးသွားတာတွေက ခု မင်းပြောတာနဲ့ဆို အနှောင့်အသွားမလွတ်ဘူးနော်"

"ဘာလဲကွာ ... ငါ ရိုးရိုးပဲပြောမိတာပဲ"

ကျော်စိုးက ခေါင်းခါလိုက်ရင်း –

"အောင်မာ ... ဟိုက အိမ်ထောင်ကျပြီးလားဆိုတော့ မင်းက အရင်လိုပါပဲဆို။ မင်းလိုပဲ သူကတော်င် ပြန်ပြောသွားသေးတာ။ ငါတို့ ကြားသားပဲ။ ပြီးတော့ ... သူတို့ဘန်ဂလိုဘက်ရောက်ဦးမယ်ဆိုတာက ဘာလဲ"

"ဟာကွာ ... ငါက နှင်းဝါကိစ္စ လုပ်စရာရှိသေးလို့ ဒီဘက်ကို ရောက်ဦးမယ်လို့ ပြောလိုက်တာ။ သူ့ဆီကိုလာမယ်လို့ အတိအကျပြောတာမှ မဟုတ်ဘဲ"

"အေး ... ငါတို့ကတော့ နားလည်တယ်။ ဟိုက နားမလည်ရင်တော့ ပြီးရော"



www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုးစကားအဆုံးမှာ ခင်မောင်ဖော် ငိုင်သွား၏။ နန္ဒာငြိမ်းငြိမ်းမြတ်အပေါ် အရင်လို စိတ်များ ပြန်နိုးကြွလာသောကြောင့် မဟုတ်ပါ။ အတိတ်ဆိုတာ ခုချိန်မှာ ပြီးခဲ့ပါပြီ။ သူ့ဘက်က ဘယ်လိုပဲဖြစ်ဖြစ် နန္ဒာငြိမ်းငြိမ်းမြတ်ကို သူငယ်ချင်းတစ်ယောက်လိုပဲ ခံစားမိသည်။

ခင်မောင်ဖော် ခပ်တိုးတိုးပဲ ပြောလိုက်၏။

"အချစ်ဆိုတာကို ငါ ခလုတ်တိုက်မိခဲ့ပါပြီကွာ"

ကောင်းကင်မှာ တိမ်တစ်အုပ်က ရွှေ့စီးမျောပါနေ၏။ စင်ရော်ငှက်များကလည်း လူးလားပျံဝဲလျက်။ ခင်မောင်ဖော်က သူ၏ကောင်းကင်မှာ ငွေ့ရည် ဖွဲ့လာသော မိုးတိမ်လေးအကြောင်းကို တွေးနေမိသည်။

နန္ဒာငြိမ်းငြိမ်းမြတ်ကို ပြန်တွေ့စက ဝေဝါးသွားမိသည့် စိတ်တို့က ခုချိန်မှာ ရှင်းလင်းသွားခဲ့ပြီ။ အချစ်ဆိုတာ အဝါရောင်နှင်းစက်ကလေး ဖြစ်နေပြန်၏။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဒါဆို မေမေတို့ ဒီနေ့ မြို့ထဲလာသွားတယ်ပေါ့"

"အင်း"

"နောက်ထပ် ဘာကြားခဲ့သေးလဲဟင်"

နှင်းဝါက ကလေးလေးလို တတွတ်တွတ် ထပ်မေးနေပြန်သည်။ စိုးရိမ်မှုပေါ့ပါးဟန်ရှိ၍ ခင်မောင်ဇော် တွေးမိပြီး –

"ဝန်ထမ်းကောင်လေးစာစ်ယောက်ပြောပုံအရဆိုရင် ရဲစခန်းတွေ ဘာတွေတော့ လူပျောက်တိုင်ထားပုံ မပေါ်ဘူး။ သူတို့ဟာသူတို့ ကျိတ်ပြီး လိုက်ရှာနေပုံပဲ"

"ဖြစ်နိုင်တယ်။ ဟိုလူကြီးကို ကျွန်မ,မယူချင်တာ မေမေက သိ တယ်"

ဒါဆိုလည်း ကျွန်တော့်ကို ယူချင်းလား ခင်မောင်ဇော် မေးချင်သွား



www.burmeseclassic.com

www.burmeseclassic.com



ဆီ တွေးရင်းနှင့် ရယ်မိသွားသည်။ နှင်းဝါမြင်သွား၍ မျက်ခုံးနှစ်ဖက်ကိုစုကာ–

"ရှင်က ဘာရယ်တာလဲ"

ခင်မောင်ဇော် အဖြေရကျပ်သွားသည်။ စိတ်ထဲက တွေးမိတွေးရာနှင့်

"ဩော် ... မနှင်းဝါ လူကြီးကို ပြောပါတယ်"

"ကျွန်မလူကြီး မဟုတ်ပါဘူး။ ဒါကြီးကိုများ"

"ဟုတ်ပါတယ် ... ထားပါတော့။ အဲဒီလူကလည်းဗျာ နာမည်တိုက ထိပ်တင်ဝင်းတဲ့"

"ဘာဖြစ်လို့လဲ၊ သူတို့က မင်းမျိုးမင်းနွယ်တွေဆိုတော့ ဒီလိုပဲနာမည်ပေးမှာပေါ့"

"အင်း ... ကျွန်တော် စဉ်းစားမိတယ်ဗျ။ ဒီလူကြီး ထိပ်တင်ဝင်းနေတာလား။ ကျန်တာတွေရော ဘာတွေ ဝင်းသေးလဲလို့"

"ခိ ... ဒါတော့ တွေ့မှပဲ ရှင့်ဟာရှင် လှန်လှောကြည့်တော့"

နှင်းဝါအပြောက ချစ်စရာလေးမို့ ရယ်မိကြသည်။

"ဟိုလေ နှင်းဝါ ... နှင်းဝါက မကြိုက်ပေမယ့် ဒီလူကြီးက အသည်းအသန်ဖြစ်နေတာမျိုးလား"

ချိုချိုမာ လာဒမ။ ပါလာပြန်ပြီ။ နှင်းဝါမျက်နှာလေးက ညှိုးသွားသည်။

"အင်း"

ခပ်တိုးတိုး နှင်းဝါဖြေသံကြောင့် ချိုချိုမာကပဲ –

"ဘာပဲဖြစ်ဖြစ် စိတ်ပူမနေနဲ့တော့ နှင်းဝါရယ်နော်။ ခင်မောင်ဇော်လည်း ရအောင်ကြိုးစားပေးပါလိမ့်မယ်။ ပြီးတော့ သူငယ်ချင်းတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကူညီကြမှာပါ”

အောင်သန်းဦးနှင့် ကျော်စိုးက ရောယောင်ခေါင်းညိတ်ပြသည်။ ဆုံတွေ့ရသည့် ရက်တိုတိုလေးမှာပင် ချိုချိုမာနှင့် နီလာနိုင်တို့က နှင်းဝါကို ငယ်ပေါင်းတစ်ယောက်လို တွယ်တာနေကြပြီ။ နှင်းဝါဆိုသည့်ဟာမလေးကလည်း ဒုက္ခတွေများသလောက် အလှအပတွေကလည်း တစ်ကိုယ်လုံး နေရာမလပ်များသည်ကိုး။ ဒါကြောင့်လည်း ရင်ခုန်မိသွားခြင်းကို ခင်မောင်ဇော် ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်မိ။

BURMESE CLASSIC

ခုလည်း ခင်မောင်ဇော်၏ပုံစံကို မိန်းကလေးသူငယ်ချင်းနှစ်ယောက်က ရိပ်မိသင့်သလောက် ရိပ်မိနေကြပြီ။ နှင်းဝါကတော့ သိ,မသိ မပြောတတ်။ နောက်နေ့ အောင်သန်းဦးက နီလာနိုင်ကို ဖွင့်ချလိုက်လျှင် ဘူးပေါ်သလို ပေါ်ဦးတော့မည်။ ခုတော့ ခင်မောင်ဇော်က ရုပ်တည်လုပ်ထားၿ၏။

နီလာနိုင်က တွေးတွေးဆဆဖြင့် ပြောလာသည်။

“ဟဲ့ ခင်မောင်ဇော် ... နင် မနက်ဖြန် ကမ်းခြေကို သွားဦးမှာလား”

“အေးလေ ... သွားရမှာပေါ့။ ဘာမှမထူးသေးတာ”

“ငါ တစ်ခုစဉ်းစားမိတယ်ဟ။ ဟိုလေ နင်ပြောတဲ့ ဟိုတယ် ဝန်ထမ်းလေးနဲ့ ဆက်သွယ်ကြည့်ရင်ကော”

“ဟယ် ... ဟုတ်သားပဲ”

နှင်းဝါကလည်း ဝမ်းသာအားရထောက်ခံသည်။ ခင်မောင်ဇော်က ခေါင်းခါပြီး –

“မဖြစ်နိုင်တော့ဘူးဟ။ ငါလည်း ခုနက အဲဒါကို စဉ်းစားမိသေး



www.burmeseclassic.com

www.burmeseclassic.com


တယ်။ ဒါပေမဲ့ လွန်သွားပြီ”

“ဘာဖြစ်လို့လဲဟာ”

“ဒီလိုလေ ... ငါတို့လာမေးတာကို ဟိုကောင်လေးက လျှာရှည်ပြီး မနှင်းဝါတို့ထဲက တစ်ယောက်ကိုပဲဖြစ်ဖြစ် သွားပြောလိုက်ရင် ဟိုက ပေါက် သွားမှာပေါ့။ ငါလည်း တစ်ချက်လိုသွားတယ်”

“ဟုတ်တယ် ... အန်တီလေးဆိုရင် အကြောင်းမဟုတ်ဘူး။ မေမေ ဆိုရင်တော့ သံသယဝင်သွားမှာ အမှန်ပဲ”

သူ့အမေအကြောင်းသိသော နှင်းဝါက စဉ်းစဉ်းစားစား ပြောသည်။ ပြီး မသိမသာ သက်ပြင်းချလိုက်သည့် နှင်းဝါကိုကြည့်ကာ ရင်မောရပြန်၏။

ခင်မောင်ဇော်က အားငယ်နေမှာစိုး၍ –

“သိပ်လည်း စိတ်မပျက်ပါနဲ့ဗျာ။ မနက်ဖြန်ဆိုတာ အကုန်မျှော်လင့် လို့ရသေးတာပဲ။ ကျွန်တော်ရအောင် ကြိုးစားပေးပါ့မယ်”

“ဟုတ်တာပဲ နှင်းဝါရဲ့။ ပြီးတော့ ဒီမှာနေရတာကိုလည်း ဘာမှ အားမနာနဲ့နော်။ လွတ်လွတ်လပ်လပ်သာနေ။ နှင်းဝါတစ်ယောက် ပိုလာလို့ ဘာမှဖြစ်မသွားဘူး။ မပြန်ချင်လည်း ပျော်သလောက် နေလို့ရတယ်သိလား”

ချိုချိုမာက ဝင်ပြော၍ နီလာနိုင်ကလည်း –

“ဟုတ်တယ်၊ ဒီမှာပျင်းရင် နီလာတို့အိမ်မှာလည်း လိုက်နေလို့ ရတယ်”

“ဟာ ... ဒီမှာပဲနေပါ၊ နင့်အိမ်မှာက နင့်မောင်တွေရှိတယ်”

ချက်ချင်းပဲ ခင်မောင်ဇော်က ထကန့်ကွက်၏။ နီလာနိုင်က မျက်


www.burmeseclassic.com

www.burmeseclassic.com



စောင်းထိုးရင်း –

"အောင်မာ . . . ငါ့မောင်တွေက ကလေးတွေပဲဥစ္စာ"

"ကလေး . . . ကလေးနဲ့ တော်ကြာ"

"တော်ကြာ . . . ဘာဖြစ်လဲပြောလေ"

"ဘာဖြစ်ရမှာလဲ၊ ကလေး ကလေးနဲ့ဟာ မသိဘူးဟာ"

အိုးနှင်းခွက်နှင်းဖြစ်သွားသည့် ခင်မောင်ဇော်ကို ဝိုင်းရယ်ကြပြန်သည်။ ခင်မောင်ဇော်လည်း နှင်းဝါရှေ့မှာ အဖြစ်သည်းမိသလိုဖြစ်သွား၍ ထူပူသွား၏။ ချိုချိုမာနှင့်နီလာနိုင်က သူ့အိမ်ကိုယ့်အိမ် ထပ်ဆွယ်နေကြပြန်သည်။ ထိုအချိန်မှာပဲ နှင်းဝါကိုကြည့်ကာ ချိုချိုမာ၏အဒေါ်အပျိုကြီးက–

"ဒီမှာပဲနေပါ။ တော်ကြာ သမီးလေး ဟိုသွားဒီသွားဆိုရင် လိုက်ရှာတဲ့လူတွေနဲ့ တွေ့သွားဦးမယ်"

BURMESE CLASSIC

ခုမှပဲ ပွဲကပြတ်သွားတော့၏။ လူကြီးစကားတော့ ဘယ်သူမှ မလွန်ဆန်ဝံ့ပေ။ ဒီလောက်ဆိုလျှင် ချိုချိုမာ၏အဒေါ်ကလည်း နှင်းဝါကို ချစ်ခင်ကြည်ဖြူနေတာ သေချာသွားပြီ။

သိက္ခာမ်းတာမကြာသေးပေမယ့် သူ့အပေါ် စေတနာထားပြီး ကူညီပူပန်နေကြသည့် သူငယ်ချင်းအုပ်စုကိုကြည့်ကာ နှင်းဝါ မျက်ရည်လေးများဝဲသည်အထိ ကြည်နူးစွာ ဆို့နစ်နေမိသည်။ ကျေးဇူးတင်စကားပင် မပြောနိုင်တော့ဘဲ ရင်ထဲမှာ တင်းကျပ်နေတော့၏။ သူငယ်ချင်းဆိုသည့် ဝေါဟာရကိုလည်း နက်နက်ရှိုင်းရှိုင်း နားလည်နေမိသည်။ တစ်ချက်တစ်ချက် ခင်မောင်ဇော်၏ နွေးထွေးသောမျက်ဝန်းများကလည်း နားလည်ရခက်စွာ



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ ကမ်းခြေသွားမည့်အစီအစဉ်ကို ပြောဆိုတိုင်ပင်ကြရင်း အတန်ကြာတော့ –

"ငါ သွားဦးမယ်ကွာ။ ညနေဈေးမှာ ဆိုင်ကူသိမ်းပေးရဦးမယ်"

ကျော်စိုးအမေက မြို့မဈေးမှာ ဆိုင်ဖွင့်ထားသူဖြစ်သည်။ ကျော်စိုး ဆရုပ်တော့ အောင်သန်းဦးကလည်း –

"ငါလည်း ပြန်ဦးမှပဲ၊ နီလာ တစ်ခါတည်းလိုက်ခဲ့လေ ကိုဦး ဆင်ပို့ခဲ့မယ်"

"အင်း အင်း . . . လိုက်ခဲ့မယ်။ နှင်းဝါ သွားမယ်နော်၊ မနက်ကျမှ လာခဲ့မယ်"

ထိုသို့ဖြင့် အသီးသီးထွက်သွားကြ၏။ ခဏနေတော့ ချိုချိုမာ ကလည်း နောက်ဖေးမှ သူ့အဒေါ်လှမ်းခေါ်၍ အိမ်ထဲဝင်သွားသည်။ ရှေ့ခန်း မှာ ခင်မောင်ဇော်၊ နှင်းဝါနှင့် တိတ်ဆိတ်မှုသာ သပ်ရပ်စွာ ကျန်ရှိခဲ့၏။ နှစ် ယောက်သား ငြိမ်သက်နေကြသည့်အခြေအနေက တစ်စုံတစ်ရာ ပေါက်ကွဲ ထင်းပွင့်လာရန် စောင့်ဆော်နေသလိုမျိုး။

"မနှင်းဝါ"

"ကိုခင်မောင်ဇော်"

ပြိုင်တူခေါ်မိသွားသဖြင့် ပြိုင်တူရယ်လိုက်ကြသည်။ ပြီးမှ–

"ကိုခင်မောင်ဇော် . . . ပြောလေ၊ ကျွန်မကိုလည်း ချိုချိုမာတို့ ခေါ်သလို နှင်းဝါလို့ပဲ ခေါ်ပါလား"

"ဟုတ် . . . ဟုတ်ကဲ့ . . . မနှင်း . . . အဲ နှင်းဝါ။ နှင်းဝါကော



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောမလို့လဲ"

"ပြော် ‥ ကျွန်မအတွက်နဲ့ ကိုခင်မောင်ဇော်တို့ အလုပ်ရှုပ်နေကြ ပြီ။ ကျွန်မလည်း အပန်းဖြေလာတဲ့ ကိုခင်မောင်ဇော်ကိုမှရှေးပြီး ဒုက္ခပေး သလိုဖြစ်နေတယ်"

"မဟုတ်တာဘဲ နှင်းဝါရယ်၊ ဒီလိုကူညီရတယ်ဆိုတာ ရေစက်ရှိလို့ ဗျ"

"ရှင်"

"ဒီလိုလေ ‥‥ အရင်ဘဝက ကျွန်တော်လည်း နှင်းဝါဆီမှာ အကူ အညီ တောင်းဖူးလို့နေမှာပေါ့"

နှင်းဝါက ခပ်နွမ်းနွမ်းလေးပြုံးသည်။ ခင်မောင်ဇော်ကိုလည်း စူးစမ်းသလိုကြည့်ရင်း –

"ကိုခင်မောင်ဇော်ပြောတာကလည်း ဝဋ်ကြွေးရှိလို့ ပြန်ပေးဆပ် နေရတာ ကျနေတာပဲ ‥‥ ဟင်း ဟင်း"

"ဒါပေါ့ နှင်းဝါရယ်။ ကျွန်တော့်မှာ နှင်းဝါကို ပြန်ပေးဆပ်ချင်တဲ့ ဝဋ်ကြွေးတွေက ဘယ်ဘဝထဲက အမြစ်တွယ်နေခဲ့မှန်းမှ မသိတာ"

ထိုစကားကို ခင်မောင်ဇော်ပါးစပ်မှ ပြောထွက်သွားခြင်း မဟုတ်ဘဲ ရင်ထဲက အသံတိတ်ညည်းမိခြင်းသာ ဖြစ်သည်။

တစ်ယောက်နှင့်တစ်ယောက် အသံမဲ့ဘာသာစကားဖြင့် ထိုနေ့က ရင်ဘတ်ကိုယ်စီ လင်းခဲ့ကြလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

နောက်တစ်ရက်ကတော့ နည်းနည်းထူးလာပြီဟု ဆိုရမည်။ ခင်မောင်ဖော်တို့အုပ်စု မလှမ်းမကမ်းမှ စောင့်ကြည့်နေစဉ်မှာပဲ ကပ်လျက် ဘန်ဂလိုနှစ်ခုလုံး လှုပ်ရှားလာကြ၏။ ထိုနေရာတွင် ဘန်ဂလိုအဆောက်အဦ ကြီးနှစ်ခုက လှုပ်ရှားလာခြင်း မဟုတ်ပါ။ အထဲမှလူများ၏လှုပ်ရှားမှုကို ဆိုလိုသည်။

"ခင်မောင်ဖော် . . . ခင်မောင်ဖော် . . . ဟိုမှာ ထွက်လာကြပြီကွ"

ကျော်စိုးက ကမ္ဘာဦးလူသား မီးကိုစတင်တွေ့ရှိသွားသလို အားရဝမ်းသာပြော၏။ ဟုတ်ပါသည်။ ဘန်ဂလိုနှစ်ခုမှ လူပေါင်း ခြောက်ယောက်တိတိ ထွက်လာကြ၏။ မနက်ပိုင်း တစ်ခုခုသွားစားရန် ဒါမှမဟုတ် တစ်နေရာသို့သွားရန် ဖြစ်နိုင်သည်။ အဝတ်အစားတွေက တောက်တောက်ပြောင်ပြောင်တွေနှင့်။



www.burmeseclassic.com

www.burmeseclassic.com



"ပုံစံကြည့်ရတာ ဒီနေ့လည်း နှင်းဝါကို လိုက်ရှာကြမလို့လား မသိဘူး"

"အေး ... ဖြစ်နိုင်တယ်၊ ဟာ ပေ့ကောင် ကားနဲ့သွားမလို့နဲ့ တူတယ်။ တက်နေကြပြီ"

"ခင်မောင်ဇော် ဘယ်လိုလုပ်ကြမလဲ"

အောင်သန့်ဦးက လှမ်းမေး၏။ ခင်မောင်ဇော်က ထိုအုပ်စုကို စူးစိုက်ကြည့်ရင်း ...

"ငါတို့မှာလည်း ဆိုင်ကယ်ပါလာတာပဲကွာ။ နောက်က လိုက်ကြည့်ကြတာပေါ့"

ထိုသို့ဖြင့် ကားနှစ်စီးနောက်က ခပ်ခွာခွာလေး လိုက်လာခဲ့ကြသည်။ တောင်းအော့(စ်) ကားပေါ်က အသက်အနည်းငယ်ကွာပုံရသော အမျိုးသမီးခန့်ခန့်နှစ်ယောက်က နှင်းဝါ၏အမေနှင့်အဒေါ် ဖြစ်နိုင်သည်။ ဒါ်... မျက်နှာမည်းမည်းပြုံပြုံနှင့် ကားမောင်းနေသူက နှင်းဝါအစ်ကိုဖြစ်မည်။ နှင်းဝါ ပြောထား၍သာ မောင်နှမဟု ယုံရသည်။ ရုပ်ရည်ချင်းက ဆက်စပ်ကြည့်လို့ ပင် မရချေ။

ဆလွန်းကားပေါ်တက်သွားသည့် အသက်ကြီးကြီးလင်မယားနှ... ယောက်နှင့် ရွှေဖလားရောင်ပါတိတ်အင်္ကျီဝတ်ထားသော အသားနီစပ်စပ်... ဆူဖြိုးနေသည့် ခန္ဓာပိုင်ရှင်ကိုတော့ အထူးတွေးစရာ မလိုတော့ပေ။ ထိပ်... ဝင်းဆိုတာ ဒင်းပဲဖြစ်မယ်။ နာမည်နှင့်လိုက်ဖက်စွာ ထိပ်မှာတင်ကွက်ပြီး... ဝင်းမနေပါ။ အခြားသောနေရာများလည်း ဝင်းမည်မဟုတ်။ လူနီဖြူ...



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းအပ်ဟုပင် စကားရှိသေးသည်။ နှင်းဝါနှင့်လည်း လားလားမျှ မအပ်စပ်ဟု ခင်မောင်ဇော်က မညှာမတာတွေးလိုက်၏။

ကမ်းခြေမှ မြို့ပေါ်သွားမည့် လမ်းခွဲအရောက်တွင် ထိုကားနှစ်စီးက စားသောက်ဆိုင်တစ်ခုရှေ့မှာ ထိုးရပ်လိုက်ကြသည်။ မနက်စာ စားကြမည် ပေါ့လေ။ ခင်မောင်ဇော်တို့လည်း ထိုဆိုင်ထဲသို့ မယောင်မလည် ဝင်သွားလိုက်ကြ၏။ ပြီး ... ထိုအုပ်စုနှင့် အနီးဆုံးစားပွဲမှာ နေရာယူလိုက်ကြသည်။

စားရင်းသောက်ရင်းနှင့် စကားသံများကို ကြားနေရ၏။ ခင်မောင်ဇော်လည်း တစေ့တစောင်း အကဲခတ်နေလိုက်သည်။

ရွှေဖလားရောင်ပါတိတ်နှင့် ထိပ်တင်ဝင်းက ...

"အန်တီ ... ကျွန်တော်တို့ ရန်ကုန်ပြန်တက်ရင် ကောင်းမလား။ ကျွန်တော့်စိတ်ထင်တော့ ဟန်နီ ဒီမြို့မှာ မရှိလောက်တော့ဘူး ထင်တယ်"

လိုက်နားစွင့်နေရင်း ခင်မောင်ဇော် တင်းသွား၏။ သူကများ နှင်းဝါကို ဟန်နီလေး ဘာလေးနဲ့။ အသက်ကဖြင့် ဘတ်နေပြီ။

ထိပ်တင်ဝင်း၏တင်ပြချက်ကို ရှေ့ကအန်တီကြီးက အဖြေပြန်မပေးသေးဘဲ စဉ်းစားနေပုံရသည်။ သူ့ဘေးက နှင်းဝါနှင့် ခပ်ဆင်ဆင် အန်တီက –

"အန်တီလေးတော့ မထင်ဘူးကွယ်။ သမီးလေး ဒီမှာပဲ ရှိဦးမယ် ထင်တာပဲ။ နော် မမ"

ခင်မောင်ဇော်တို့သုံးယောက်သား တစ်ယောက်နှင့်တစ်ယောက် ကြည့်လိုက်ကြ၏။ သူတို့ဆက်သွယ်ရမည့် အန်တီလေးဆိုတာ သေချာသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဝါအမေကတော့ ပြန်မပြောသေး။ နောက်ထပ် နှင်းဝါအစ်ကို လှမျိုးမြင့် (ခ)တောကျိုးကန်းဆိုသူကလည်း လက်ရှိပျောက်နေသူမှာ သူ့ညီမပဲ မဟုတ် သလို ပန်းကန်ထဲမှ ထမင်းကြော်ကိုပဲ စိမ်ပြေနပြေစားနေသည်။

ငြိမ်ငြိမ်မနေနိုင်သည့် ထိပ်တင်ဝင်းကတော့ –

"အန်တီလေးပဲ စဉ်းစားကြည့်လေ၊ ဒီကမ်းခြေက ဘန်ဂလိုတွေ ပိတ်ကုန်ပြီ။ ဟိုတယ်တွေလည်း စုံနေပြီ။ မြို့ပေါ်က တည်းခိုခန်းတွေမှာလည်း ရှာတာ နှံ့နေပြီ။ သေချာပါတယ် ဟန်နီ ရန်ကုန်ပြန်သွားတာပဲ ဖြစ်ရမယ်။ ကျွန် တော်တို့ အမီပြန်လိုက်မှာဖြစ်မှာ။ မယ်မယ် အန်တီ့ကို ပြောပေးပါဦးနော် ... နော်"

အသက်အရွယ်ကိုမှ အားမနာဘဲ ထိပ်တင်ဝင်းက သူ့အမေ လက် မောင်းကိုကိုင်လှုပ်ကာ အဖြစ်သည်းပြနေ၏။ ထိပ်တင်ဝင်း၏မယ်မယ် ကလည်း ယောင်နနဖြင့် ...

"အေးပါ ... သားလေးရယ်၊ မယ်မယ်တို့ စဉ်းစားပါဦးမယ်။ မဝါကကော ဘယ်လိုစဉ်းစားမိလဲ"

"အင်း ... သမီးပြန်သွားမသွားဆိုတာ ပြောလို့မရသေးဘူး။ ကျွန်မ ရန်ကုန်က သူ့သူငယ်ချင်းတွေဆီကို တစ်ဖက်လှည့်နဲ့ ဖုန်းဆက်ကြည့် တော့လည်း မလာဘူးလို့ ပြောကြတာပဲ။ သိပ်တော့ ယုံလို့မဖြစ်သေးဘူး ဒါပေမဲ့ ... ကျွန်မ စဉ်းစားထားတာ"

စကားက မဆုံးသေးခင်မှာပဲ နှင်းဝါအမေက လက်ကိုင်ဖုန်းမှ အသံထ,မြည်လာသည်။ ထို့ကြောင့် ပြောလက်စကိုရပ်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ... ဟုတ်ကဲ့၊ ညီမပြော ... ပြော"

"... ... ..."

"ဟင် ဟုတ်လား၊ အဲဒါ သေချာတယ်နော်၊ အင်း ... ဟုတ်ပြီ ... ဟုတ်ပြီ"

"... ... ..."

"ကျေးဇူးပါပဲ ညီမရယ်၊ ဒီမှာ အစ်မတို့လည်း ပြန်ပဲပြန်ရတော့မလို ဆက်ပဲနေရတော့မလိုဖြစ်နေလို့ ကျေးဇူးပဲနော်၊ ခုလို စုံစမ်းပေးတာ"

ဖုန်းကို အသာပိတ်ပြီး နှင်းဝါမေမေက ပါးပါးနပ်နပ်ပြုံးလိုက်သည်။ ပြီးမှ တစ်ဝိုင်းလုံးကိုဝေ့ကြည့်ကာ –

"သမီး ရန်ကုန်မပြန်ဖြစ်သေးဘူးဆိုတာ သေချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီမြို့က ခရီးသွားရင် မှတ်ပုံတင်မရှိဘဲ သွားလို့မရဘူး"

"ဟာ ... ဒါဆို"

ထိပ်တင်ဝင်း၏လန့်သွားသောပုံစံကို နှင်းဝါမေမေက –

"ဟုတ်တယ်၊ သမီး ကမ်းခြေက ဘန်ဂလိုတစ်ခုခုမှာမဟုတ်ရင် မြို့ပေါ်က တစ်နေရာရာမှာပဲ ရှိရမယ်"

သူတို့ဝိုင်းပင်မကဘဲ ခင်မောင်ဇော်တို့တစ်အုပ်စုလုံးပါ ငြိမ်သက်သွားကြ၏။ နှင်းဝါ၏မေမေ ပါးနပ်လွန်းတာကတော့ ငြင်းလို့မရချေ။ နှင်းဝါ ဒီမြို့တစ်ဝိုက်မှာ ရှိသေးကြောင်း သိသွားလေပြီ။

တိတ်ဆိတ်နေရာမှ အောင်သန့်ဦးက ခင်မောင်ဇော်ကို လက်အုပ်ပြီး လေသံတိုးတိုးနှင့် –



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... အဘွားကြီးက ပါးပါးလေးနော်။ ငါတို့ ဘယ်လို လုပ်ကြမလဲ"

"ခဏလေးကွာ။ ငါလည်း စော်စော်ဦးနှောက်စားသွားတယ်"

"လုပ်စမ်းပါ စာရေးဆရာရာ။ မင်းအကွက်ကလေးတွေ ရှေ့ ကြည့်ပါဦး"

ထူပူနေအောင် စဉ်းစားသော်လည်း အဖြေက ထွက်မလာသေး။ ခင်မောင်ဇော် ခေါင်းတွေပါ မူးနောက်နောက် ဖြစ်လာသည်။ ထိုအချိန်မှာပဲ ကျော်စိုးက–

"ဟာ ... ငါအကြံရပြီ ခင်မောင်ဇော် ... မင်းကို နှင်းဝါပေးထားတဲ့ စာပြစမ်း"

"ဘာစာလဲ၊ ငါနဲ့နှင်းဝါက အဲဒီအဆင့် မရောက်သေးပါဘူးကွာ။ ခုမှ မျက်လုံးချင်းပဲ စကားပြော"

"အရေးထဲ နှာဘူးက တစ်မျိုးကွာ။ မင်း အဲဒီလောက် အစွမ်းမရှိ မှန်း ငါသိတယ်။ ခု ငါပြောတာက နှင်းဝါအန်တီလေးကိုပေးဖို့ မင်းကို နှင်းဝါရေးပေးထားတဲ့ စာကိုပြောတာ"

"အဟီး ... မသိဘူးလေကွာ။ မင်းက အဲဒီစာကို ဘာလုပ်မလို့လဲ"

"ပေးမှာသာ ပေးစမ်းကွာ။ လျှာရှည်မနေနဲ့"

ကျော်စိုးက ဘလိုင်းကြီးဟောက်နေသေးသည်။ ခင်မောင်ဇော် လည်း နဝေတိမ်တောင်နှင့် စာကိုထုတ်ပေးလိုက်၏။ ကျော်စိုးက စာအိတ် ပန်းရောင်လေးကို လှည့်ပတ်ကြည့်ရင်း –



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကြည့်နေ ငါလုပ်ပြမယ်"

ခင်မောင်ဇော်လည်း ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။ ကျော်စိုး စာကို ပေါ်တင်ကြီး သွားပေးမှာလား။ ထိုသို့ တွေးလိုက်မိသော်လည်း ကျော်စိုးက မပေးပါ။ ထိုင်ရာကပင် မထဘဲ ဟိုဘက်ဝိုင်းကို စူးစိုက်ကြည့်နေ၏။

ခင်မောင်ဇော်နှင့်အောင်သန့်ဦးတို့လည်း အူတီးအူကြောင်နှင့် လိုက်ကြည့်မိကြသည်။ ဘာမှန်းတော့ ရေရေရာရာမသိရသေး။

"ဟော့ကောင် ကျော်စိုး"

ခင်မောင်ဇော်၏ခပ်တိုးတိုးခေါ်သံကို ကျော်စိုးက နှုတ်ခမ်းမှာ လက်ညှိုးတော့ပြရင်း ဟိုဘက်ဝိုင်းသို့ မျက်လုံးဖြင့်ပြသည်။ တိတ်တိတ်နေ ဟိုကို ကြည့်ဆိုတဲ့သဘောပေါ့။ ရပါသည်။ ကြည့်နေလိုက်၏။

သိပ်ကြာကြာ မကြည့်လိုက်ရ။ စားရင်းသောက်ရင်း နှင်းဝါ အန်တီ လေး၏အကြည့်က ပတ်ဝန်းကျင်ကို စူးစမ်းသလို ဝေ့ကာ,ဝိုက်ကာ သူတို့ ဘက်အရောက်မှာတော့ –

"ဒီမှာ ဒီမှာ ... စာ စာ"

အသံအားဖြင့် ထွက်မလာပါ။ ထိုအသံထွက်ကို ပါးစပ်လှုပ်ပြရင်း ကျော်စိုးက စာအိတ်ပန်းရောင်လေးကို နှင်းဝါအန်တီလေးအား လှမ်းပြနေ၏။

ရုတ်တရက် အန်တီလေးကြောင်သွား၏။ သူ့အနားမှ လူတွေကို မသိမသာအကဲခတ်ရင်း ကျော်စိုးကို ပြန်ကာခိုးကြည့်၏။ ကျော်စိုး အားတက် သွားပြီး –

"ဒီမှာ ဒီမှာ ... ဒီစာကို ကျွန်တော်တို့ကတစ်ဆင့် အန်တီလေးဆီကို



www.burmeseclassic.com

www.burmeseclassic.com



ပေးခိုင်းလိုက်တာ"

ဒီတစ်ခါလည်း ပါးစပ်က အသံမထွက်ပါ။ ဒါဆို လေလည်သလို ဖင်က ထွက်သွားတာလားဟု မမေးကြပါနှင့်။ ရှင်းပြပါမည်။

ခုတစ်ခါလည်း ထိုစကားလုံးအတိုင်း ပါးစပ်ကလှုပ်ပြီး သူ့ကိုယ်သူ ရင်ဘတ်ကို ပုတ်ပြလိုက်၊ စာအိတ်ကို အန်တီလေးဘက် ပေးဟန်ပြုကာ ပုံနှင့်တကွ ရှင်းပြနေခြင်းဖြစ်သည်။

ထူးခြားလာပါသည်။ သိသိသာသာကြီးကို ထူးခြားလာပါသည်။ ကျော်စိုးကိုစိုက်ကြည့်နေသော အန်တီလေး၏မျက်နှာက အရောင်အမျိုးမျိုး ဖြတ်ပြေးကာ သူ့အနားမှလူများကို မလုံမလဲကြည့်လိုက်သည်။ တခြားလူများ ကတော့ ရိပ်မိပုံမရ။ အန်တီလေးက ကျော်စိုးကို ခိုးကြည့်လိုက်သည်။ ကျော်စိုးက စာအိတ်လေးကို ထပ်ပြလိုက်ပြန်၏။ အခြေအနေကောင်းလာပြီး အန်တီလေးက ကြည့်နေရင်း မခိုးတရိုဟန်လေးနှင့် ခေါင်းကို ငုံ့ချလိုက်သည်။

သွားပြီ၊ နားလည်မှု လွဲချေပြီ။ ကျော်စိုး ကြက်ကြီးလည်လိမ်သလို ဖြစ်နေစဉ်မှာပဲ အန်တီလေးက မျက်လုံးရွှဲကြီးများဖြင့် တစ်ချက်လှမ်းကြည့် ပြန်၏။ ကျော်စိုးက မျက်စိမျက်နှာပျက်ကာ –

"လာ လာ ... ဟော့ကောင်တွေ လစ်မယ်"

"ဟာ ... ဘာဖြစ်လို့လဲ၊ အခြေအနေကောင်းနေပြီပဲ"

"မင်း ဘိုးအေကြီးကောင်းရမှာလား။ ဟိုက ဒီလောက် တဏှာ တွေ ထင်နေတာကို"

စာအိတ်လေးကို ဆောင့်ကြီးအောင့်ကြီးပစ်ချပြီး ကျော်စိုး ထ,ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားလေ၏။ အဆင်မပြေ စိတ်ရှုပ်ရသည့်ကြားကပင် ခင်မောင်ဇော်နှင့် အောင်သန်းဦးတို့နှစ်ယောက် တခွီးခွီးရယ်မိကြတော့သည်။

ထိုအကြောင်းကို ချန်လှပ်ပြီး ကြားခဲ့သိခဲ့ရသမျှကို နှင်းဝါအား ပြောပြလိုက်သည်။

နှင်းဝါက မျက်နှာလေးအိုသွားပြီး –

"ဒါဆို ကျွန်မ ဒီမှာရှိသေးတာ မေမေ သိသွားပြီပေါ့နော်"

"အင်း ... ဒါပေမဲ့ နှင်းဝါ စိတ်မပူပါနဲ့။ ကျွန်တော် အကြံတစ်ခု ရထားတယ်"

"ဘာလဲဟင်"

အားလုံးက ခင်မောင်ဇော်ကို စိတ်ဝင်တစား လှမ်းကြည့်ကြ၏။ ခင်မောင်ဇော်က တော့ ပြတ်သားလွန်းသည်။ ဘယ်သူ့ကိုမှ ပြန်မကြည့်ဘဲ နှင်းဝါကို စိုက်ကြည့်ကာ –

"မပြောပြဘူး ... သတ်ချင်သတ်"

"အာ ... ကိုခင်မောင်ဇော်ကလည်း"

နှင်းဝါ အားမလိုအားမရဖြစ်သွား၏။ ရွတ်နောက်နောက် ပြော နေသည့် ခင်မောင်ဇော်ကိုလည်း မျက်စောင်းလေးက လှမ်းထိုးလိုက်သေး သည်။ ခင်မောင်ဇော်က –

"ဟုတ်တယ် ... ပြောလို့မဖြစ်သေးဘူး။ ဒါပေမဲ့ နှင်းဝါ ကျွန်တော့် ကို ယုံတယ်မဟုတ်လား"

"အင်း ... ယုံတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယုံရင် ပုံအပ်လိုက်တော့"

"ကိုခင်မောင်ဇော်နော်"

ဘာဆက်ပြောရမှန်းမသိဘဲ နှင်းဝါ ရှက်သွားလေ၏။ နှင်းဝါနှင့် ခင်မောင်ဇော်တို့ကိုကြည့်ကာ အားလုံးက ပြုံးစိစိ။

ပြန်ခါနီးမှာ ခင်မောင်ဇော်က မေးခဲ့သေးသည်။

"ဒါနဲ့ ... နှင်းဝါအန်တီလေးက အပျိုကြီးလား"

"အင်း ... ဟုတ်တယ်၊ ကိုခင်မောင်ဇော်က ဘယ်လိုသိတာလဲ"

"ဟဲ ဟဲ ... ဒီလိုပဲပေါ့"

နှင်းဝါကတော့ ဘာမှနားလည်ပုံမရချေ။ ပြောင်စပ်စပ်ဖြစ်သွားသည့် ခင်မောင်ဇော်ကိုကြည့်ကာ၊ ကျော်စိုးက မချိပြုံးသာ ပြုံးနိုင်တော့သည်။ သူ့ခမျာ အထင်လွဲခံလာရသည်ကိုး။ ဟိုကလည်း အပျိုကြီးဆိုတော့ ကျော်စိုးလို ခပ်ငယ်ငယ်ကောင်လေးက စာလှမ်းပြသည်ကို ရင်တွေခုန်သွားမှာ သေချာလောက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဟော့ကောင် ... တစ်ရက်တစ်ရက်ကို အပြင်ထွက်လှချည်လား ကွ"

အန့်တီထားကြော်ပေးသည့် ထမင်းကြော်ကိုစားအပြီး တင်ပါးလက် သုတ်ကာ အပြင်ထွက်ရန်ပြင်နေသော ခင်မောင်ဇော်တစ်ယောက် ဦးလေး စကားကြောင့် ခြေလှမ်းတွန့်သွားရသည်။

ဦးလေးကို လှည့်ပြန်လှည့်ကြည့်လိုက်ရင်း –

"ဗျာ ... ဦးလေး၊ ဆိုင်ကယ်သုံးစရာရှိလို့လား"

"ဟော့အေး ... မရှိပါဘူး။ မင်းပြောတော့ ဒီကိုအပန်းဖြေလာရင်း စာလည်းရေးမှာဆို။ ခုတော့ မင်းက မနက်စောစောဆိုထွက်ပြီ။ ညဆိုလည်း မိုးချုပ်မှပြန်လာ၊ စာလည်း တစ်လုံးမှရေးတာ မမြင်ဘူး အောင်မြင့်ဦးရယ်"

မှုန်တေတေနှင့် ဦးလေးက လှမ်းပြောနေသည်။ အမှန်တော့



www.burmeseclassic.com

www.burmeseclassic.com



ဦးလေး သူ့ကိုဆူနေခြင်းမဟုတ်ပါ။ စာမရေးဖြစ်၍ ကရုဏာဒေါသော ဖြစ်နေခြင်းလည်းမဟုတ်။ ညနေ၊ ညနေဆို သူနှင့်အတူ သောက်လျှင် စကားရောဖောရောနှင့် ပိုတွယ်လို့ရသည့်ပဲလေ။

ကိုယ့်ဦးလေးအကြောင်းကို နောကျေနေသည့်မို့ –

"ဒီနေ့ စောစောပြန်ခဲ့ပါမယ်ဗျာ။ ကျွန်တော်လည်း အပြင် သိပ် ထွက်ချင်လို့ မဟုတ်ပါဘူး။ ရန်ကုန်က ကောင်မလေးတစ်ယောက် ဒုက္ခ ရောက်နေလို့ အကူအညီပေးနေတာပါ"

"ဟော . . . ဘယ်လို ဘယ်လို၊ မင်းအသိထဲကလား"

"ဟင့်အင်း . . . ဒီရောက်မှသိတာပါ။ သူ့ခမျာ ရန်ကုန်ပြန်ဖို့ မလွယ် ဘူးဖြစ်နေလို့လေ"

"ဒုက္ခိတလေးများလားကွာ"

"ဟာဗျာ . . . မဦးမချွတ်၊ သူများသားသမီးကို"

ခင်မောင်ဇော် ပျာပျာသလဲ ငြင်းလိုက်တော့ ဦးလေးက သဘော ပေါက်သလို . . .

"ဩော် . . . ငါသိပြီ၊ အဲဒီကောင်မလေး ရန်ကုန်ပြန်ဖို့ လမ်းစရိတ် ပြတ်သွားလို့လား။ ဟေ့ကောင် . . . သတိထားနော်၊ တချို့ ဒါမျိုးနဲ့ လုပ် စားနေတာတွေ ရှိတယ်ကွ"

သူ သဘောပေါက်သွားတာကမှ ပိုဆိုးလာတော့သည်။ မရှင်းပြဘဲ ငြိမ်နေလျှင် နှင်းဝါတစ်ယောက် လမ်းဘေးရောက်သွားနိုင်လောက်သည့် ကြောက်ခမန်းလိလိ သုံးသပ်ချက်များကို တင်သွင်းလာမှာစိုးသည်က တစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ ကိုယ်ကိုယ်တိုင်က ရိုက်မစစ်ဘဲ ပြောပြချင်နေသည်က တစ်ကြောင်းနှင့် ထိုနှစ်ကြောင်းကို အတင်းတိုက်ဆိုင်ကာ ပြောပြလိုက်တော့သည်။

ဦးလေးက တအံ့တသြနားထောင်ပြီးမှ လက်ဖျစ်တစ်ချက် တီးလိုက်ရင်း –

"ဟော့ကောင် ... ဒါ ဝတ္ထုပဲ"

ခင်မောင်ဇော် ငိုချင်စိတ်ပေါက်သွား၏။ ဦးလေးက စာရေးဆရာ၏ ဦးလေးဟုမပြော၊ အကြောင်းအရာတစ်ခုခု မြင်လိုက်၊ ကြားလိုက်ရသည်နှင့် ထိုသို့ပင် ပြောလေ့ရှိသည်။

စကားကြောရှည်နေမှာစိုး၍ ခင်မောင်ဇော်လည်း ထပ်မံချေပမနေတော့ဘဲ–

"ကဲ ဦးလေး ... ကျွန်တော်သွားဦးမယ်။ အန်တီထား ဈေးက ပြန်လာရင် ကြည့်ပြောထားလိုက်တော့"

"အေး အေး ... အဆင်ပြေပါစေကွာ။ စောစောလည်း ပြန်လာခဲ့ဦး။ လမ်းထိပ်က စတိုးဆိုင်မှာလည်း ကံစမ်းမဲပါတဲ့ ဝီစကီတွေ အသစ်ရောက်နေတယ်လို့ ကြားတယ်"

ဘာမှလည်းမဆိုင်ပါ။ သို့သော် မော်ဒန်ဝတ္ထုကဲ့သို့ သိစိတ် အလျှင်တွေးနည်းဖြင့် ခင်မောင်ဇော် နားလည်လိုက်သည်။ ထို့ကြောင့်လည်း–

"ဩော် ဦးလေး ... ညနေ ဟိုနှစ်ကောင်လည်း ပါချင်ပါလာမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ကွာ၊ ငါ့ကြက်ဖကြီး မနက်,မနက် ထတွန်တာ မင်းကြားတယ် မဟုတ်လား"

"အင်း အင်း ... ဆိမရှိ ပြုတ်ဆိုလားပဲ။ ဟား ဟား ... သွားပြီ သွားပြီ"

"အောက်အီးအီးအွတ်ပါကွာ ရှုံးမှပဲ"

မြည်တွန်တောက်တီးရင်း ဦးလေးကျန်ခဲ့၏။ ဒီဦးလေးနှင့် ဒီတူကတော့ ထိုသို့ပဲဖြစ်သည်။

ချိုချိုမာတို့အိမ်ရောက်တော့ ဟိုကောင်တွေ (ကျော်စိုး+အောင်သန်းဦး+နီလာနိုင်) က မရောက်သေး။ နှင်းဝါကဖြင့် မနက်ခင်းလင်းလင်းမှာ နှင်းပန်းပွင့်ကလေးလို စိုလက်လှပနေပြီ။ ချိုချိုမာ၏အင်္ကျီအဝတ်အစားများနှင့်ပင် ချိုချိုမာထက် လေးဆယ့်ငါးဆလောက် ပိုလှနေ၏။ နှင်းရှိလို့နှင်းထွက်တာပဲ ဖြစ်သိမ့်မည်။ ခင်မောင်ဇော်က အကောင်းမြင်သမားဖြစ်၏။

ခင်မောင်ဇော်ကိုမြင်တော့ နှင်းဝါက –

"ကိုခင်မောင်ဇော် ... ကော်ဖီသောက်မလား။ ကျွန်မ ဖျော်လိုက်မယ်။ ချိုချိုမာကတော့ အိပ်တုန်းပဲ"

အလဲ့ တယ်ဟုတ်တဲ့ငါပါလားဟု ဘဝင်မြင့်မြင့်တွေးလိုက်ပြီး မှင်သေသေနှင့်ပင် ...

"ကောင်းသားပဲ ... ဒါပေမဲ့ ဆွေမျိုးမေ့သွားအောင် ဖျော်မလားနဲ့နော်"

"ဘာလဲ ... မကောင်းမှာစိုးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး နှင်းဝါရာ။ ကျွန်တော်သောက်ပြီး ဖျော်ပေးတဲ့လူကိုပါ မေ့သွားမှာစိုးရိမ်လို့ဗျ"

မျက်စောင်းလေးထိုးရင်း နှင်းဝါက ထသွား၏။ ချိုချိုမာကိုတော့ ခုထိ မတွေ့ရသေး။ ကောင်းပါသည်။ နောက်ထပ် တစ်နာရီလောက်အထိ မတွေ့ရလျှင် ပိုကောင်းမည်။

နှင်းဝါဖျော်လာပေးသောကော်ဖီကို တစ်ငုံသောက်လိုက်ပြီးမှ . . .

"အားပါး ကောင်းလိုက်တဲ့ အရသာဗျာ။ လျှာလည်သွားပြီ"

"လျှောက်ပြောမနေနဲ့၊ အဲဒါ ကော်ဖီမစ်ထုပ်ကို ဖောက်ထည့်ပြီး ရေနွေးထပ်ထည့်လိုက်တာ"

"သိပါတယ် နှင်းဝါရဲ့။ ကျွန်တော်က ကော်ဖီမစ်သောက်နေတာမဟုတ်ဘူး"

"ရှင်"

"ဩော် . . . နှင်းဝါရဲ့စေတနာကို ခံစားနေတာလေ"

"အို"

နှင်းဝါ၏မျက်နှာလေးက နီတွေးသွားသည်။ ကယောင်ချောက်ချားမျက်လုံးလေးများဖြင့် လှမ်းကြည့်သော နှင်းဝါကိုကြည့်ကာ ခင်မောင်ဇော် ရင်တွေ တလှပ်လှပ်ခုန်နွေးလာ၏။ နှစ်ယောက်သားကြားထဲတွင် တိတ်ဆိတ်မှုတွေက ဆွဲညပ်ပေါက်ကွဲနေကြသည်။

အသက်နှင့်ရင်းပြီးပြောရန် ခင်မောင်ဇော် အသက်အောင့်လိုက်၏။

"နှင်းဝါ"



www.burmeseclassic.com

www.burmeseclassic.com



ဖြေသံမကြားရ၊ ခင်မောင်ဇော်၏နှလုံးသားထဲ နှင်းစက်တွေ တဖွဲဖွဲ ကြွေကျနေကြသည်။ နှင်းဝါပြန်ပြီးမေးအကြည့် –

"ဟယ် ခင်မောင်ဇော် ... မသာကောင် ဝိရိယကောင်းလှချည်လား နှင် ဘယ်တုန်းကရောက်နေတာလဲ"

သွားပြီ ... ချိုချိုမာ လဒမ၊ သင်း ဘယ်တော့မှ အချစ်စစ် အချစ်မှန် မတွေ့ပါစေနဲ့ဟု ရှည်ရှည်လျားလျား ကျိန်ပြစ်လိုက်၏။ ဒီဟာမက တိုတိုတုတ်တုတ်နှင့်လည်း ဖြူမည့်ဟာမ မဟုတ်ချေ။ ခုလည်း ဆံပင်ကြီး ဖိုးရိုးဖားလျားနှင့် ကျယ်ကျယ်ပြန့်ပြန့် အကဲခတ်နေသေးသည်။

"ဟဲ့ ... မေးနေတာ မကြားဘူးလား"

"ကြားသားပဲ ... ရှုံ့လို့"

"ဘာ"

ချိုချိုမာ၏ဒေါသအမျက်က ချက်ချင်း စူထွက်လာ၏။ ခင်မောင်ဇော်က မျက်နှာလွှဲလိုက်ပြီး –

"မျက်နှာသွားသစ်ပါဟာ။ နင့်မျက်နှာအပေါင်းကြီးကို ရေဇလုံထဲ ပစ်ထည့်ပြီးမှ ပြန်လာခဲ့"

ချိုချိုမာက ထပ်မံရန်တွေ့ချင်နေသေးသည်။ ရှေ့တိုးလာလျှင် အိပ်ရာထအလုနှင့် တစ်ရှက်ကနှစ်ရှက် ဖြစ်မှာစိုးလို့လားမသိချေ။ ချာခနဲ လှည့်ဝင်သွားလေ၏။ နှင်းဝါကတော့ သူတို့ကိုကြည့်ကာ တခိခိ ရယ်နေ တော့သည်။ ခင်မောင်ဇော်က ...

"ရယ်မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

နှင်းဝါ မျက်ခုံးလေးနှစ်ဖက် စုသွားသည်။ ခင်မောင်ဇော်က ဟက်ခနဲ ရယ်လိုက်ရင်း ...

"နောက်တာပါ၊ ကျွန်တော် အတည်ပြောချင်တာက"

စကားပင် မဆုံးလိုက်ချေ။ တံခါးဝမှ –

"ရောက်ပါပြီ"

ဟူသောအသံများကို ကိုရီးယားကားထဲကလို ကြားလိုက်ရလေသည်။ ဘာတတ်နိုင်တော့မည်နည်း။ ကျွန်တော်မျိုးကြီး သေသင့်ပါတယ်ဟုသာ တရုတ်ကားထဲကလို စိတ်ပေါက်ပေါက်နှင့် တွေးမိတော့သည်။ နှင်းဝါမျက်နှာလေးက မချိုမချဉ်နှင့်။

ထိုသို့ဖြင့်၊ ကမ်းခြေရောက်တော့လည်း အဆင်မပြေချေ။ နှင်းဝါတို့ အမေတည်းသည့် ဘန်ဂလိုနားမှာ ရစ်သီရစ်သီ သွားစောင့်ကြည့်နေသေးသည်။ မထူးခြားပါ။ တံခါးများဖွင့်ထား၍ ဘယ်ကိုမှသွားဟန် မရှိသော်လည်း နှင်းဝါ အန်တီလေးကို အစအနပင်မတွေ့။

စိတ်မောလူမောနှင့် လက်ဖက်ရည်ဆိုင် သွားထိုင်၊ ပြီး ... ပြန်လာတာ စောင့်ကြည့်ရပြန်၏။ ထူးမခြားနားပါပဲ၊ ဘန်ဂလိုတက်ကိုသာ မျှော်ကြည့်နေရင်းက ခင်မောင်ဇော့်စိတ်ထဲ နောက်ကျောမလုံသလို မသိုးမသန့် ခံစားလာရ၏။ ထိုသို့ဖြင့် တစ်ခုခုပဲဟုတွေးပြီး ဆတ်ခနဲလှည့်ကြည့်လိုက်သည်။

"ဟင်"

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

အခြေအနေကတော့ အနည်းငယ် ရှုပ်ထွေးလာပြီဟု ဆိုရမည်။ သူတို့နောက်မှ တစ်ယောက်မှယောက်က မယောင်မလည်နှင့် လိုက်နေတာလည်း သေချာနေပြီ။ ဦးထုပ်ကို ငိုက်ငိုက်ဆောင်းကာ ခပ်လှမ်းလှမ်းမှ လိုက်နေ၍ ရုပ်က မကွဲပြား။ နှင်းဝါတို့အပေါ်လက်ချက်ဟု ခင်မောင်ဇော်က တွေးမိ၏။

"ဟော့ကောင် နောက်က ဟိုကောင်ပါလာပြန်ပြီကွ"

မသိမသာ လှည့်ကြည့်ရင်း ကျော်စိုးက တီးတိုးပြော၏။ ခင်မောင်ဇော်က–

"သိပ်လှည့်မကြည့်နဲ့၊ ခပ်တည်တည်နဲ့သာ ဆက်လျှောက်ပြီး ငါ့နောက်က လိုက်ခဲ့"

ဆိုင်ကယ်များကို နီးရာစားသောက်ဆိုင်တစ်ခုမှာ အပ်ထားခဲ့ပြီး ခြေထောက်နှင့် လျှောက်နေကြခြင်းဖြစ်သည်။ ထိုသို့မှပဲ အလွယ်တကူ ဖြစ်မည်



www.burmeseclassic.com

www.burmeseclassic.com



သေး ခုလည်း နောက်ယောင်ခံလိုက်လာသူက ထက်ကြပ်မကွာ ပါလာပြန်၏။ ခင်မောင်ဇော်တို့အုပ်စုလည်း နှင်းဝါအမေ၏ဘန်ဂလိုကိုကျော်ပြီး လျှောက်လိုက်၏။

အနည်းငယ် ထပ်လျှောက်ပြီး ဘန်ဂလိုတစ်ခုရှေ့အရောက်မှာတော့ ခင်မောင်ဇော်က ဆတ်ခနဲ ကွေ့ဝင်လိုက်၏။ အောင်သန်းဦးနှင့်ကျော်စိုးတို့လည်း ဘုမသိ၊ ဘမသိနှင့် လိုက်ဝင်လာကြသည်။

"ခင်မောင်ဇော် ... ဘယ်ကိုစွတ်စက်ဝင်လာတာလဲ။ သူများဘန်ဂလိုဝင်းထဲကို"

"ငါ သိပါတယ်၊ နန္ဒာရေ ... နန္ဒာ"

ခင်မောင်ဇော်က အော်ခေါ်ရင်း လမ်းမကို လှမ်းကြည့်လိုက်သည်။ နောက်က လိုက်လာသူကတော့ ကျော်သွားပြီ။ ဘန်ဂလိုထဲက နန္ဒာငြိမ်းငြိမ်းမြတ်ကတော့ ထွက်လာပြီး ...

"ဟယ် ... ခင်မောင်ဇော်၊ လာ လာ ... ဧည့်သည်တွေလည်း ပါလာတာကိုး"

"အေးဟ ... လမ်းကြုံတာနဲ့ နင့်ဆီဝင်လာတာ၊ နင် တစ်ယောက်တည်းလား"

"အေး ... ဟုတ်တယ်၊ ဟိုကောင်တွေ ကမ်းခြေဆင်းသွားလို့"

"ငါတို့က သုံးယောက်တောင်ဟ"

"ဟင် ... ဘာဖြစ်လို့လဲ"

နန္ဒာငြိမ်းငြိမ်းမြတ် အူကြောင်ကြောင်ဖြစ်သွားသည်။ ခင်မောင်



www.burmeseclassic.com

www.burmeseclassic.com



ဖော်က ရယ်ရင်း –

"ဩော် . . . နင် ညည့်ခံရမှာ အလုပ်ရှုပ်နေမှာပေါ့။ ငါတို့ပြန်တော့မယ် တာ့တာ"

"ခဏနေပါဦးဟ . . . နင်ကလည်း"

ပြောရင်း နန္ဒာငြိမ်းငြိမ်းမြတ်က ဘန်ဂလိုပေါ်မှ ဆင်းလာသည်။ ပြုံးတမဲ့မဲ့နှင့်။

"ငါကတော့ နင်လာမလားဆိုပြီး မျှော်မျှော်နေမိတာ။ နင်က လာတော့လည်း ချက်ချင်းကြီး"

"မျှော်မနေပါနဲ့ နန္ဒာရယ်။ ငါ့မှာလည်း ငါ့ကိစ္စတွေနဲ့ အားတာမဟုတ်ဘူး"

"ဩော်"

နန္ဒက ညည်းရင်း ပင်လယ်ဘက်ကို ရီဝေဝေလှမ်းကြည့်နေသည်။ အောင်သန်းဦးနှင့်ကျော်စိုးတို့က နားလည်သလိုနှင့် ခပ်လှမ်းလှမ်းသို့ ထွက်သွားကြ၏။ လေတိုက်၍ လွင့်ခါနေသော ဆံနွယ်စများကို သိမ်းရင်း နန္ဒာက–

"ခင်မောင်ဖော်"

"ပြောလေ နန္ဒာ"

ဖြေလိုက်သည့် သူ့အသံတွေ အနည်းငယ်ခြောက်ကပ်နေမှန်း ခင်မောင်ဖော် သိလိုက်သည်။ တိုက်စားခံခဲ့ရသော အတိတ်တစ်ခုအတွက် သူ့နှလုံးသားသည် နန္ဒာနှင့်ပတ်သက်ပြီး အေးခဲနေပြီဆိုတာကိုတော့ အံ့ဩတော့ပါ။ ပြန်အသက်သွင်း၍မရသော အရာတစ်ခုကို သူ တင်မ်မကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ချင်တော့။ နွေးနွေးထွေးထွေးပဲ သဘောထားတွေ ကွဲလိုက်တော့မည်။ ခင်မောင်ဇော် စဉ်းစားနေစဉ်မှာပဲ –

"ငါ ရွှေ့တစ်ရက် နှစ်ရက်ဆိုရင် ပြန်တော့မယ်။ နင် ဘာပြောစရာ ရှိသေးလဲ ခင်မောင်ဇော်"

ပင်လယ်ပြင်ကို ငေးကြည့်နေသည့် နန္ဒာငြိမ်းငြိမ်းမြတ်၏မျက်ဝန်း တွေက မလှုပ်ဖယ်သေး။ သူ့လိုပဲ ပင်လယ်ကိုကြည့်ရင်း စကားဆိုဖြစ်သည်။

"ထွေထွေထူးထူးတော့ မရှိပါဘူးဟာ။ ဟိုအရင်တုန်းကလိုပဲ အုန်းလက်နွှားလေးလို ငါနေခဲ့ဦးမှာပါ"

"ခင်မောင်ဇော်ရယ် ... နင် နင်"

"ဟုတ်တယ် နန္ဒာ၊ ငါ လက်ထပ်ရတော့မယ်။ ငါ့ချစ်သူက ဒီမြို့မှာ ရောက်နေတယ်"

အခြေအနေအရ ခင်မောင်ဇော် ဇာတ်နာပစ်လိုက်ရသည်။ နန္ဒာ ငြိမ်းငြိမ်းမြတ်က ဆတ်ခနဲလှည့်ကြည့်၏။ ခင်မောင်ဇော်လည်း ခေါင်းကို ငုံ့ချပစ်လိုက်သည်။ ဘာမှမတတ်နိုင်တော့။ နန္ဒာငြိမ်းငြိမ်းမြတ်က သဘော ထားကြီးစွာ သက်ပြင်းသဲ့သဲ့ချပြီးမှ –

"ငါ နားလည်ပါတယ်ဟာ။ ငါတို့က သူငယ်ချင်းတွေပဲလေ။ ဒါနဲ့ နင့်ကောင်မလေးက ရန်ကုန်ကပဲပေါ့၊ နာမည်က"

"အေး ... ဟုတ်တယ်၊ နာမည်က နှင်းဝါတဲ့"

ပါးစပ်က ဘယ်လိုထွက်သွားသည်မသိ။ ပြောရတာတော့ အတော် ခံတွင်းတွေ့သွားသည်။ စိတ်ထဲမှာကလည်း ဒီနာမည်ပဲ ရှိနေသည်ကို။

www.burmeseclassic.com



လိုအပ်လျှင် နောက်မှတောင်းပန်မည်။ လောလောဆယ် နန္ဒာငြိမ်းငြိမ်းမြတ် ခွင့်လွှတ်နားလည်ဖို့က အရေးကြီးသည်။

ဘာမှဆက်မပြောတော့သည့် သူမဘေးမှ အသာထွက်လာခဲ့၏။ စိတ်ထဲမှ မကောင်းသော်လည်း ရင်ထဲမှာ ပေါ့ပါးသွားသလို ခံစားလိုက်ရသည်။ အနားရောက်လာသည့် ခင်မောင်ဇော်ကို ကျော်စိုးက –

"ဘယ်လိုလဲ ခင်မောင်ဇော်၊ ပြန်အဆင်ပြေသွားပြီလား"

"မင်းတို့ထင်သလို မဟုတ်ပါဘူးကွာ။ သူက အချစ်ဆိုတာကို ခုမှစပြီး သင်ကြားချင်တာ။ ငါက သင်ခန်းစာရပြီးခဲ့ပြီ"

လေးလေးတွဲ့တွဲ့ပင် ခင်မောင်ဇော်က ဖြေလိုက်၏။ အောင်သန်းဦးကလည်း ...

"နားလည်အောင်ပြောကွာ။ မင်းရေးတဲ့ ဝတ္ထုထဲကစာသားတွေကို လာမပြောနဲ့"

ခင်မောင်ဇော် စိတ်ညစ်သွား၏။ ဒီနားလပိန်တုံးကိုလည်း ဘယ်လို ရှင်းပြရမှန်းမသိ ဖြစ်သွားသည်။ စိတ်ပေါက်ပေါက်နှင့်ပင်ကြည့်ကာ ...

"ငါ နှင်းဝါကို ချစ်နေတယ်ဆိုတာတော့ မင်းနားလည်ပါတယ်နော်"

"အေး ... သိတယ်။ ဒါပေမဲ့ နှင်းဝါကရော မင်းကိုနားလည် လက်ခံမှာတဲ့လား"

နောက်ဆုံးပြန်ပြောလိုက်သည့် အောင်သန်းဦးစကားကြောင့် ခင်မောင်ဇော်ရင်ထဲ လေးလံသွား၏။ တကယ်လို့များ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ပွဲမဝင်ခင် အပြင်မှာကျင်းပဆိုသလို သေသေချာချာ တိုင်ပင်ပြီးမှ ကာမ်းခြေသို့ဆင်းခဲ့သည်။ ဒီကိုစွကြီးလည်း အဆင်ပြေချင်လှပြီ။ နှင်းဝါ တစ်ယောက်လည်း တစ်ရက်တစ်ရက်နှင့် စိတ်ညစ်ရှာမည်။ နှင်းဝါကို မြန်မြန်ပြန်စေချင်၍ အားကျိုးမာန်တက် ကြိုးစားပေးနေခြင်းတော့မဟုတ်။ နှင်းဝါကို စိတ်ချမ်းသာစေချင်လွန်း၍ ဖြစ်သည်။

ထင်သည့်အတိုင်းပင်။ ဘန်ဂလိုရှေ့မှာ တစ်ခါနှစ်ခါ လမ်းသလား ပြလိုက်ရုံနှင့် နောက်ယောင်ခံငနဲကို တွေ့လိုက်ရပြီ။ စီစဉ်ထားသည့်အတိုင်း သုံးယောက်သား လှည့်မကြည့်တဲ လျှောက်လာခဲ့ကြ၏။ ခြေလှမ်းကို တဖြည်း ဖြည်း လျှော့ချရသည်။ နောက်က ငနဲက ငိုက်စိုက်ငိုက်စိုက်လိုက်လာ၍ သူတို့အုပ်စုနှင့် နီးကပ်လာ၏။

အနီးကပ်ဆုံး အနေအထားရောက်မှ သုံးယောက်သား ဝုန်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကာ ပြန်လျှောက်လိုက်သည်။ နောက်မှ ကပ်လိုက်လာသည့် ငနဲလည်း အိုးတိုးအန်းတန်း ဖြစ်သွားပုံရ၏။ ထိုလူကြောင်ပြီး မတ်တတ်ရပ်နေစဉ်မှာပဲ ခင်မောင်ဇော်က တည့်တည့်လျှောက်သွားကာ မျက်နှာချင်းဆိုင်မိတော့မှ–

"ဩော် ... ဘယ်သူများလဲလို့ မင်းကိုး"

"ဗျာ"

"ဗျာမနေနဲ့။ မင်း ငါတို့နောက်က ဘာဖြစ်လို့ လိုက်ကြည့်နေတာလဲ"

"ဟို ဟို ... မဟုတ်ပါဘူးဗျာ။ ဘယ်မှာလိုက်ကြည့်လို့လဲ"

ငနဲက အကြောက်အကန် ငြင်းတော့သည်။ အောင်သန်းဦးနှင့် ကျော်စိုးကပါ အနားကပ်လာသဖြင့် ခင်မောင်ဇော်က ...

"ဟေ့ကောင်တွေ ... ဒီကောင်က ဝန်မခံဘူးကွ။ သူ ငါတို့နောက်ကို လိုက်နေတာ မဟုတ်ဘူးတဲ့"

ကျော်စိုးက မထီတရီကြည့်ကာ –

"ဒါဆိုလည်း ဝန်ခံတဲ့နည်းကိုပဲ သုံးရမှာပေါ့။ မဟုတ်ဘူးလား"

"အသားမနာချင်ရင်ပေါ့ကွာ ... ဟဲ ဟဲ"

ခြိမ်းခြောက်စကားဆိုရင်း အောင်သန်းဦးကပါ ရှေ့တိုးလာသည်။ ငနဲလေးက နောက်တစ်လှမ်းဆုတ်ကာ လမ်းမကိုမျှော်ကြည့်လိုက်သည်။ မနက်ခင်းမို့ လူသူရှင်းနေ၍ ခမျာလေး အကျပ်ရိုက်သွားပုံရ၏။ ဒါမျိုးတော့ ချောင်သွားအောင် ဟမပေးနိုင်ပါ။ ခင်မောင်ဇော်တို့သုံးယောက်လည်း မျက်နှာထားတင်းတင်းနှင့် ရှေ့ထပ်တိုးလိုက်သည်။ ငနဲက သုံးယောက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်တော့ ဆွဲချင်ပုံမရ၊ မျက်နှာအပျက်ပျက် အယွင်းယွင်းနှင့် လက်တာမြင်ရင်း –

“နေကြပါဦးဗျာ ... ကျွန် ကျွန်တော်လည်း သူများနိုင်းလို့ လုပ်ရတာပါ”

“ငါ သိပါတယ်၊ ဒေါ်ဝါဝါမြင့်ခိုင်းတာ မဟုတ်လား”

ငနဲလေးက ခင်မောင်ဇော်ကို မျက်လုံးပြူးကြည့်ပြီး –

“ခင် ... ခင်ဗျားတို့က အန်တီဝါကို ... သိ သိတယ် ဟုတ်လား”

“ဟင်း ဟင်း ... သိတာပေါ့ကွာ။ မင်း ဘာဖြစ်လို့ လိုက်နေတာလဲဆိုတာလည်း သိတယ်”

“ခင်ဗျာ”

“ငါတို့ မင်းနဲ့စကားပြောချင်တယ်။ လာ ... လိုက်ခဲ့”

“ဘယ်ကိုလိုက်ခဲ့ရမှာလဲ။ ခင်ဗျားတို့က မြို့ပေါ်က ရဲတွေလား”

အရေးထဲ ဒင်းက အထင်ကြီးနေပြန်ပြီ။ ဒါမျိုးကျတော့လည်း အကြောက်သား။ တုန်လှုပ်သွားသည့်ပုံစံကြောင့် –

“လျှာမရှည်နဲ့ကွာ။ မင်းနဲ့စကားပြောချင်တယ်။ လာ ... ခု လိုက်ခဲ့ လစ်ပြေးမယ်မကြံနဲ့နော်”

အမှန်တော့ ငနဲလေးက နှင်းဝါတို့ ဘန်ဂလိုကို တာဝန်ယူရသော ဝန်ထမ်းလေးဖြစ်သည်။ ဒေါ်ဝါဝါမြင့် မှန်ိုးပေးကာ သူတို့အုပ်စုကို မသက်ာင် နောက်ကလိုက်ကြည့်ခိုင်းခြင်း ဖြစ်ပုံရသည်။

လူသူကျဲပါးသည့် စားသောက်ဆိုင်တစ်ဆိုင်ထဲရောက်သည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုးက အခွင့်ကောင်းယူကာ ရဲမဟုတ်ဘဲ ရဲစစ်,စစ်တော့၏။

"မင်းနာမည်က"

"မြဝင်းပါ။ ဒါပေမဲ့ ... သူငယ်ချင်းတွေကတော့ 'ရေဆင်' လို့ ခေါ်ကြတယ်"

"အေး ... ဟုတ်ပြီ၊ ငါတို့နောက်ကို ဒေါ်ဝါဝါမြင့်က ဘာဖြစ်လို့ လိုက်ကြည့်ခိုင်းတာလဲ"

"ဒါက ဒီလိုပါ အစ်ကို၊ သူတို့သမီးပျောက်ပြီး နောက်နေ့မှာ အစ်ကိုတို့ အန်တီဝါနဲ့ တွေ့ချင်တယ်ဆိုပြီး လာမေးသေးတယ်လေ။ ကျွန်တော်ကတောင် မရှိဘူး ဘာညာနဲ့ ပြောပြလိုက်သေးတယ်။ နောက်နေ့တွေကျတော့ အစ်ကိုတို့အုပ်စုကို ဒီအနားမှာပဲ တွေ့တွေ့နေရတယ်။ ပြီးတော့ အန်တီဝါတို့ရှိတာ သိလျက်နဲ့ လာမတွေ့ကြဘူး။ ကျွန်တော်လည်း အစ်ကိုတို့ကို သူ့သမီးပျောက်တဲ့ကိစ္စနဲ့ ပတ်သက်နေမလားဆိုပြီး အန်တီဝါကို သတင်းပေးလိုက်တယ်။ အန်တီဝါကလည်း အစ်ကိုတို့နောက်ကို စုံစမ်းခိုင်းတော့တာပဲ"

ခုမှပဲရှင်းသွား၏။ ဒီရေဆင်ဆိုတဲ့ မြဝင်းလျှာရှည်၍ ခုလို ဖြစ်သွားခြင်းပင်။ ငနာလေးကို နားရင်းအုပ်လိုက်ချင်၏။ ခင်မောင်ဇော်က ခပ်တည်တည်ကြည့်ကာ ...

"ခု ... မင်း ငါတို့နောက်ကလိုက်ကြည့်ပြီး ဘာတွေသတင်းပို့ ထားပြီလဲ"

"ဘာမှမပို့ရသေးပါဘူးဗျာ။ အစ်ကိုတို့လည်း ဘာမှမလုပ်သေး



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုး''

"ဩော် ... လုပ်ရင်တော့ မင်းက ပို့မယ့်သဘောပေါ့ ဟုတ်လား"

"ဟာဗျာ"

ရေဆင်ကို မေးနေရင်းက ခင်မောင်ဇော် ခေါင်းခါယမ်းလိုက်၏။

"ငါထင်သားပဲ။ ဒီကိစ္စက ထိပ်စီးကတည်းက လွဲနေပြီဆိုတာ"

ထိုစကားကို ရေဆင်ပင်မကဘဲ ကျော်စိုးနှင့်အောင်သန်းဦးတို့ပါ ကြောင်အမ်းသွားကြ၏။ ဆွဲထားသည့် အစီအစဉ်ထဲမှာလည်း ဒီစကား ပြောရန် မပါချေ။ သူတို့နှစ်ယောက် ထိုသို့တွေးနေစဉ်မှာပဲ ရေဆင်က အူကြောင်ကြောင်နှင့် ...

"ဘယ်လိုလွဲနေတာလဲဟင်"

"ဘယ်လိုလွဲရမှာလဲ။ ငါတို့ ဒီပတ်ဝန်းကျင်မှာ ယောင်လည်လည် လုပ်နေတယ်ဆိုတာ ဒေါ်ဝါဝါမြင့်သမီးကိစ္စ မဟုတ်ဘူးကွ"

"ဒါ ... ဒါဆို"

"အေး ... ကိစ္စကတော့ ဒေါ်ဝါဝါမြင့်ညီမကိစ္စပဲ"

"ဗျာ"

ရေဆင် ငုတ်တုတ်မေ့သလိုဖြစ်သွား၏။ အောင်သန်းဦး(ဆီဗူး)နှင့် ကျော်စိုးတို့လည်း နားမလည်နိုင်ကြ။

ခင်မောင်ဇော်က ကျော်စိုးကိုမသိမသာ မျက်စိမှိတ်ပြလိုက်ပြီးမှ ရေဆင်ကို –

"ငါတို့လည်း ရန်ကုန်ကဆိုတာ မင်းသိတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ရေဆင် တော်တော်ကျိုးနွံလာပြီဖြစ်သည်။ ခင်မောင်ဇော်က ကျော်စိုးကို မေးငေါ့ပြပြီး -

"အေး ... ဒေါ်ဝါဝါမြင့်ညီမနဲ့ ဒီကောင်က ဇာတ်လမ်းရှိတယ်။ အဲဒါ ငါတို့ မသန္တာမြင့်နဲ့ ဆက်သွယ်ချင်လို့ ခုလိုလာချောင်း ... အဲ ခုလို လှေလာနေတာ။ ဒေါ်ဝါဝါမြင့်သိလို့ မဖြစ်ဘူးကွ။ မင်း သဘောပေါက်ပြီ လား"

"ဟာ ... ဟော့ကောင် ခင်မောင်ဇော် ... အား"

ကျော်စိုး ကပျာကယာ လှမ်းတားလိုက်သော်လည်း အားခနဲအော်ပြီး ရပ်သွား၏။ ခင်မောင်ဇော်က ခုံအောက်မှခြေထောက်ကို တက်နင်းလိုက်၍ ဖြစ်သည်။ အောင်သန်းဦးက သဘောပေါက်လာသဖြင့် ငြိမ်နေ၏။ ဘာမှ ဝင်မမေး။

မထင်မှတ်ထားသဖြင့် ရေဆင် ဦးနှောက်စားသွားပုံရသည်။ အကြီးအကျယ် (နဖူးကြောကြီးများထအောင်) စဉ်းစားပြီးမှ ...

"အဲဒါ တကယ်ပဲလားဗျ"

"ဟ ... မင်းကို ညာစရာလားကွ။ ဒီမှာ ကာယကံရှင်လည်း ပါ တာကို"

ကျော်စိုးလည်း မထူးပြီမို့ သက်ပြင်းလေးလေးကြီးချရင်း -

"ဟုတ်ပါတယ် ညီလေးရာ။ မမသန္တာကို မင်းသိတယ် ဟုတ် လား"



www.burmeseclassic.com

www.burmeseclassic.com



ပြောသာ ပြောရသည်။ လျှာကတော့ အတော်ယားကျိကျိဖြစ်သွား၏။ ရေဆင်ကတော့ ကျော်စိုးကို သနားဟန်ဖြစ်သွားသည်။

"ဟို ခပ်ချောချော အန်တီလေးကို ပြောတာလား"

"အေးကွာ ... ဖြစ်နိုင်ရင်တော့ မင်း ကူညီပေးစေချင်တယ်"

ခင်မောင်ဇော်က ဝင်ပြောလိုက်သည်။ ရေဆင်က တွေးတွေးဆဆဖြင့် -

"ဖြစ်ပါ့မလားဗျာ။ တော်ကြာ ... အန်တီဝါ သိသွားရင်"

"ဖြစ်ပါတယ်ကွ၊ ဘယ်သူမှမသိအောင် ဒီစာလေးသွားပေးရုံလေးပါ။ မင်းကို ဟိုက ပြန်ရေးပေးလိုက်လိမ့်မယ်"

နှင်းဝါပေးထားသော စာအိတ်ပန်းရောင်လေးကို ထုတ်ပေးလိုက်၏။ ရေဆင်က ချက်ချင်းမယူသေး။ အင်တင်တင်လုပ်နေသည်။

"မင်း ခက်ခဲနေရင်တော့ နေပါစေတော့ကွာ။ မင်းကို ဒုက္ခပေးသလိုဖြစ်သွားတယ်။ ကဲ ... ရောက်တဲ့နောက်တော့ ဘီယာလေး သောက်သွားဦး"

ခင်မောင်ဇော်က ပြောရင်း ဘီယာလေးပုလင်းမှာလိုက်၏။ ထိုသို့ဖြင့် ဘီယာသုံးပုလင်းလောက် ဗိုက်ထဲဝင်သွားတော့မှ ရေဆင်တစ်ယောက် စာအိတ်ယူကာ ထွက်သွားတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

အခန်းဝမှာ မယောင်မလည်နှင့် ဟိုကြည့်ဒီကြည့်လုပ်နေသော လူတစ်ယောက်ကို မြင်လိုက်ရသဖြင့် ဒေါ်သန္တာမြင့် မျက်မှောင်ကုတ်မိသွားသည်။ ဘယ်သူဘယ်ဝါမှန်းမသိ၍ အခန်းဝထွက်ကာ ကြည့်လိုက်၏။

"ဩော် ... မင်းကိုး။ မင်းက ဘယ်လိုဖြစ်နေတာလဲ"

"ဗျာ"

"ယူနီဖောင်းနဲ့ မဟုတ်လို့ပော့၊ ငါက ဘယ်သူလဲလို့"

"အဟီး ... ဒီနေ့ ကျွန်တော့်နားရက်လေ မမရဲ့"

ရေဆင်က မျက်နှာချိုသွေးလိုက်၏။ မျက်နှာကို ကျောက်ပျဉ်ပေါ် တင်ပြီး သကြားရည်နှင့် သနပ်ခါးသွေးသလို သွေးခြင်းတော့ မဟုတ်ချေ။ တရိုတသေဟန်နှင့် ပြုံးတုံးတုံးမျက်နှာပေးကို တွဲသုံးလိုက်ခြင်းသာ ဖြစ်သည်။

ထိုအမူအရာကြောင့် ဒေါ်သန္တာမြင့် မျက်မှောင်ကြုတ်သထက်



www.burmeseclassic.com

www.burmeseclassic.com



ထွတ်သွား၏။ ခါတိုင်း ဒီကောင်လေးက အန်တီလေးလို့ ခေါ်တာ။ ခုမှ မဆိုပါလား။ ဘာလာကြောင်တာလဲ။

မည်သို့ပင်ဖြစ်စေ ရေဆင်၏အခေါ်အပြောကိုတော့ အပျိုကြီးပီပီ သဘောခွေ့သွား၏။ ထို့ကြောင့် မသိချင်ဟန်ဆောင်လိုက်ပြီး ...

"ကဲဆို ... ဘာကိစ္စလဲ"

"ဟိုလေ ... မမကို စာပေးချင်လို့"

"အို"

အပျိုကြီးဒေါ်သန္တာမြင့် ဗရမ်းဗတာ ဖြစ်သွားသည်။ ပြီးမှ စဉ်းစားကာ ဒေါသထွက်ဟန်ဖြင့် ...

"ဘာပြောတယ် မင်းက ငါ့ကို"

"ဟာ ... မဟုတ်ဘူး။ မဟုတ်ဘူးဗျ"

ရေဆင် ကမန်းကတန်း ရှင်းပြရတော့သည်။ အပျိုကြီးတွေက ပြောလို့ရသည့်မဟုတ်။ ဒီလို အသက်လေးဆယ်နားနီး အပျိုကြီးတွေက အတတ်ပညာပြည့်ဝသော အမေရိကနှင့်တူသည်ဟု စာထဲမှာ ဖတ်ဖူးသည်။ အမေရိကကို သူလည်းမသွားချင်ပါ။ အတတ်ပညာနှင့် အလှည့်စားမခံနိုင်ပါ။ တိုယ်က ခုမှ လူပျိုလေးရှိသေးသည်။

"ဟိုမှာ ခြံဝမှာတွေ့လား မမရဲ့ဘာညာလေး"

"ဟဲ့"

ဟန့်ရင်း ခြံဝကိုကြည့်မိသည်။ ဟယ် ... စားသောက်ဆိုင်မှာ စာလှမ်းပြတဲ့ ကောင်လေးပါလား။ သူမရင်တွေ ရှိန်းတိန်းတိန်းဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



(ထိုအချိန်တွင် ကျော်စိုးကို ခင်မောင်ဇော်က လက်လှမ်းပြခိုင်းထားသည်။ ဤကား စကားချပ်)

အပျိုကြီးဒေါ်သန္တာမြင့် စာကိုလှမ်းယူလိုက်၏။ ငမ်းငမ်းတက် ဖတ်ချင်လို့တော့ မဟုတ်။ သို့သော်လည်း ဒီခေတ်ကောင်လေးတွေက ဖွတ်တရွတ်တွေ။ တော်ကြာ ဘန်ဂလိုထဲကို အတင်းဖင်လာလျှင် ခက်မည်။

"ဟဲ့ . . . မင်းသွားတော့လေ"

ရှက်ရှက်နှင့် ရေဆင်ကို အော်ထုတ်လိုက်၏။ ရေဆင်က မသွားသေးဘဲ ရယ်ကျဲကျဲနှင့်ပင် –

"မဖြစ်ဘူး မမ၊ စာဖတ်ပြီးရင် မမကို စာပြန်ရေးပေးလိုက်ပါတဲ့"

ကဲ . . . မပြောဘူးလား ဖွတ်လို့။ အပျိုကြီး စာကိုဖွင့်ဖတ်လိုက်တော့ ရင်ထဲမှာ ဆို့နစ်ပြာဝေသွားသည်။ ရည်းစားစာမဟုတ်လို့ မဟုတ်ပါ။ သူ့တူမလေးအဖြစ်ကို သနားသွားခြင်းဖြစ်သည်။ သူတော်ကောင်းတွေနဲ့ တွေ့လို့သာပေါ့။

ရေဆင်ကိုကြည့်လိုက်တော့ ရိပ်မိပုံမရ။ သူ့အစ်မ ဒေါ်ဝါဝါမြင့် အလစ်မှာ ဟိုကောင်လေးတွေက ရည်းစားစာပေးခိုင်းခြင်းဟု ထင်နေပုံရသည်။

ဒေါ်သန္တာမြင့် ဦးနှောက်ကို ချက်ချင်းအလုပ်ပေးရတော့၏။ တူမလေးရဲ့မှတ်ပုံတင်၊ ဟုတ်ပြီ။

"မင်း ခဏစောင့်ဦး ကြားလား"

မမက တူတော်မောင်ကိုခေါ်ကာ မြို့ပေါ်တက်သွား၍ မိတ်ဆော



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဟိုတယ်မန်နေဂျာဆီ အမြန်ပြေးလိုက်၏။ ခဲလေသမျှ သဲရေကျ ရသည်။ မမက တူမလေးမှတ်ပုံတင်ကို ယူသွားပြီတဲ့။ မမ အခန်းထဲ ဝင်မွှေ ရှာသော်လည်း မတွေ့။ ဒါဆို သူ့လက်ကိုင်အိတ်ထဲ ပါသွားခြင်းဖြစ်မည်။ ဒေါ်သန္တာမြင့် မောသွား၏။

ဟိုသွား၊ သည်သွားနှင့် ရေးကြီးသုတ်ပြာဖြစ်နေသော ဒေါ်သန္တာမြင့်ကို ရေဆင် နားမလည်စွာ ကြည့်နေမိသည်။ အတန်ကြာတော့မှ အခန်းထဲက ပြန်ထွက်လာပြီး စာအိတ်တစ်အိတ် လှမ်းပေးကာ –

"ကဲရေ့ . . . သွားပေးလိုက်တော့၊ ဒါက မင်းအတွက် မုန့်ဖိုးနော်။ မမ မသိစေနဲ့ ကြားလား"

ခေါင်းအသာညိတ်ပြပြီး ရေဆင် ထွက်လာခဲ့သည်။ အပျိုကြီးမမကို သည်း နားမလည်နိုင်တော့ချေ။ အင်း . . . ဒါကြောင့်လည်း ဒီအရွယ်ဟာ အမေရိကန်နဲ့တူတယ်လို့ ပြောတာ။ နည်းပညာတွေ ကြွယ်ဝလွန်းသည်။

သူ့ကိုယ်သူ ဆာဒမ်ဟူစိန်လို လှည့်စားခံလိုက်ရပြီဆိုတာကိုတော့ ရေဆင် မတွေးမိပါ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

သူ့အန်တီလေးပေးလိုက်သော စာကိုဖတ်ပြီး နှင်းဝါ ပျော်ရွှင်သွား၏။ မှတ်ပုံတင်က တစ်ခါတည်းမရသေးပေမယ့် မနက်ဖြန်မှာ အန်တီလေး ဆက်ဆက်ရအောင်လုပ်ပေးမည်ဟု ဆိုသည်။ လောလောဆယ် သူမ မှတ်ပုံတင်က မေမေ့လက်ထဲမှာ။

မည်သို့ပင်ဆိုစေ အဆင်ကတော့ ပြေလုနီးနီးဖြစ်သွားပြီ။ ရင်ထဲမှာ ဖိစီးလေးလံမှုများ အတော်လျော့ပါးသွားပြီး ခင်မောင်ဇော်ကိုလည်း ကျေး ဇူးထပ်တင်မိသည်။ သူ့ကိစ္စအတွက် စိတ်ရောလူပါ ကူညီနေရသည့် ခင်မောင်ဇော်ခမျာ အတော်ပင်ပန်းရော့မည်။ ခင်မောင်ဇော်၏စေတနာ မျက်ဝန်းများကြောင့် ရင်ထဲမှာလည်း နွေးပျပျခံစားမိသည်မှာ အခါခါ။

"ဒါဆို မနက်ဖြန်ကတော့ မှတ်ပုံတင်ရနိုင်ပါတယ်နော်"

"ဟင် ... နှင်းဝါအန်တီလေးက ညာတတ်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



ရှုတ်နောက်နောက်ပြောလိုက်သဖြင့် နှင်းဝါက ပြုံးလိုက်၏။ ပြီးမှ ခင်မောင်ဇော်ကိုကြည့်ကာ –

"ကိုခင်မောင်ဇော်ကလည်း ကျွန်မ စိတ်ပူလို့ပါနော်"

"စိတ်ချပါ နှင်းဝါရယ်၊ ကျွန်တော် ရအောင်ကြိုးစားပေးမယ်လို့ ကတိပေးထားတာပဲ။ နှင်းဝါ ရန်ကုန်ကို ပြန်ရမှာပါ"

ထိုစကားကြောင့် နှင်းဝါ စိတ်မကောင်းဖြစ်သွားပုံရသည်။ အားလုံးကို ခြုံငုံကြည့်လိုက်ပြီး –

"ဒီအချိန်မှာ အရမ်းပြန်ချင်နေတယ်လို့လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ... ညွှန်ကြားချက်ဆိုတာ အချိန်တန်ရင် ပြန်ရမှာပဲလေ။ ဒီမှာ ကျွန်မကို ကူညီကြတဲ့ သူငယ်ချင်းတွေကို ဘယ်တော့မှမမေ့ပါဘူး။ အားလုံးနဲ့ ပြန်ဆုံချင်ပါသေးတယ်။ ကျွန်မကိုစွလည်း ရန်ကုန်ပြန်ရောက်ရင် အဆင်ပြေသွားမှာပါ။ ဒီက သူငယ်ချင်းတွေအားလုံး ရန်ကုန်ရောက်ရင် ကျွန်မဆီ ဝင်ကြပါလို့ ဖိတ်ခေါ်ပါတယ်။ အဲဒီအချိန်လောက်ဆို ကျွန်မလည်း ဒီလို အခက်အခဲတွေ မရှိလောက်တော့ဘူးထင်တယ်"

ရက်တိုတိုလေးအတွင်းမှာ ခင်မင်ရပေမယ့် နှင်းဝါကိုကြည့်ကာ အားလုံးရင်ထဲ အုံ့ပျသွားကြသည်။ ခင်မောင်ဇော်ရင်ထဲမှာလည်း ခွဲခွာခြင်းဆိုသည့် မှတ်တိုင်အနားသို့ ပိုမိုနီးကပ်လာသလို ခံစားနေရ၏။

အားလုံးထဲမှာ အနီးကပ်ဆုံးနေရသည့် ချိုချိုမာက ဝဲတက်လာသည့် မျက်ရည်စများကို သိမ်းသုတ်လိုက်ပြီး နှင်းဝါကိုယ်လုံးလေးကို ဖက်လိုက်ကာ ဆို့နစ်သောအသံနှင့်ပင် –

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့လည်း မေ့မှာမဟုတ်ပါဘူး နှင်းဝါရယ်။ ငါတို့အားလုံးရဲ့ ရင်ထဲမှာ ဒီလို ထူးထူးခြားခြားပတ်သက်ရတဲ့ သူငယ်ချင်းလေးကို အမြဲတမ်း သတိရနေတော့မှာပါ"

"အို ... ချိုမာကလည်း ရန်ကုန်ဆိုတာ အဝေးကြီးမှမဟုတ်တာ။ ချိုမာ လာလည်လို့ရတာပဲဟာကို"

ချိုချိုမာက သက်ပြင်းဖွဖွချလိုက်ပြီးမှ –

"အင်း ... ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ငါတို့အနေနဲ့က ရောက်ဖြစ်ဖို့ဆိုတာ ဘယ်တော့မှန်းမသိဘူး။ ဟိုကောင်နဲ့တော့ နှင်းဝါ ပြန်တွေ့မှာပေါ့"

ခင်မောင်ဇော်အား ရည်ညွှန်းခြင်းဖြစ်သည်။ နီလာနိုင်ကလည်း–

"ဟုတ်သားပဲ၊ ဒါနဲ့ခင်မောင်ဇော် ... နင်က ဘယ်တော့လောက်မှ ပြန် ဖြစ်မှာလဲ"

"မသေချာသေးပါဘူးဟာ။ ငါ့ကိစ္စတွေကလည်း မပြတ်သေးဘူး ဆိုတော့"

"ကိုခင်မောင်ဇော်လည်း ကျွန်မနဲ့ဆုံလိုက်ရတာ တော်တော် အလုပ်ပျက်ရောပေါ့။ တကယ်ပါ ကိုခင်မောင်ဇော်ကို အားအနာဆုံးပဲ။ သူ စပြီး မကူညီခဲ့ရင် ခုလိုလည်း သူငယ်ချင်းတွေနဲ့ သိရမှာမဟုတ်ဘူးနော်။ ပြီးတော့ ... ကျွန်မကိစ္စလည်း အဆင်ပြေမှာမဟုတ်ဘူး။ အဲဒီနေ့က ဖြစ်ချင်တာဖြစ်ဆိုပြီး ဖွတ်ထွက်လာခဲ့တာ ပြန်တွေးမိရင် ကျောချမ်း တယ်"



www.burmeseclassic.com

www.burmeseclassic.com



နှင်းဝါက ကိုယ်လုံးလေး တွန့်ကာပြောလိုက်၍ အောင်သန်းဦး (ဆီဗူး) က–

"ကျောချမ်းပေမယ့် ဒီကောင်နဲ့တွေ့တော့ နွေးထွေးသွားတယ် ဟုတ်လား"

"ဟုတ်တယ် နှင်းဝါ၊ နှင်းဝါကသာ ဒီကောင့်ကို အလုပ်ပျက် အကိုင်ပျက်နဲ့ ကူညီနေလို့ အားနေနေတာ။ ဘာမှအားနာမနေနဲ့။ ဒီကောင်ကကို အရမ်းကူညီချင်နေတာ။ ပြီးတော့ ဒီကောင့်အလုပ်ဆိုတာကလည်း နှင်းဝါနဲ့ ပတ်သက်ချင် ပတ်သက်လာမှာ"

ကျော်စိုး လွှတ်ခနဲဝင်ပြောလိုက်၍ ခင်မောင်ဇော် မျက်လုံးပြူးသွားသည်။ ကျော်စိုးက သူ့ကို စာရေးနေသူမို့ ဇာတ်လမ်းဖြစ်လာမည်ဆိုပြီး နောက်လိုက်ခြင်းဖြစ်၏။ နှင်းဝါက ဒါတွေကို သိသည်မဟုတ်။ ထိုသို့ထင်သွားလျှင်လည်း မကောင်းချေ။

ခင်မောင်ဇော် ဘာပြောရမှန်းမသိ ဖြစ်နေစဉ်မှာပဲ နှင်းဝါက မျက်မှောင်ကြုတ်ပြီး ...

"ဟင် ... ကိုခင်မောင်ဇော်က ဘာအလုပ်လုပ်လို့ ကျွန်မနဲ့ ပတ်သက်လာနိုင်တာလဲ"

ခက်ချေပြီ။ မသိဆိုးရွားနားမလည်သော ကျော်စိုး၏ခြေယ်ထိပ်ကို ခနောင့်နှင့်ပေါက်ချင်သွား၏။ ခင်မောင်ဇော်က ရှုတင်းတင်းကြည့်လိုက်တော့ ကျော်စိုး က ပျာယီပျာယာနှင့် ဝင်ထိန်းလိုက်သည်။

"အာ အဲ ဒီလိုလေ ... ခင်မောင်ဇော်က ကိုယ့်မြို့ကိုယ်ပြန်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပုစွန်မွေးတဲ့လုပ်ငန်းကို လေ့လာနေတာလေ။ မဟုတ်လည်း ကမ်းခြေဘက်ကို ဆင်းရမှာဆိုတော့ နှင်းဝါကိစ္စနဲ့ ပတ်သက်နေတာပေါ့။ အဲဒီလို ပြောတာ"

ခင်မောင်ဇော်ခမျာ သက်ပြင်းပင် လုံးလုံးမကျသေး။ ထိုအချိန်မှာ နှင်းဝါကပဲ ...

"ဒါနဲ့ ချိုမာ တစ်ခါပြောတော့ ကိုခင်မောင်ဇော်က NGO Project တစ်ခုအတွက် လာတာဆို"

အားလုံးပဲ နဝေတိမ်တောင်ဖြစ်ကုန်ကြသည်။ တစ်ရက်တစ်ရက် နှင်းဝါကိစ္စကပဲ အရေးကြီးနေသဖြင့် ခင်မောင်ဇော်၏အလုပ်ကိစ္စကို ဘယ်သူမှ စကားမစပ်မိကြ။ နှင်းဝါကလည်း စကားကြုံသလို ချိုချိုမာကို မေးမိခြင်း ဖြစ်မည်။ ခင်မောင်ဇော်ကလည်း နှင်းဝါ ခုလိုစပ်စုမည်မထင်၍ စာရေးဆရာလို့ မပြောမိဖို့ပဲ မှာထား၏။ ကျန်တာ ဘာအလုပ်လုပ်သည်ဟု ပြောမထားမိ။ ခက်ရပြန်ပြီ။

ဝရုန်းသုန်းကား စဉ်းစားလိုက်ပြီး ခင်မောင်ဇော် ဖြေရှင်းရတော့ သည်။

"ဒီလို နှင်းဝါရဲ့ ... NGO အလုပ်ဆိုတာက လုပ်သင့်လို့ လုပ်တာပါ။ ကျွန်တော်က ဒီမြို့သားဆိုတော့ ရေလုပ်ငန်းနဲ့ပတ်သက်ပြီး စီးပွားရေးလုပ်မလားလို့ လေ့လာကြည့်တာပါ"

နှင်းဝါ ငြိမ်သွား၏။ အကြွင်းမဲ့ ယုံမယုံတော့ မသိ။ လက်ခံသွားပုံတော့ရသည်။ အမှန်တော့ ခင်မောင်ဇော်လည်း ကျောက်ပုစွန်ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



ခုနောက်ပိုင်း အခွံလောက်ပဲ မြင်ဖူးတော့သည်။ အထဲက အသားဓါတ်အရသာကိုတော့ မေ့ပင်မေ့နေပြီ။ နိုင်ငံခြားသို့တင်ပို့နေ၍ မစားရသည်မှာလည်း ကြာပြီ။ ဈေးကြီးလွန်း၍ ဖောင်စီးရင်း ရေငတ်နေသလို ခံစားရ၏။ ထားပါတော့။ NGO အလုပ်ကတော့ အနည်းငယ် အကျွမ်းတဝင်ရှိခဲ့သည်မို့ ဆက်မေးလျှင်လည်း အကြောင်းမဟုတ်။ သို့သော်လည်း နှင်းဝါက ဆက်မမေးတော့ပါ။

အိမ်အပြင်ဘက်ကို ရီတဝေဝေ လှမ်းကြည့်ရင်း . . .

"ပြန်သာပြန်ရတော့မယ်။ ဒီမြို့ပတ်ဝန်းကျင်တောင် မကြည့်လိုက်ရဘူး။ အိမ်ကလူတွေ တွေ့မှာစိုးတာနဲ့ အိမ်တွင်းပုန်းလုပ်နေရလို့"

"ဟုတ်သားပဲ၊ ငါလည်း ပြောမလို့ပဲ နှင်းဝါရေ၊ ညနေစောင်းရင် ဘုရားတောင်ပေါ်သွားမလား။ ရှုခင်းလည်းကောင်းတယ်၊ နီးလည်း နီးတယ်လေ"

"တကယ်လား . . . သွားချင်တယ်။ လိုက်ပို့ကြမှာလား"

ကလေးတစ်ယောက်လို နှင်းဝါက လိုက်မေးနေပြန်၏။ ခင်မောင်ဇော်က–

"လိုက်ပို့မယ်လေ . . . ခုတော့ စောသေးတယ်။ ညနေအေးမှ သွားကြတာပေါ့"

"ဟေး . . . ပျော်စရာပဲ"

စိတ်လက်ပေါ့ပါးနေသော နှင်းဝါကိုကြည့်ကာ အားလုံးလည်း ရွှင်မြူးလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်သန်းဦး (ဆီဖူး) က နာရီကြည့်ပြီး အချိန်းအချက် လုပ်လိုက်၏။

"ဒီလိုလုပ်လေ ... ငါတို့တွေ အိမ်ပြန်ပြီး ရေမိုးချိုးလိုက်ဦးမယ်။ ညနေစောင်းမှ ဒီမှာပြန်ဆုံကြတာပေါ့"

"ကောင်းသားပဲ"

"နှင်းဝါ ... အလှဆုံးပြင်ထားနော်။ ဒီမြို့မှာ နှင်းဝါကို ကြွေနေတဲ့သူတွေ မူးလဲသွားအောင်လို့"

နီလာနိုင်က ခင်မောင်ဇော်ကိုကြည့်ကာ ပြုံးတီတီပြောလိုက်၍ နှင်းဝါ မျက်နှာလေးရဲသွားပြီး –

"အာ ... မနီလာကလည်း ကျွန်မက အပြင်မှုမထွက်ဖြစ်တာ"

"အတွင်းလူတွေက ပိုကြောက်ဖို့ကောင်းတယ် နှင်းဝါရေ"

နီလာနိုင်က ပေါ်တင်ကြီး ချွန်တွန်းလုပ်နေပြန်သည်။ နှင်းဝါခမျာ ရှက်ရှက်နှင့် ခေါင်းပင်မဖော်ဝံ့တော့။ အနေခက်သွားမည်ကို စိုးရိမ်သော ခင်မောင်ဇော်က နီလာနိုင်ကို စောင်းငမ်းငမ်းကြည့်ကာ ...

"နှင်းဝါက မပြင်လည်းလှပါတယ်။ နင်တို့သာ ရှိတာလေးတွေ ထုတ်ပြကြ"

"အောင်မာ ... ပြရမှာပဲ ပြရမှာပဲ။ ဒီအလှလေးနဲ့ ကျားကန်ထားရတာ"

ချိုချိုမာက အလွတ်ကြီး ဝင်ပြောခြင်းဖြစ်သည်။ သူ့အလှအပတွေကိုတော့ ထုတ်မပြရချေ။ ပြလျှင်လည်း ပွဲကလှသွားနိုင်သည်။ ခင်မောင်ဇော်က



www.burmeseclassic.com

www.burmeseclassic.com



ရယ်ဟာဟာနှင့် –

"ဟုတ်မှာပါ။ နင်တို့က အဲဒီလောက်ပြင်မှ ကျားတွေမကာန်ကြမှာ"

"မသာ ကောင်စုတ်"

အားလုံး ဝိုင်းရယ်ဖြစ်ကြသည်။

ထိုသို့ဖြင့် ချိုချိုမာတို့အိမ်မှထွက်လာပြီး အိမ်ပြန်ရောက်တော့ ဦးလေးက ...

"သွားလိုက်ရင်လည်း တစ်ရက်လုံးပျောက်ရော ခင်မောင်ဇော်ရာ"

"ကိစ္စရှိလို့ပါဗျ ... ဦးလေးကလည်း"

"အေး ... အိမ်ကိုလည်း မင်းကိစ္စက ရောက်လာလို့ဟေ့"

"ဗျာ ... ကျွန်တော့်ကိစ္စ ဟုတ်လား"

ခင်မောင်ဇော် အံ့ဩသွား၏။ အနံ့တီထားက ကိုရီးယားဇာတ်လမ်းတွဲ ကြည့်နေရင်း မအားလပ်သည့်ကြားမှ ...

"ဟုတ်တယ် သားရဲ့၊ သားသူငယ်ချင်းတွေ ခုနကမှ ပြန်သွားကြတာ"

"ကောင်မလေးတွေကွ၊ ရန်ကုန်ကပဲတဲ့။ ဘယ်သူ ... နာမည်က နန္ဒာဘာမြတ်ဆိုလားပဲ"

"ဩော် ... နန္ဒာငြိမ်းငြိမ်းမြတ်လား"

"အေး ... ဟုတ်တယ်, ဟုတ်တယ်"

နန္ဒာငြိမ်းငြိမ်းမြတ်ကို အိမ်လိပ်စာပေးဖူးတာ သတိရသွား၏။ ခင်မောင်ဇော်က မျက်မှောင်ကြုတ်စဉ်းစားကာ –



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ မှာသွားသေးလဲ"

"မင်း ဘာတွေပြောထားလဲတော့ မသိဘူး။ မင်းဆီကို လမ်းကြုံလို့ ဝင်လာတာတဲ့။ ဘာလဲ မင်းရဲ့နှင်းဝါဆိုလား တွေ့ချင်လို့တော့ ပြောတာပဲ"

ခင်မောင်ဇော် ဦးနှောက်စားသွားရသည်။ ဘာကိစ္စလဲ။ ကျိုင်ရှာဖို့တော့ မဖြစ်နိုင်ပါ။ နန္ဒာငြိမ်းငြိမ်းမြတ်က အဲဒီလိုတော့လုပ်မည်မဟုတ်။ စဉ်းစားနေစဉ်မှာပဲ ဦးလေးက ...

"ဒါလည်း နှင်းဝါဆိုတော့ မင်းဇာတ်လမ်းကို ပြောပြလိုက်တာပေါ့ကွာ ... ဟဲ ဟဲ"

တော်တော်လျှာရှည်သည့်ဦးလေးဖြစ်သည်။ ဖောခဲ့သမျှ ပေါ်လေပြီလားမသိ။

"အဲဒါနဲ့ ဘာပြောသွားသေးလဲ ဦးလေး"

"မင်းကို စာမရေးနဲ့တော့တဲ့။ ဇာတ်ညွှန်းရေးပြီး ရုပ်ရှင်ပဲ ရိုက်တော့လို့ မှာသွားတယ်။ ဘာသဘောလဲတော့ မသိဘူးကွ။ စာတစ်စောင်လည်း ရေးပေးသွားသေးတယ် ... ရော့"

ဘာသဘောလဲဆိုတာကိုတော့ သိလိုက်ရပါပြီ။ မျက်နှာပူပူနှင့်ပင် စာကို ဖွင့်ဖတ်လိုက်၏။

ခင်မောင်ဇော်

နင်ဟာလေ တော်တော်ရုပ်ရှင်ရိုက်ကောင်းတာပဲ သိလား။ ငါ နားလည်ပါတယ်ဟာ။ နင် အဲဒီကောင်မလေးကို တကယ်ချစ်နေလို့ ခုလိုပြောခဲ့တာလို့ပဲ ထင်လိုက်တော့မယ်



www.burmeseclassic.com

www.burmeseclassic.com


နော်။ ငါလည်း နင်တို့နှစ်ယောက်စလုံးနဲ့ တွေ့ချင်လို့ ဝင်လာခဲ့တာ။ နင့်ဦးလေး ပြောပြမှပဲ ဇာတ်လမ်းကို သိရတော့တယ်။ နင်အသင်ပြေပါစေလို့ ဆုတောင်းပါတယ်။ နင်တို့နှစ်ယောက်စလုံးနဲ့လည်း တွေ့ချင်ပါသေးတယ်။

*Ps.* ခင်မောင်ဇော်။ အဲဒီနှင်းဝါဆိုတာကို ငါသိသွားပြီ။ ငါတို့ ဘန်ဂလိုနားက ကောင်မလေးမဟုတ်လား။ သိပ်လည်း မလန့်ပါနဲ့။ ငါ သွားမပြောပါဘူး။

စာဖတ်ပြီး လေပူကြီးကို မှုတ်ထုတ်ရသည်။ နန္ဒာငြိမ်းငြိမ်းမြတ်ကိုလည်း အားနာမိ၏။ မတတ်နိုင်တော့ပါ။ ကိုယ့်ဘက်ကတော့ စိတ်စာတစ်ဝက်ရိုက်ထားမိပြီ။ နှင်းဝါကတော့ သိလျှင် ရဲတိုင်ဦးမှာလားမသိ။

ဖြစ်ကြောင်းရယ်ကုန်စင်ကို ဦးလေးကို ပြောပြလိုက်တော့ တဟားဟားနှင့် ရယ်တော့သည်။ ပြီးမှ . . .

"ဟော့ကောင် . . . အဲဒါ ဝတ္တုပဲကွ"

"တော်ပါတော့ ဦးလေးရယ်။ ဟိုက စိတ်မနာသွားတာ ကံကောင်း"

"ဇာတ်ဆိုတာ ဒီလိုလေးတွေလည်း ပါဦးမှလေကွာ။ မင်း ရေးတာတွေလို ပေါ်တောတော ဘယ်ဟုတ်ပါ့မလဲ"

စိတ်ညစ်ရသည်။ ဦးလေးဦးအောင်သိန်းကို စိတ်ညစ်ရပါသည်။ မချေပလိုတော့ပါ။ ပြောစမ်း ပေါက်ကရဟာ လွှတ်ပေးထားလိုက်လျှင် ကောင်းမည်။ ထစ်ခနဲဆို ဝတ္တု၊ ဝတ္တုဆိုတာချည်းပဲ။

■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဘုရားစောင်ပေါ်ရောက်တော့ စိတ်ရောကိုယ်ပါ ကြည်စင်သွားရသည်။ ချိုလွင်သည် ဆည်းလည်းသံများက ဘဝအမောများကို ခပ်ထုတ်ပေးနေသလိုပင်။ ဗုဒ္ဓရှင်တော်ကို ငြိမ်းဝပ်စွာဦးချလိုက်၏။ ဒီစေတီတော်က မြို့ကလေး၏အထင်ကရစေတီတော်ဆိုလည်း မမှား။ ဖူးမျှော်ကြည်ညိုသူတွေ မပြတ်လှချေ။

စောင်းတန်းတစ်နေရာမှ မြို့ကလေးကို မိုးအုပ်ကြည့်မိသည်။ ခေါင်မိုးမှာ မြူတွေဆိုင်းတည်ညို့ညို့နှင့် ခေတ်အဆက်ဆက်က ဒဏ္ဍာရီဆန်သော မြို့ကလေး။ ဟိုးအဝေးကောင်းကင်မှာလည်း တိမ်ရောင်စုံများက လွင့်ကာမျောကာ။ ဆည်းဆာရီသို့ ဆန်တက်နေသည့် လေတသုန်သုန်ကို ရှူရှိုက်ရင်း ရင်ထဲမှာ အတွေးတွေ လှုံ့မှုန်လာသည်။

"အရမ်းလှတာပဲနော် ရှုခင်းတွေက"



www.burmeseclassic.com

www.burmeseclassic.com



"ဪ . . . နှင်းဝါ"

အတွေးစက ပြတ်သွား၏။ နှင်းဝါက သူ့ဘေးနားမှာ ရပ်တာ တောင်ခြေသို့လှမ်းပြပြီး . . .

"ဟိုးက ခေါင်မိုးနီနီနဲ့ဟာက စာသင်ကျောင်းလား"

"ဟုတ်တယ် နှင်းဝါ။ ကျွန်တော်တို့လောကကြီးထဲကို တိုးဝင်ဖို့ ခြေလှမ်းစ ပေါက်လေ့ကျင့်ခဲ့တဲ့နေရာပေါ့"

"ကိုခင်မောင်ဇော်က ကဗျာဆန်သားပဲ၊ အဲဒီစကားလေး ကျွန်မ သဘောကျတယ်"

နှင်းဝါ ဖြည်းဖြည်းအေးအေးပြောနေသလောက် ခင်မောင်ဇော့် ရင်ထဲမှာတော့ နှင်းဝါ၏ကိုယ်သင်းရနံ့များနှင့် လှုးလာရင်ခုန်နေသည်။ ချုပ်ထိန်းထားရသည်မှာ ပင်ပန်းကြောင်း သိလာ၏။ လွတ်ကျလုဆဲဆဲ ရင်ခုန်သံများကို အခွင့်အရေးသမားဆိုသည်က စည်းတားနေပြန်သည်။

ပင့်သက်ပူပူကို ရှိုက်လိုက်တော့ နှင်းဝါက –

"ဘာလဲ . . . ကိုယ့်မြို့ကို ကိုယ်ကြည့်ပြီး လွမ်းနေတာလား"

"အင်း . . . ဒီတစ်ခေါက် ရန်ကုန်ပြန်ရင် ယူသွားမယ့်လွမ်းစရာ တွေကို စုဆောင်းနေတာလေ"

"အလို့ . . . ကိုခင်မောင်ဇော်က ပြောတတ်တယ်တော့"

"ပြောတတ်တယ်လို့ မဟုတ်ပါဘူး နှင်းဝါရယ်။ ကျွန်တော် ခံစား မိတဲ့အတိုင်းပါ"

"ထပ်ပြောကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



နှင်းဝါက ချစ်စဖွယ်ထပ်မေးနေပြန်သည်။ ကောင်းကင်ကို မော့ကြည့်ရင်း ရင်ဘတ်နှင့်တိုက်ဆိုင်သွား၏။

"ဟိုမှာတွေ့လား နှင်းဝါ"

"အင်း ... မိုးတိမ်တွေ"

"ဟုတ်တယ်၊ ဒီမြို့မှာ အဲဒီလိုပဲ မိုးတိမ်တွေ ငွေ့ရည်ဖွဲ့နေတတ်ကြတယ်။ ဒါပေမဲ့ အချိန်တန်ရင် လွင့်ပြယ်သွားကြတာပဲ။ ငွေ့ရည်ဖွဲ့နေတဲ့ မိုးတိမ်လေးကိုတော့ ဘယ်တားလို့ရမှာလဲနော်"

"ဒါသဘာဝပဲ ကိုခင်မောင်ဇော်ရယ်"

ပင့်သက်ကို သဲ့ရှိုက်ရင်း နှင်းဝါက ဆိုသည်။ နှစ်ဦးသားကြားထဲမှာ တိတ်ဆိတ်နေသောအသံများက ဆူညံငြိမ်သက်သွားကြ၏။ နေဝင်လုပြီ ပျောက်ကွယ်သွားမည့်အရာကို တစိမ့်သက်သက်ကြည့်ရင်း ပြောဖြစ်သေး၏။

"နှင်းဝါ ရန်ကုန်ပြန်ရောက်ရင် ဒီဘက်ကကိစ္စတွေ အလိုလို ပြီးသွားမှာတဲ့လား"

"အင်း ... ပြီးသွားမှာပါ၊ ရန်ကုန်ရောက်လို့ ဟိုက တစ်ယောက် ယောက်နဲ့ မလွဲရင်ပေါ့"

"ဪ"

နေဝင်သွားပြီ။ အရာအားလုံးကို နာကျင်စွာ သိမ်းထုတ်ရင်း နှင်းဝါကိုကြည့်မိ၏။ တစ်ယောက်နှင့်တစ်ယောက် ဖြူဖြူစင်စင် ပြုံးမိ၏။ ဟိုးအဝေးက မိုးတိမ်တွေပင် အငွေ့ပျံစပြုနေပြီ။

"ကိုခင်မောင်ဇော် ရန်ကုန်ပြန်ရောက်ရင်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ နှင်းဝါ"

အတန်ကြာစဉ်းစားနေပြီးမှ နှင်းဝါက ခေါင်းခါယမ်းလိုက်ရင်း –

"အင်း . . မပြောတော့ပါဘူး။ ပြောလည်းထူးမှာမှ မဟုတ်တော့တာ"

တစ်ကိုယ်ရည်ပြောရင်း နှင်းဝါ တိတ်ဆိတ်သွားပြန်သည်။ ခင်မောင်ဇော်လည်း မမေးမိတော့။ နားလည်တယ်ဆိုတာ တိတ်ဆိတ်မှု တစ်ခုလည်းဖြစ်တယ် နှင်းဝါ။

"မင်းတို့က ဒီဘက်ရောက်နေတာကိုး"

ကျော်စိုးအသံကြောင့် နှစ်ဦးစလုံး လှုပ်ရှားသွားကြ၏။ လှည့်ကြည့်လိုက်တော့ တစ်အုပ်စုလုံးကို တွေ့လိုက်ရသည်။

နှင်းဝါက အားလုံးကို စေ့ငုပြုံးပြလိုက်ပြီး –

"ဟုတ်တယ်၊ ဒီဘက်က ကြည့်ရတာ မြို့ကလေးကို အကုန် လှမ်းမြင်ရလို့လေ"

စကားအဆုံးမှာ အောင်သန်းဦးက ခပ်ဖွဖွပြုံးရင်း –

"မြို့ကလေးတင်ပဲလား နှင်းဝါ၊ ခင်မောင်ဇော်ကိုကော မြင်ရဲ့လား"

နှင်းဝါက ပြုံးလိုက်၏။ ဘာမှပြန်မပြော။ ခင်မောင်ဇော်က ထို စကားကို မကြားသလိုနှင့် အဝေးကိုငေးရီနေသည်။

ညနေဦးက ယွန်းခဲ့ပြီ။ အမှောင်ကြားမှာ မလင်းခဲ့သော ရင်ဘတ် များကို မြို့ကလေးက ငုံ့စောင်းကြည့်နေ၏။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

မျှော်လင့်ထားသည့်အတိုင်း အားလုံးအဆင်ပြေခဲ့ပြီ။

ရေဆင် (မြဝင်း) အား ခုတုံးလုပ်ပြီး ဒေါ်သန္တာမြင့်မှတစ်ဆင့် နှင်းဝါ၏မှတ်ပုံတင်ကို အရယူနိုင်ခဲ့၏။ ကျော်စိုးခမျာ ရေဆင်၏အထင်လွဲမှုကို အနည်းငယ် အောင့်သက်သက်ဖြစ်ရသော်လည်း မပြောပလောက်ပေ။ သူတို့ အုပ်စု ပင်ပန်းရကျိုးနပ်ခဲ့ပြီဖြစ်၏။

အပြန်လမ်းတစ်လျှောက် နှင်းဝါ စိတ်ချမ်းသာအောင် ဖြည့်ဆည်း ပေးနိုင်လိုက်သည့် ကြည်နူးစိတ်နှင့် ဝေးရပြီဆိုသောနာကျင်မှုတို့ကို ခင် မောင်ဇော် ရောပြွန်းခံစားနေရသည်။

မြို့ကလေးသို့အဝင် နှင်းဝါနှင့်ထိုင်ခဲ့ဖူးသော လက်ဖက်ရည်ဆိုင် အိုအိုလေးရှေ့ရောက်တော့ ခင်မောင်ဇော်က သူ့ဆိုင်ကယ်ကို ရပ်နိုက်ဆေး အောင်သန်းဦးနှင့်ကျော်စိုးတို့လည်း နဝေတိမ်တောင်နှင့် ဆိုင်ကယ်ကိုယ်စီ

www.burmeseclassic.com



ထိုက်ရပ်လိုက်ကြသည်။

ခင်မောင်ဇော်က အိတ်ကပ်ထဲမှ မှတ်ပုံတင်လေးကိုထုတ်ကာ –

"ကျော်စိုး ... ရော့၊ ငါမလိုက်တော့ဘူးကွာ။ မင်းတို့ပဲ ပေးလိုက်ကြတော့"

ကျော်စိုးက သက်ပြင်းချရင်း လှမ်းယူသည်။ ဘာမှတော့ ပြန်မမေး။ နှစ်ယောက်သား ခင်မောင်ဇော်ကို ရီဝေဝေလှမ်းကြည့်သည်။

"ငါတို့ နားလည်ပါတယ် ခင်မောင်ဇော်ရာ။ ကမ်းခြေမှာ မင်းနူက ပြောခဲ့တဲ့အတိုင်းဆိုရင် ဘယ်လိုတိုက်တွန်းရမှန်းတောင် မသိတော့ဘူး"

အောင်သန်းဦးအပြောကို ခင်မောင်ဇော်က နာကျင်စွာရယ်လိုက်ရင်း ...

"မပြောပါနဲ့တော့ကွာ။ ဘာမှပြောစရာ မရှိတော့တာကိုက အပြီးသတ်ပဲလေ"

လက်ဖက်ရည်ဆိုင်လေးသို့ ငေးနေသည့် ခင်မောင်ဇော်အနားမှ သူတို့ ထွက်ခွာလာခဲ့ကြသည်။ ခင်မောင်ဇော်အတွက် စိတ်မကောင်းရုံလွဲပြီး ဘာမှမတတ် နိုင်တော့။

"ရော့ ... ဒီမှာ နှင်းဝါရဲ့မှတ်ပုံတင်နဲ့ စာအိတ်၊ နှင်းဝါအန်တီလေးက ပိုက်ဆံတွေပါ ထည့်ပေးလိုက်တယ်"

နှင်းဝါက စာအိတ်ထဲမှပိုက်ဆံများကို ဂရုမစိုက်ဘဲ သူ့ မှတ်ပုံတင်လေးကိုပဲ မမြင်ဖူးသလို လှည့်ပတ်ကြည့်နေသည်။ အမှန်တော့ မှတ်ပုံတင်က



www.burmeseclassic.com

www.burmeseclassic.com



ဘာမှထူးထူးဆန်းဆန်းပါသည်မဟုတ်။ သို့စင်လျက်က ကိုယ့်မှတ်ပုံတင် ကိုယ်ပြန်ရသည်ကို ကလေးတစ်ယောက်လို ပျော်ရွှင်နေမိသည်။ ခုဆိုလျှင် သူမ မနက်ဖြန် ပြန်လို့ရပြီ။

ကျေးဇူးတင်စကား ထပ်ပြောရန် ကြည့်လိုက်တော့မှ ခင်မောင်ဇော် ကို မတွေ့ရ၍ နှင်းဝါက မျက်စိကစားကာ –

"ဒါနဲ့ ကိုခင်မောင်ဇော်တစ်ယောက်ကော"

သူမ အရေးတကြီးမေးလိုက်သော်လည်း မျက်နှာသေသေနှင့် ခေါင်းခါပြသည့် မျက်ဝန်းများကိုပဲ တွေ့ရသည်။

နှင်းဝါက စိတ်စနောင့်စနင်းဖြစ်ဟန်ဖြင့် –

"ကိုကျော်စိုး ... ကိုခင်မောင်ဇော် ဘယ်မှာလဲလို့"

သက်ပြင်းသဲ့သဲ့ချပြီး ကျော်စိုးက မြေပြင်ကို ရီဝေဝေ စိုက်ကြည့် နေသည်။ ပြီးမှ –

"ခင်မောင်ဇော် သူ့အိမ်မှာ ဝင်ကျန်ခဲ့တယ် နှင်းဝါ။ အလုပ်ကိစ္စ ရှိလို့တဲ့"

"ဟင် ... မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ဘူး"

သတိလက်လွတ် ရေရွတ်လိုက်သည့် နှင်းဝါကိုကြည့်ကာ ကျော်စိုး ဘာပြောရမှန်းမသိ ဖြစ်သွားချေ၏။

ချီချီမာက အနေအထားကို သဘောပေါက်သွားသလို ...

"ဟုတ်မှာပါ ... နှင်းဝါကလည်း ဒီကိစ္စပြီးပြီဆိုတော့ သူ့အလုပ် ကိစ္စရှိလို့နေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . ကျွန်မ သိတယ်။ ကိုခင်မောင်ဇော် လိုက်မလာ ဘာကို"

ပြောရင်း နှင်းဝါအသံလေးက တိမ်ဝင်သွား၏။ အားလုံးကလည်း နှင်းဝါကို နားမလည်တော့ချေ။

ငြိမ်သက်သွားသော နှင်းဝါကို နီလာနိုင်က –

"နှင်းဝါ . . . ငါတို့ ခင်မောင်ဇော်အိမ်ကို သွားကြမလား"

ထိုသို့ဆိုပြန်တော့လည်း နှင်းဝါက လေးတွဲ့စွာ ခေါင်းခါပြရင်း တိုးသက်စွာ ပြောလာပြန်သည်။

"မသွားတော့ပါဘူး မနီလာရယ်။ ကိုခင်မောင်ဇော်ကို နှုတ်ဆက်သွားတယ်လို့ပဲ ပြောပေးပါ"

"နှင်းဝါက မနက်ဖြန်ပြန်တော့မလို့လား"

"အင်း . . . ပြန်ရတော့မှာပေါ့။ ကျွန်မ အားလုံးကို သတိရနေမှာ ပါ သိလား"

အားလုံး စိတ်မကောင်းကြပေမယ့် နှင်းဝါကို ခေါင်းညိတ်ပြဖို့ပဲ တတ်နိုင်တော့သည်။ ရင်ထဲ စိတ်ထဲမှာ ဘာတွေတွေးနေ၊ ရှိနေမှန်းမသိတော့ နှင်းဝါအနားမှ သူတို့ ထွက်သွားပေးလိုက်၏။ နှင်းဝါက ငြိမ်ဆိတ်လျက်။

လူစုကွဲသွားကြပြီ။

အိမ်ရှေ့ဝရန်တာမှာ နှင်းဝါရပ်ငေးနေမိ၏။ ဟိုးအဝေးက မြူခိုးတွေ ခိုအောက်နေသည့် ဘုရားတောင်ပေါ်ကို လှမ်းကြည့်ကာ ရင်ထဲ ဆွေးမြည်း တစ်မည် ခံစားနေရသည်။ ခင်မောင်ဇော်နှင့်ပြောခဲ့သော စကားများကို



www.burmeseclassic.com

www.burmeseclassic.com



ပြန့်ကြားယောင်ရင်း တွေ့ချင်စိတ်က ရှန်းကြွလာပြန်၏။ ပြီးမှ သူ မတွေ့ချင်ဘဲ မလာတာပဲလေဆိုသည့်အတွေးနှင့် သက်ပြင်းဖွဖွ ချဖြစ်သည်။

ကောင်းကင်ကို လှမ်းကြည့်မိပြန်သည်။ ပြယ်လွင့်စပြုနေသည့် ငွေ့ရည်ဖွဲ့မိုးတိမ်တွေ။ သူ့မရင်ထဲမှာလည်း ဗရမ်းဗတာ ဖြစ်လာသည်။

ဟင့်အင်း ... ဘာပဲဖြစ်ဖြစ် ငါသွားတွေ့သင့်တယ်။ သူ ဒီလောက် ကူညီခဲ့တာပဲ။

အတွေးတွေက လွှန်ဆွဲယိမ်းထိုးနေကြသည်။ ဒီဘက်ကို မိန်း ကလေးဆိုသည့်စိတ်။ ဟိုဘက်မှာ ဘာလဲ။ မသိ။ ရင်အုပ်အနီ ကျားငှက် ကလေးနှစ်ကောင်က သူမရှေ့ ဝရန်တာပေါ်မှာ ဆော့ပြေးကျီစယ်နေကြ သည်။ အနားရောက်လာသည့် ချိုချိုမာကို ခပ်တိုးတိုးပဲပြောလိုက်၏။

"ချိုမာ ကျွန်မကိုလိုက်ပို့ပေးပါ"

ချိုချိုမာက ပြုံးရင်း ခေါင်းညိတ်ပြသည်။ ဘယ်ကိုလဲဟု မမေး တချို့နေရာတွေမှာ အဖြေအတွက် မေးခွန်းမေးစရာမလိုကြောင်း သူမ ကောင်းကောင်းသဘောပေါက်ခဲ့ပြီ။

●

သူ့ရှေ့ကကောင်မလေးကို ဦးအောင်သိန်း နားမလည်သလို ကြည့် နေမိသည်။ တူတော်မောင် ရင်ဖွင့်ကာ ကြေကြေကွဲကွဲ ပြောသွားသည့်စိန့် နှင်းဝါဆိုသောကောင်မလေး၏စိတ်အနေအထားကို တွဲစပ်ကြည့်မိ၏



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေလဲဟ။

"တကယ်အရေးကြီးလို့ပါ ဦးရယ်။ ကိုခင်မောင်ဇော် ဘယ်သွားမယ် ပြောသွားလဲဟင်"

ဦးအောင်သိန်း လှစ်ခနဲပြုံးလိုက်သဖြင့် နှင်းဝါ ရှိုးတိုးရှန့်တန့် ဖြစ်သွားသည်။

သဘောပေါက်သွားသော ဦးအောင်သိန်းက –

"ဒီကောင် ထွက်သွားတာတော့ကြာပြီ သမီးရဲ့။ ကမ်းခြေဘက်ကို သွားမယ်ဆိုလားပဲ"

"ဟင်"

အားတင်းလာခဲ့သမျှ နှင်းဝါ နုံးခွေသွား၏။ ကမ်းခြေကိုတော့ သူမ လိုက်သွားလို့မဖြစ်ပါ။ ဟိုမှာ မေမေတို့နှင့် အချိန်မရွေး ဆုံသွားနိုင်သည်။

အပင်ပန်းဆုံးသော သက်ပြင်းကိုချရင်း –

"ကျေးဇူးပါပဲ ဦးရယ်။ ကမ်းခြေကိုတော့ လိုက်မသွားတော့ပါဘူး။ မှောင်လည်း မှောင်နေပြီလေ။ ကျွန်မ မနက်ဖြန်ပြန်တော့မလို့ နှုတ်ဆက်သွားတယ်လို့ပဲ ပြောလိုက်ပါနော်"

"အေး အေး ... သမီး။ ဦး ဆက်ဆက်ပြောလိုက်မယ်"

မျက်နှာလေးညှိုးငယ်ကာ ပြန်ထွက်သွားသည့် နှင်းဝါကိုကြည့်ရင်း ဦးအောင်သိန်းရင်ထဲက ... အင်း.... ဒါ ဝဋ်ကြွေးပဲဟ တိုးတိုးလေး ညည်းမိသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

မနက်ပိုင်း အိပ်ရာကနိုးတော့ ခေါင်းတွေ အုံ့ခဲနေသည်။ ညက အရက်ပြင်းတွေသောက်ပြီး ဘယ်လိုအိမ်ပြန်ရောက်ခဲ့သည်မသိ။ ဆိုင်ကယ် မမှောက်၍ တော်သေးသည်။ ပြန်ရောက်ရောက်ချင်း ဦးလေးပြောသည့် စကားများကိုလည်း မမှတ်မိတော့။ ဖြစ်နိုင်လျှင် အရာအားလုံးကို မေ့ပစ် လိုက်ချင်ပြီ။

အခန်းလေးထဲ ပြန့်ဖြာကျနေသော အလင်းတန်းများကိုကြည့်ပြီး မြို့ကလေးမှာ မရှိနိုင်တော့သည့် နှင်းဝါကို ဆွတ်ဆွတ်ကျင်ကျင် သတိရမိ သည်။ ဒီအချိန်မှာ မျက်စိကိုစုံမှိတ်ပြီး ခေါင်းခါယမ်းလိုက်ဖို့ပဲ တတ်နိုင်တော့ ၏။

ထိုအချိန်မှာပဲ ဦးလေးက သူ့အခန်းထဲ မျက်စိပျက်၊ မျက်နှာပျက်နှင့် ဝင်လာပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေဖြစ်ကုန်ပြီလဲမသိဘူးကွာ။ အိမ်ရှေ့မှာ ရပ်ကွက်လူကြီးတွေနဲ့ ရဲတွေပါရောက်နေတယ်။ မင်းကို မေးစရာရှိလို့တဲ့"

"ဗျာ"

ခင်မောင်ဖော် ဆံပင်တွေပါ ထောင်တက်သွားငါ။ ဝရုန်းသုန်းကားမေးကြည့်လိုက်တော့ ဟုတ်ပါသည်။ ဆွဲ့အကာ ကြောင်ငေးနေမိ၏။ ဘာတွေဖြစ်ကုန်ပြီလဲ။

ရပ်ကွက်လူကြီးဦးမျိုးတင့်က ဦးလေးကိုကြည့်ကာ –

"ကိုအောင်သိန်းကိုတော့ အားနာပါတယ်။ ဒီသူငယ်ကို ကောင်မလေးမိဘတွေက တိုင်ချက်ဖွင့်ထားလို့ဗျ"

"ဘာ ... ဘာတိုင်ချက်လဲဗျာ၊ ကျွန်တော် နားမရှင်းလို့ပါ"

ခင်မောင်ဖော်အပြောကို စခန်းမှူးဖြစ်ဟန်တူသော လူကြီးက ...

"မောင်ရင် ... နှင်းဝါဆိုတဲ့ကောင်မလေးကို သိပါတယ်နော်"

"ဟုတ် ... ဟုတ်ကဲ့"

"အင်း ... အဲဒါ သူ့အမေက မောင်ရင့်ကို ဖြားယောင်းသွေးဆောင်မှုနဲ့ တိုင်ချက်ဖွင့်ထားတယ်"

"ဗျာ"

●



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ဘာမှမတတ်နိုင်ဘူး ခင်မောင်ဇော်ရယ်။ နှင်းဝါ ကား ပေါ်ရောက်မှ သူ့အမေတို့က အချိန်ကိုက်ရောက်လာကြတာ။ နှင်းဝါလည်း ငိုလိုက်တာ မပြောနဲ့တော့"

ချိုချိုမာစကားဆုံးတော့ ကျော်စိုးက ခံပြင်းဟန်ဖြင့် –

"တောက်!...ဒါ သိသိနဲ့ မင်းကို အချုပ်ထဲပို့ချင်လို့ စောင့်ဖမ်းတာကွ။ ငါကွာ"

"သူ့အန်တီလေးဆိုတာလည်း ကြီးရာပါလားမသိဘူး။ ငါတော့ နှင်းဝါလေးကို သနားတာပဲဟာယ်"

"ငါ လုံးဝမကျေနပ်ဘူး ဟော့ကောင်၊ မင်း ဒီလိုဖြစ်တာ နှင်းဝါ တောင် သိမှာမဟုတ်ဘူးကွ"

ခံပြင်းမှုကိုယ်စီနှင့် အားလုံး ဝမ်းနည်းနေကြသည်။ အချုပ်ခန်းသံ တိုင်အပြင်ဘက်မှ သူငယ်ချင်းများကို ခင်မောင်ဇော် စကားမဆိုမိ။ ဘယ်သူ့ကိုမှလည်း မနာကြည်းချင်တော့ပါ။ ကူညီခွင့်ရသော်လည်း ခုလို ဖြစ်သွားသည့်အတွက် နှင်းဝါကိုပဲ စိတ်ထဲက ကြေကြေကွဲကွဲ တောင်းပန် နေမိသည်။ သူ့အဖြစ်ကို နှင်းဝါမသိတာလည်း ကောင်းသည်။ မဟုတ်လျှင် ခံစားနေရဦးမည်။

"ဘယ်လိုဖြစ်ရတာလဲ ခင်မောင်ဇော်ရယ်"

အသံကြားသဖြင့် ကြည့်လိုက်တော့ ဦးလေးနှင့်အတူ နန္ဒာငြိမ်း ငြိမ်းမြတ်ကို တွေ့လိုက်ရသည်။ ဘယ်လိုသိသွားတာလဲဟု တွေးနေစဉ်မှာပဲ နန္ဒာငြိမ်းငြိမ်းမြတ်က စိတ်မကောင်းစွာကြည့်ရင်း –



www.burmeseclassic.com

www.burmeseclassic.com



"ငါ မနက်ဖြန်ပြန်တော့မလို့ နှင့်အိမ်ကို လာနှုတ်ဆက်တာ။ ဦးလေး အကျိုးအကြောင်းပြောပြလို့ လိုက်လာတာဟ။ ဘယ်လိုတွေ ဖြစ်ကုန်တာလဲဟယ်။ မထိတ်သာမလန့်သာနဲ့"

ခင်မောင်ဇော် ဘာမှမပြောဘဲ ကျော်စိုးက ဖြတ်ပြီး –

"တမင်သက်သက် ဒီကောင်ကို လုပ်ကြံတာပါဗျာ"

"ကျော်စိုး တော်တော့၊ စခန်းထဲမှာ ဒေါသထွက်မနေနဲ့။ မင်းကိုပါ ထည့်ထားဦးမယ်"

ခင်မောင်ဇော်ပြောရင်းနှင့် နန္ဒာငြိမ်းငြိမ်းမြတ်ဘက်လှည့်ကာ –

"မြင်တဲ့အတိုင်းပဲ နန္ဒာရေ၊ ငါဆိုတဲ့ကောင်က မြို့ချစ်စိတ် ရှိတယ်ဟ။ အချုပ်ကျတာတောင် ကိုယ့်မြို့ကိုယ်ပြန်လာပြီး ကျပစ်တာ"

ရယ်ဟာဟာနှင့် ခင်မောင်ဇော်က ဟာသဖောက်လိုက်သော်လည်း ဘယ်သူမှ လိုက်မရယ်ကြ။ ကိုယ်စီကိုယ်ငှ ဝမ်းနည်းနေကြသည်။ ဒီတစ်ခါတော့ ဦးအောင်သိန်းလည်း တူတော်မောင်အဖြစ်ကို ဒါ . . . ဝတ္ထုပဲဟု၍ မတွေးရက်တော့ပါ။

●

ရန်ကုန်သို့ထွက်ခွာမည့် ခရီးသည်တင်လေယာဉ်ကြီးက ပျံသန်းရန် အသင့်ဖြစ်နေပြီ။ ခရီးသည်များကလည်း တဖွဲဖွဲ။ ကမ်းခြေသို့ အပန်းဖြေ ရန်လာသူများ။ ရောဂါကြောင့် အနားယူရန်လာသူများ။ ဟန်းနီးမွန်းထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ကြသည့် ချစ်စဦးအတွဲများ။ မြို့ကလေးသို့ အလုပ်ကိစ္စဖြင့် လာရောက်သူများလည်း ကမ်းခြေကိုနှုတ်ဆက်ကာ ပြန်ကြတော့မည်။

ကမ်းခြေနှင့်ပင်လယ်ကြီးက လေယာဉ်ပျံကို ငဲ့စောင်းကြည့်နေ၏။ ထိုလေယာဉ်ထဲတွင် နန္ဒာငြိမ်းငြိမ်းမြတ်လည်း ငြိမ်သက်စွာ ရှိနေသည်။ ရင်ထဲမှာ အတွေးတွေလည်း ဝေနေ၏။ လေယာဉ်မယ်လေး၏သတိပေး ကြေညာသံကို ကြားရပြီ။

သူ့ဘေးနားက ကပ်လျက်ခုံမှာလာထိုင်သည့် ခရီးသည်ကို အမှတ်မထင် ကြည့်မိလိုက်သည်။

"ဟင်"

လေယာဉ်ပျံကြီးက အမှတ်တရများကို သိမ်းမိုးထားသည့် ကောင်းကင်အောက်မှာ ကူးခတ်ပျံသန်းနေသည်။ တိမ်ပင်လယ်ထဲ မျောလွင့်လိုက်ပါသွားသည့် လူများ၏ရင်ထဲမှာလည်း အမှတ်တရကိုယ်စီ ရှိနိုင်ပါ၏။

မြို့ကလေးက ဝေး၍ ဝေး၍ ကျန်ခဲ့ပြီး လေယာဉ်ပျံကြီး ထိုးခွဲမျောက်ကွယ်သွားသည့် ကောင်းကင်ထဲမှာတော့ ငွေရည်ဖွဲ့မိုးတိမ်တစ်အုပ်က ကောင်းကင်အနာရွတ်အဖြစ် ဖြစ်တွန်းနေလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

မြို့ကလေးမှာ သုံးလလောက်နေပြီးမှ ခင်မောင်ဇော် ပြန်လာခဲ့သည်။ အရာခပ်သိမ်းကို မေ့မပစ်နိုင်သေးသော်လည်း ရင်ထဲက အနာတာ သတိရခြင်း အသားမာတွေ တက်ခဲ့ပြီ။ အမှတ်တရကို တစ်ဖက်သတ် ခွဲ ဝေယူပြီး ရင်ထဲက အကြောင်းအရာများကိုလည်း ရေးခြစ်ပြီးခဲ့ပြီ။

ဒီအချိန်မှာ သူရေးလိုက်သည့်ဝတ္ထုကို ဖတ်မိပါက နှင်းဝါ ဘာတွေ တွေးနေမည်နည်း။ တိုက်ဆိုင်ခြင်းသက်သက်ဟု ယိုးစွပ်နေမည်လား။ ဒါမှ မဟုတ် တခြားတစ်နေရာက တခြားသူတစ်ယောက်ရဲ့ရင်ခွင်မှာ ပျော်ရွှင် အေးချမ်းနေပြီလား သူ မသိနိုင်တော့ပါ။ ခံစားချက်ကို စကားလုံးများအဖြစ် အသွင်ပြောင်းလိုက်သော်လည်း ပေါ့ပါးသွားမည်မဟုတ်မှန်း သိသည့် သို့ပေမဲ့လည်း အရာအားလုံးက ပြီးခဲ့ပြီ ဖြစ်၏။

စာအုပ်ထွက်ပြီး တစ်ပတ်လောက်အကြာမှာ စာအုပ်တိုက်သို့



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဇော် ရောက်သွားသည်။ ဒီတစ်ခါတော့ ဦးအောင်စိုးနှင့်ကိုကြင်စိန် တို့နှစ်ဦးစလုံးအား မြိုင်မြိုင်ဆိုင်ဆိုင်ပဲ တွေ့လိုက်ရသည်။

ခင်မောင်ဇော်ကိုမြင်တော့ ဦးအောင်စိုးက ဝမ်းသာဟန်ဖြင့် –

"လာကွာ စာရေးဆရာ။ မင်းကို ပြောစရာရှိတယ်"

ထိုသို့ပြောပြီး ဆက်မပြောဘဲ ပိုက်ဆံများကို ရေတွက်နေပြန်သည်။ ပြီး ... သူ မတောင်းရဘဲ အလွန်တရာမှထူးဆန်းစွာ ပိုက်ဆံများကို ရှော ရှောရှုရှု လှမ်းပေးပြီး ...

"ရော့ ... မင်း ခုစာအုပ်က အမှာစာတွေရောက်လာလို့ ထပ် ရိုက်ရမယ်၊ စာမူခထပ်ယူသွားဦး"

ခင်မောင်ဇော် အံ့ဩသွားသည်။ သူ့စာအုပ် ရောင်းအားတက်လာ ခြင်းကြောင့် မဟုတ်။ သူထုတ်ဝေသူ ဒီလောက်လက်လွယ်တာကို မမြင်ဖူး၍ ဖြစ်သည်။ ယကြာချေနေတာလားဟု မဆီမဆိုင် စဉ်းစားမိသေး၏။ မည်သို့ပင် ဖြစ်စေ ရင်နှင့်ရင်းထားရသော စာမူခလေးကို ထိုက်ထိုက်တန်တန် ယူရပေ မည်။

"စာရေးဆရာ ... အမှန်ဆို ငါ့ကိုလည်း တစ်ပွဲလောက် ကျွေး သင့်တယ်နော်။ မင်းဝတ္ထုခေါင်းစဉ်ကို ငါ စဉ်းစားပေးထားတာ"

ဦးအောင်စိုးက ပါးနားသပ်ရင်း ပြောနေသေးသည်။ ကျွေးရမည် ပေါ့။ ဒီဇာတ်လမ်းဖြစ်လာဖို့ သူ ဘယ်လောက် ဆိုနင့်ခံစားခဲ့ရသည်ကိုတော့ မပြောပြချင်တော့ပါ။ ခါတိုင်း စာအုပ်ရောင်းအားတက်လျှင် ဘီယာသိုက် တိုက်ခိုင်းသော်လည်း အမြည်းတွေချည်းပဲ နင်းကန်မျိုဆို့တတ်သူ ကိုကြင်စိန်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မျက်မှောင်ကြုတ်ကာ ငြိမ်နေ၍ ခင်မောင်ဇော် အံ့ဩသွားသည်။

အမိဌာန်ဝင်ပြီး ဒီဘဲကြီး သတ်သတ်လွတ်စားနေလို့လား။ မဖြစ်နိုင်ပါ။ ကိုကြင်စိန်က အခါကြီးရက်ကြီးတွေကိုပင် ဘုရားသွား၍ ဥပုသ်စောင့်သူမဟုတ်။ ရည်းစားနှင့်ပန်းခြံ ရုပ်ရှင်ရုံတွေသို့ တက်ကြွစွာ သွားတတ်သူ။

အင်း … ဒါဆိုရင် အစာအိမ်မှာ ရောဂါဖြစ်နေလို့များလား။ ကျေးရှင်ကိုကြည့်ကာ ခင်မောင်ဇော် အတွေးတွေ ဖြာဝေသွားသည်။

ဘာဖြစ်နေသနည်း။

ဦးအောင်စိုး တက်ကြွနေသလောက် ကိုကြင်စိန်က ငြိမ်ကုတ်နေသဖြင့် ခင်မောင်ဇော်က –

"ကိုကြင်စိန် ဘာဖြစ်နေတာလဲဗျ။ ဟဲ ဟဲ … ခင်ဗျား ရည်းစားနဲ့ ကျိုင်တက်နေလို့လား"

"မဟုတ်ပါဘူးကွာ"

ကိုကြင်စိန်က မှုန်တေတေနှင့် ဖြေသည်။ ဘယ်နှာခါကြီးမှန်းလည်း မသိချေ။

ချက်ချင်းဆိုသလို ကိုကြင်စိန်က ထိုင်ရာမှထလိုက်ပြီး …

"ဟေ့ကောင် ခင်မောင်ဇော် … မင်းဆီ ဟန်နီ ဖုန်းဆက်လိမ့်မယ်။ ဒီမှာစောင့်လိုက်"

ပြောပြီး ကမူးရှူးထိုးနှင့် အပြင်ထွက်သွားတော့သည်။ ခင်မောင်ဇော် နားမလည်ဖြစ်သွား၏။ ဟန်နီတဲ့။ ဖုန်းစောင့်ရမည်တဲ့။ ဦးအောင်စိုးကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ ပြုံးစိစိလုပ်နေ၍ –

"ဦးအောင်စိုး ဘယ်ကဖုန်းကို စောင့်ရမှာလဲဗျ"

"မင်းကို ပြောသွားတာပဲ၊ ဟန်နီလေကွာ"

"ဟာ ... ဘယ်က ဟန်နီလဲ။ ယောကျ်ားလား မိန်းမလား"

နဝေတိမ်တောင်မေးလိုက်သဖြင့် ဦးအောင်စိုးက မရိုးမခန့်ကြည့်ကာ စောင်းငမ်းငမ်းဖြင့် –

"ဟ ... ဟန်နီဆိုမှတော့ မိန်းကလေးပေါ့ကွာ။ ဘယ်ယောကျ်ားလေးက ဒီနာမည်ကို ပေးမှာလဲ။ အခြောက်ဆိုရင်တော့ မပြောတတ်ဘူး"

"ဟာဗျာ ... ကျွန်တော်မှ ဟန်နီဆိုတာကို မသိတာ"

ထိုစဉ် ဖုန်းသံမြည်လာ၍ ဦးအောင်စိုးက အသံတိတ်မေးငေါ့ပြသည်။ အူတူတူနှင့် ဖုန်းလှမ်းကိုင်လိုက်တော့ –

"ဟဲလို ... စာရေးဆရာ မိုးစက်ပိုင် နဲ့ ပြောချင်လို့ပါ"

အသံချိုရှရှလေး။ ဟန်နီဆိုတာ မိန်းကလေး။ သေချာသွားပြီ ခင်မောင်ဇော်က –

"ဟုတ်ကဲ့ ... ကျွန်တော် မိုးစက်ပိုင် ပါ။ ဘာကိစ္စလဲ မသိဘူးခင်ဗျ"

"သြော် ... ဆရာခုထွက်ထားတဲ့စာအုပ်လေ၊ အဲဒီဇာတ်လမ်းက တကယ့်အဖြစ်အပျက် ဟုတ်တယ်မဟုတ်လား"

ဗုဒ္ဓေါ။ အတင်းကြီး စွပ်စွဲနေပါလား။ ခင်မောင်ဇော်က မသိကျိုးကျွံပြုကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲခင်ဗျ။ တိုက်ဆိုင်တာဖြစ်မှာပါ။ ဝတ္ထုဆိုတာက"

"လုပ်မနေနဲ့ … ကိုခင်မောင်ဇော် မကောင်းဘူး။ သူများအကြောင်းတွေ ဝတ္ထုရေးပစ်တယ်၊ ဘာတိုက်ဆိုင်တာလဲ"

"ဗျာ"

အသိစိတ်တွေ တုန့်ခါသွား၏။ ဒါ … ဒါဆို နှင်းဝါ၊ ထိပ်တင်ဝင်း ခေါ်ဖူးသည့် ဟန်နီဆိုတာကို သတိပြန်ရလာသည်။ ရင်ထဲမှာ အထိန်းအကွပ်မဲ့ ပျော်ရွှင်သွားတော့၏။ ရင်ခုန်သံ တဒိုင်းဒိုင်းကို ထိန်းရင်း …

"ခု … ခု … ခုပြောနေတာ နှင်းဝါမဟုတ်လား။ ဟုတ်ပါတယ် နှင်းဝါပါနော်"

"ဟွန်း … ခုမှ အသည်းအသန်။ ရန်ကုန်ရောက်တာတောင် ကျွန်မဆီ မဆက်သွယ်ဘူး"

"နှင်းဝါရယ် … ဘယ်လိုပြောလိုက်တာလဲ။ နှင်းဝါ ဘုရားပေါ်မှာ ပြောတုန်းက ရန်ကုန်ရောက်ရင် တစ်ယောက်ယောက်က စောင့်နေမှာဆို"

"အာ … အဲဒါ ကျွန်မသူငယ်ချင်း၊ ခင်ပြည့်ကိုပြောတာ။ သူနဲ့ မလွဲရင် စင်ကာပူကို ခဏလိုက်သွားမလို့လေ။ သေချာလည်း မသိဘဲနဲ့"

"တကယ်၊ တကယ်လားဟင်။ ဟို … ထိပ်တင်ဝင်းကကော"

"ဘာထိပ်တင်ဝင်းမှ မရှိတော့ဘူး။ ပြီးသွားပြီ။ နေစမ်းပါဦး … မှတ်ပုံတင်ရတဲ့နေ့က ဘာဖြစ်လို့ လိုက်မလာတာလဲ"

ခင်မောင်ဇော် လွှမ်းလွှမ်းမောမော ဖြစ်သွား၏။ အသံကိုထိန်းရင်း …



www.burmeseclassic.com

www.burmeseclassic.com



"မခံစားနိုင်လို့ပေါ့ နှင်းဝါရယ်"

"ကျွန်မ အဲဒီညက လာရှာသေးတယ် သိလား"

"အင်း"

"ပြီးတော့ . . . ကိုခင်မောင်ဇော် တစ်ညအချုပ်ခံလိုက်ရတာကို လေယာဉ်ပေါ်ရောက်မှသိရတာ၊ အရမ်းဝမ်းနည်းတာပဲ"

နှင်းဝါအသံက ငိုသံလေးများပါလာသည်။ ခင်မောင်ဇော်က စဉ်းစားလို့မရဘဲ –

"နှင်းဝါ ဘယ်လိုသိသွားတာလဲ"

"လေယာဉ်ပေါ်မှာ ကိုခင်မောင်ဇော်သူငယ်ချင်းနန္ဒာနဲ့ တွေ့တယ်လေ။ သူ အားလုံးပြောပြသွားတာ။ ကိုခင်မောင်ဇော် စာရေးတယ်ဆိုတဲ့ အကြောင်းလည်း ပါတယ်။ ချိုမာတို့လည်း မကောင်းဘူး။ ကျွန်မကို ဖုံးထားကြတယ်"

"အဲဒါက ကျွန်တော် မပြောခိုင်းတာပါ နှင်းဝါရယ်။ တော်ကြာ ဇာတ်လမ်းရှုပ်တယ် ထင်နေမှာစိုးလို့"

"ဟွန်း . . . ဒါဆို ခုဘာဖြစ်လို့ရေးလဲ ပြော"

"ဝေးရပြီဆိုတော့ မခံစားနိုင်လို့ပေါ့ဗျာ။ ဒီလောက်တော့ ဖြေသိမ့်ခွင့်လေးပေးပေါ့၊ ပြီးတော့ နှင်းဝါကို ကျွန်တော်အရမ်း"

"နေဦး . . . နေဦး . . . မပြောနဲ့ဦး"

ပြောလက်စ စကားက နင်သွားရသည်။ ခင်မောင်ဇော်က အားမလို အားမရနှင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘာဖြစ်လို့လဲ၊ မနေနိုင်တော့ဘူး နှင်းဝါရေ။ ကျွန်တော်"

"ဟုတ်ပါပြီ ... ကိုခင်မောင်ဇော်က ဖုန်းထဲကပဲ ပြောတော့မှာလား"

"ဟာ ... ဆောရီး၊ ဆောရီး။ နှင်းဝါ အခု ဘယ်မှာလဲ။ ကျွန်တော် ပြေးလာခဲ့မယ်"

ကမူးရှူးထိုးပင် ပြောလိုက်တော့သည်။ နှင်းဝါ၏ရယ်သံ ချိုလွင်လွင်လေးက ...

"ခစ် ခစ် ... အတင်းကြီးပဲ။ ကျွန်မ နေပြည်တော်ရုံးဘေးနားက Cafe Aroma မှာရှိတယ်"

"လာပြီ ... ခုလာပြီ"

ဖုန်းချကာ ဝရန်းသုန်းကား ပြေးထွက်ရန် ပြင်ပြီးမှ သတိရသွား၍ ...

"ဦးအောင်စိုး ... ကိုကြင်စိန်နဲ့ နှင်းဝါ၊ အဲ ... ဟန်နီက"

"သူညီမဝမ်းကွဲကွ။ သူ့အလှည့်ကျမှ ဒီကောင်ဖင်ကျိုန်းပြီး ထထွက်သွားတာ ... ဟား ဟား"

ဦးအောင်စိုး၏ရယ်သံကို ဆုံးအောင်နားမထောင်နိုင်တော့။ အရေးသောပါး ပြေးထွက်ခဲ့တော့သည်။

ဆိုင်လေးထဲ အပြေးတစ်ပိုင်းဖြင့် လှမ်းဝင်လာသော ခင်မောင်ဇော်ကိုကြည့်ကာ နှင်းဝါရင်တွေ တလှပ်လှပ်ခုန်နေသည်။ တကယ်တမ်း တွေ့လိုက်ရတော့လည်း မျက်နှာပေါ် ရှက်ရောင်ရှက်သွေးများဖြင့် ခိုးထွက်ကာ မကြည့်ရဲတော့ချေ။

www.burmeseclassic.com



ကယောင်ချောက်ချားဖြင့် ချစ်သူဆီမှ အကြည့်ကိုလွှဲရင်း ဆိုင်အပြင်ဘက်ကောင်းကင်ကို လှမ်းကြည့်မိသည်။

အပြာစင်စင် ကောင်းကင်ထဲမှာ တိမ်ပျို့တစ်အုပ်က ငွေ့ရည်ဖွဲ့နေပြန်သည်။ သူတို့ရင်ထဲမှာလည်း အချစ်ဆိုသော ရာသီဥတုတစ်ခုက ဖြစ်ထွန်းလာခဲ့ပြီ။

လေးစားစွာ

မိုးဝါခိုင်

www.burmeseclassic.com

www.burmeseclassic.com

## သူရ (၁၂) မောင်ကြီးသင်တန်းဆင်း သူငယ်ချင်းများ

၁။ ရဲမှူးကြီးခင်မောင်ဖော် (ငြိမ်း)
၂။ ရဲမှူးကြီးကျော်စိုး (ငြိမ်း)
၃။ ဒုရဲမှူးကြီးအောင်သန်းဦး (ငြိမ်း)
၄။ ဒုရဲမှူးကြီးညွန့်လှိုင် (ငြိမ်း)
၅။ ရေဆင် (ခ) မြဝင်း ကာသ (၆၉)
၆။ တာတီး (ခ) စိုးဝင်း ကာသ (၇၇)
၇။ တောကျိုးကန်း (ခ) လှမျိုးမြင့် ကာသ (၉၁)
၈။ ခြေမကြီး (ခ) မျိုးတင့် ကာသ (၁၀၂)
၉။ ကမန်းကတန်း (ခ) ကြင်စိန် ကာသ (၁၀၅)
၁၀။ သူကြီး (ခ) အောင်သိန်း ကာသ (၁၃၃)

သူငယ်ချင်းများအား အမှတ်တရ
ချစ်ကောရှိတ် (ခ) အောင်စိုး ကာသ (၃၉)

(ထုတ်ဝေသူ)

www.burmeseclassic.com